
www.burmeseclassic.com

# နိုကိုရူးဇင်

## သူ့မျက်ဝန်းစိမ်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နိုကိုဗူးဇင်

## သူ့မျက်ဝန်းစိမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀/ ၂၀၀၄ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၈၃/ ၂၀၀၄ (၆)

၂၀၀၆ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

BURMESE CLASSIC

# နိုကိုဗူးဇင်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အခန်း(၁)

နက်နက်နဲ ခြေလှမ်းတွေ သွက်နေသည်။

မမဂျယ်လီ တည်ထောင်ထားသော ပုဂ္ဂလိကစုံစမ်းထောက်လှမ်းရေးမှ တာဝန်ခံမလေးတစ်ယောက်ဖြစ်သည်။

လှပသော ...

အိစက်သော ...

ချောမောသော ...

မြင်သူငေးကြည့်လောက်အောင် ချောမောလှပတဲ့ မိန်းကလေး။

မမဂျယ်လီက အထူးတာဝန်ရှိသည်ဟူ၍ သူမ တန်းမှန်းကို လှမ်းဆက်သဖြင့် အရောက်လာခဲ့ခြင်းဖြစ်သည်။

နက်နက်နဲ ဝါသနာပါလွန်းသော အလုပ်ဖြစ်၍ တာဝန်တစ်ခုကို ပေးအပ်လာလျှင် ဘယ်တော့မှ မညည်းညူတတ်ခဲ့ပေ။

www.burmeseclassic.com



စွမ်းစွမ်းတမံ ကြိုးစားခဲ့သည်။

သူမအား ငယ်စဉ်လေးတည်းက ပြုစုပျိုးထောင်လာတာက အဖေပဲ။

ကိုယ်ခံပညာတွေကို ငယ်စဉ်လေးတည်းက သင်ကြားတတ်မြောက်လာခဲ့သော အဖေက နက်နက်နီကိုလည်း သင်ကြားလေ့ကျင့်ပေးခဲ့သည်။

သူမ ကိုယ်တိုင်လည်း ဝါသနာပါ၍ လေ့ကျင့်ခဲ့၏။

အထူးကျွမ်းကျင်ခဲ့သည်။

ဖေဖေက ရဲအရာရှိ အငြိမ်းစားဖြစ်နေ၍ နက်နက်နီကို အားပေးကူညီနိုင်၏။

နက်နက်နီ ငယ်စဉ်လေးတည်းက ရဲဝန်ထမ်းဖြစ်တဲ့ အဖေနှင့်အတူ နေထိုင်ကြီးပြင်းလာရ၍ အမှုမျိုးစုံနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ဥပဒေပညာနဲ့ ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်သောအခါ နက်နက်နီ ဝါသနာပါသော အလုပ်ဖြစ်၍ အံဝင်ခွင်ကျ ဖြစ်သွားရ၏။

နက်နက်နီ ဘဝမှာ အချစ်ရေး၊ အိမ်ထောင်ရေးတွေ မစဉ်းစားနိုင်။

အလုပ်တာဝန်ကိုပဲ စိတ်ဝင်စားတတ်သော မိန်းကလေးဖြစ်နေသည်။

တာဝန်တွေ တစ်ခုပြီးတစ်ခု ပြီးသွားခဲ့၏။

တစ်ရံတစ်ခါ ...



သံယောဇဉ်တွယ်ငြိစရာတွေနှင့်လည်း ကြုံတွေ့ခဲ့ရဖူးသည်။

အချစ်ဆိုတဲ့ ခံစားမှုကို အလွန်အမင်း မခံစားမိအောင်တော့ ကြိုးစားနေရ၏။

သူမဘဝကို တစ်သက်လုံး နားလည်ခွင့်လွှတ်ပေးနိုင်ဖို့က မလွယ်ပေ။

အိမ်မှာနေတာ မရှိ။

တစ်နှစ်၊ နှစ်နှစ်လောက်အထိ တာဝန်ထမ်းဆောင်ရတတ်တာမျိုးလည်း ရှိတတ်သည်။

အိမ်ထောင်ပြုလိုက်လျှင် ထိုကဲ့သို့ အလုပ်တွေကို လုပ်နိုင်မှာမဟုတ်။

နက်နက်နီ အချစ်ရေးတွေ ဘာတွေကိုလည်း မစဉ်းစားချင်ပေ။

ခြေလှမ်းတွေ သွက်နေသည်။

မမဂျယ်လီက အရေးကြီး၍ အမြန်ဆုံးလာခဲ့တဲ့။

အေးဂျင့်သို့ ရောက်လာသည်။

မမဂျယ်လီက နက်နက်နီအား အဆင်သင့် စောင့်နေ၏။

"နက်နက်နီ ရောက်ပြီလား"

နက်နက်နီဆို သူမနာမည်အရင်းတော့ မဟုတ်ပေ။

လုပ်ငန်းမှာ သုံးတဲ့နာမည်။

နာမည်အရင်းက လမင်းချိုပါ။

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"

"အမိန့်ရှိပါ မမ"

"အားတော့နာတယ်ကွယ်၊ အလုပ်တစ်ခု ပေါ်လာလို့"

သူမ ...

တာဝန်တစ်ခု ထမ်းဆောင်ပြီးတာ တစ်ပတ်ပဲရှိသေးသည်။

ဖြူဖွေးစင်နင့် ကိုဖျံလေးတို့ကိုပင် မေ့ပစ်လို့မရသေးပေ။

ကိုဖျံလေးက သူမအား ဆက်သွယ်လာခဲ့ပေမဲ့ သူမကတော့ မေ့ပစ်ဖို့ပဲ ကြိုးစားရသည်။

ကျွန်မ ...

အိမ်ထောင်ပြုလို့ မဖြစ်ပါဘူး။

ကျွန်မဘဝကို နားလည်မဲ့ အိမ်ထောင်ဖက်ဆိုတာ မရှိနိုင်ပါဘူးလေ။

"မမကလည်း နက်နက်ကိုပဲ အားကိုးတော့"

"အားမနာပါနဲ့ မမ၊ နက်နက်ကို ဘယ်လိုတာဝန်မျိုးပဲ ပေးပေး နက်နက် ကျေနပ်ပါတယ်"

တိုင်းပြည်နဲ့လူမျိုးအတွက် မကောင်းမှုဒုစရိုက်သမားကို ဖယ်ရှားရှင်းလင်းဖို့ နက်နက် တာဝန်ယူချင်သည်။

အာတ်တစ်ချပ် ...

သဲတစ်မှုင့်လောက်ပဲဖြစ်ဖြစ် ...

နက်နက် တာဝန်ယူချင်သည်။



ပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ဖို့ နက်နက်က အသင့်ပဲ။

အမြဲတမ်း ...

ရှင်လန်းတက်ကြွနေတတ်တဲ့ နက်နက်ကို မမဂျယ်လီ သဘောကျမိသည်။

"ဘယ်လိုတာဝန်အကြောင်းကိစ္စမျိုးပဲဖြစ်ဖြစ် မမကတော့ နက်နက်နီကိုပဲ သတိရနေမိတာပဲကွယ်"

"နက်နက်ကလည်း ပေးအပ်မဲ့ အလုပ်တာဝန်တွေကို ကျေနပ်စွာ မျှော်လင့်နေတာပါ မမ"

"နက်နက် တကယ်တက်ကြွတာပါပဲလား"

"အဟုတ်"

နက်နက် ရယ်မိသည်။ မမဂျယ်လီက နက်နက်ကို သော့တိုင်း အမြဲတမ်းချီးမွမ်းနေတတ်၏။

"နက်နက်နီ"

"အမိန့်ရှိပါ မမ"

"မမဆီကို မမရဲ့ ငယ်သူငယ်ချင်းတစ်ယောက် လာတယ်"

"ဟုတ်ကဲ့"

"လုပ်ငန်းတစ်ခု လာပြီးအပ်တယ်ဆိုပါတော့"

"မမ မိတ်ဆွေဆိုတာ အတော်လေး ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေနော်"

"မမ"

"ဟင်"

"မမ ချစ်သူလား"

www.burmeseclassic.com

www.burmeseclassic.com



မမက နက်နက်နီကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"မင်းက တော်လှချည်လား နက်နက်"

"မမနဲ့ ပေါင်းလာတာကြာပြီလေ၊ မမက အမြဲတမ်း အလုပ်ထဲမှာပဲ စိတ်ကို နှစ်ထားပြီး ယောက်ျားလေးမိတ်ဆွေလည်း ရှိမှ မရှိတာ"

အမျိုးသားတစ်ယောက်နှင့် တွဲနေကြောင်း သတင်းရထားသည်။

"ဟုတ်တယ် နက်နက်၊ သူက ကိုနန္ဒတဲ့၊ မမနဲ့ ကျောင်းနေကတည်းက တွဲလာခဲ့ကြတဲ့ ချစ်သူတွေပဲ"

မမဂျယ်လီသည် အလွန်လျှို့ဝှက်စွာနေတတ်သူဖြစ်သည်။

စကားနည်း၏။

လိုအပ်မှ ပြောဆိုတတ်သည်။

ချောမောလှပသော မမဂျယ်လီသည် ဆွဲဆောင်မှုရှိသော မိန်းမတစ်ယောက်သာ ဖြစ်နေ၏။

"နက်နက်နီ"

"ရှင်"

"ကိုနန္ဒနဲ့ ပတ်သက်နေတဲ့ အမှုပဲ"

"အမိန့်ရှိပါ မမ"

"အမှုအကြောင်း မပြောခင် မမချစ်သူ ကိုနန္ဒအကြောင်း သိအောင် ပြောပြမယ်"

"ဟုတ်"



"ကိုနန္ဒနဲ့မမက ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်တော့ တွေ့ကြတာ"

မမဂျယ်လီလည်း ဥပဒေကျောင်းသူတစ်ယောက်ဖြစ်သည်။

"မမနဲ့ သူ တွေ့ဆုံပြီး ချစ်သူတွေ ဖြစ်သွားကြတယ် နက်နက်"

"ဟုတ်"

"ကိုနန္ဒက အရမ်းချောတယ်၊ အတန်းထဲမှာ ပေါ်ပြူလာဖြစ်တဲ့ ယောက်ျားပဲ"

"ဟုတ်ကဲ့"

"အရမ်းလည်း ပိုက်ဆံချမ်းသာတယ်"

မမဂျယ်လီက ချစ်သူအကြောင်းပြောတော့ မျက်ဝန်းတွေက ရီဝေစိုစွတ်နေသည်။

တည်ငြိမ်မှုတော့ရှိ၏။

အမြဲတမ်း ...

တပည့်တပန်းတွေအပေါ် ခေါင်းဆောင်မှု ပေးနိုင်စွမ်းပြီး အေးစက်တည်ငြိမ်စွာ ဆုံးဖြတ်မှုပေးနိုင်ခဲ့သည်။

"မမတို့ ဘွဲ့ရပြီးတော့ တစ်ယောက်နဲ့တစ်ယောက် နယ်လှရင်း ဝေးခဲ့ရတယ်၊ ကိုနန္ဒက လက်ထပ်ပြီး မိဘတွေရှိတဲ့ ကျောက်မဲကို ပြန်မယ်တဲ့၊ မမက ဒီမှာပဲ နေတယ်၊ ဥပဒေဝန်ထမ်းလုပ်မယ်ပေါ့"

ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ မမတို့ လက်မထပ်ဖြစ်ဘဲ ဝေးခဲ့ရတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မမနဲ့ ကိုနန္ဒက သိပ်ချစ်ကြတဲ့ ချစ်သူတွေ"

မမ အကြည့်တွေက ရီဝေနေသည်။

နှုတ်ခမ်းလှလှလေးက တင်းတင်းလေး စေ့ကပ်နေသလိုပင်။

"ကိုနန္ဒက နည်းနည်းတော့ အတ္တကြီးတယ်လို့ မမထင်တယ်"

"ရှင်"

"ဒါကြောင့်လည်း မမတို့ အဆက်အသွယ် ပြတ်သွားကြတာပဲ"

မမဂျယ်လီမှာ ချစ်သူရှိနေကြောင်း ဘယ်သူမှ မသိကြပေ။

တစ်ခွန်းတစ်ပါဒမှလည်း မပြောခဲ့။

"လေးနှစ်လောက် အဆက်အသွယ် ပြတ်နေပြီးမှ မမကို လာပြီး ဆက်သွယ်တယ် နက်နက်"

"ဟုတ်ကဲ့"

"မမကလည်း ကိုနန္ဒက အချစ်ဦးဆိုတော့ မမေ့နိုင်တာ ဝန်ခံပါတယ်လေ"

မမတို့ တွဲနေကြတာ တစ်ပတ်လောက်ပင် ရှိနေပြီဖြစ်သည်။

"မမကို လက်ထပ်ခွင့်တောင်းတယ်၊ ပြီးတော့ သူ့အိမ်တွင်း ရေးပြဿနာတစ်ခု ရင်ဖွင့်တယ်"

"ဟုတ်ကဲ့"

"ကိုနန္ဒရဲ့ညီ ကိုသုတက စိတ်ဝေဒနာရှင်တဲ့"



"အမိန့်ရှိပါ မမ"

အဖြစ်အပျက်တွေက စိတ်ဝင်စားစရာကောင်းသည်ဟု ထင်မိသည်။

"ကိုနန္ဒမှာ အစ်မကြီးစန္ဒီက အမွေတွေ အားလုံးကို လက်ဝါးကြီးအုပ်ဖို့ ကြိုးစားနေတာတဲ့"

"စိတ်ဝင်စားစရာပဲနော် မမ"

"အရေးကြီးတာက မောင်သုတရဲ့ အသက်အန္တရာယ်ပဲတဲ့"

"ဟုတ်ကဲ့ မမ"

"မမစန္ဒီက မောင်သုတကို အမွေမပေးချင်ဘူး၊ ရောဂါဝေဒနာတွေ ခံစားပြီး သေစေချင်တဲ့သဘော ရှိတယ်၊ ပစ်လည်းထားတယ်လေ"

"ဖြစ်မှဖြစ်ရလေ မမရယ်၊ အတ္တကြီးလိုက်တာနော်၊ အစ်မဖြစ်ပြီး ရက်စက်တယ်"

"အဲဒီအစ်မက ဖအေတူ အမေကွဲလေ၊ မိဘတွေ မရှိတော့ အမွေဆိုင်အိမ်ကြီးထဲမှာ အတူနေကြတာပါ"

ကိုနန္ဒက သူ့မိသားစုအကြောင်းတွေ အရင်ကလုံးဝ မပြောခဲ့ဘူးဟု မမက ပြောသည်။

"အခုတော့ အမှုက တဖြည်းဖြည်း ရှုပ်ထွေးလာပြီတဲ့၊ သူ့ညီအရင်း သုတအတွက် အကာအကွယ်ပေးဖို့ပါပဲ"

"ကျွန်မတို့ ဘယ်လိုအကာအကွယ် ပေးရမှာလဲ"

"မောင်သုတကို ပြုစုစောင့်ရှောက်ဖို့ နာ့စ်အနေနဲ့လေ နက်နက်"

"သူနာပြုအနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အမွေတွေ မခွဲဝေခင် အချိန်လောက်အထိပဲပေါ့"

နက်နက်ကတော့ အေးဂျင့်ကပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

ဘယ်လိုတာဝန်ပဲ ပေးအပ်ပါစေ လက်ခံရမှာပဲဖြစ်၏။

"နက်နက်က သူနာပြုသင်တန်းလည်း ဆင်းထားတော့ အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာပါ"

နက်နက် ဘွဲ့ရပြီးတော့ ဆေးခန်းကြီးတစ်ခုက ဖွင့်လှစ်တဲ့ သူနာပြုသင်တန်းကို အပျော်သဘော တက်ထားခဲ့သည်။

ဘယ်အရာမဆို တတ်မြောက်ထားအောင် သင်ကြားထားတတ်တာ နက်နက်ရဲ့ အကျင့်တစ်ခုပဲဖြစ်၏။

"မောင်သုတကို စောင့်ရှောက်ဖို့ နာ့စ်အဖြစ် သွားပြီးလုပ်ရင်း မောင်သုတကို အကာအကွယ်ပေးရမယ်လေ"

ကိုသုတက စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်ကြောင်း မမက ပြောပြသည်။

"ယဉ်ယဉ်လေးပဲ၊ တစ်ခါတစ်ရံ စိတ်မထင်ရင်တော့ ကြမ်းတတ်တယ်"

နက်နက် တွန့်သွားမိသည်။

လူဆိုးလူမိုက် ဒုစရိုက်သမားတွေနဲ့ပဲ ရင်ဆိုင်ပစ်လိုက်ချင်၏။

အခု ...

နက်နက် ရင်ဆိုင်ရမှာက ...

စိတ်ဝေဒနာရှင်တစ်ယောက် ...



"မောင်သုတကိုတော့ လောလောဆယ် အိမ်ဖော်မလေး ဂျင်မက ပြုစုစောင့်ရှောက်နေတယ်တဲ့"

"ဂျင်မ"

"အင်း"

"အိမ်ဖော်နာမည်ကလဲ"

"နည်းနည်းတော့ လည်တယ် နက်နက်၊ ဒါကြောင့်လည်း ကိုနန္ဒက စိတ်မချတာပဲ"

"ကိုနန္ဒက ပြုစုပါလား မမ"

"ကိုနန္ဒက တစ်ခါတလေ စီးပွားရေးလည်း လုပ်ရသေးတော့ အချိန်ပြည့်မကြည့်နိုင်ဘူး၊ အဓိက လိုအပ်တာကတော့ မောင်သုတကို အကာအကွယ်ပေးဖို့ပဲလေ"

"နက်နက် သဘောပေါက်နားလည်ပါပြီ မမ၊ ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်"

"နက်နက်"

"ရှင်"

"အသေးစိတ်ကိုတော့ ဟိုရောက်မှ လေ့လာပေါ့၊ ကိုနန္ဒရဲ့ မိသားစုက အတော်လေး ရှုပ်ထွေးနေတယ်လို့ ပြောနေတယ်"

"နက်နက်က ကိုသုတကို အကာအကွယ်ပေးရုံပဲလား"

"လိုအပ်သလို အကူအညီပေးပေါ့၊ မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ရင်တော့ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဖယ်ရှားပစ်ရမယ်"

"နက်နက် နားလည်သဘောပေါက်ပါပြီ မမ"

www.burmeseclassic.com

www.burmeseclassic.com



“မောင်သုတကို ဆေးကုတဲ့ ဆရာဝန်တော့ ရှိတယ်၊ မကြာမကြာ လာကြည့်ပေးတယ်၊ မမစန္ဒီက ဆေးတောင် ကုမပေးချင်တော့ဘူးတဲ့”

“သနားစရာပဲနော် မမ”

“အစကတော့ သူ့မိသားစုဆီကို ခေါ်လို့ မမ သဘောမကျခဲ့တာပဲ နက်နက်၊ ပြန်ကြည့်တော့လည်း ကိုနန္ဒ အရမ်းခံစားနေရမှာပဲလို့ တွေးမိလာတယ်”

“နက်နက် တာဝန်ယူပါတယ်၊ မမအတွက်လည်း ကူညီရရောက်ပါတယ်နော်”

“တာဝန်တွေပြီးဆုံးအောင် ထမ်းဆောင်ပါ နက်နက်၊ မိသားစုအမွေကိစ္စတွေ ပြီးသွားရင် မမတို့ လက်ထပ်ကြတော့မယ်”

မမဂျယ်လီ ပေးအပ်တဲ့ တာဝန်ကို နက်နက် ဝမ်းသာအားရ လက်ခံမိသည်။

ဘယ်လောက်ပဲ ရှုပ်ထွေးတဲ့ အကြောင်းကိစ္စတွေ ဖြစ်ပါစေ နက်နက်ကတော့ ကျေပွန်အောင် ထမ်းဆောင်ရမည် ဖြစ်၏။

“မမ အားကိုးပါရစေ နက်နက်”

“အိုကေ”

နက်နက် ...

မသွားခင် ...

ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေရသည်။



## အခန်း(၂)

မြသွေးရောင်စံအိမ်ကြီးအကြောင်း နက်နက်နီ တွေးလာမိသည်။

နာမည်ကြီးက တစ်မျိုးကြီးပဲ။

မမဂျယ်လီ ပြောလိုက်တာတော့ အတော်လေး ရှုပ်ထွေးတဲ့ အိမ်ကြီးတစ်အိမ်တဲ့။

ကိုနန္ဒနှင့် နက်နက်နီ မဆုံဖြစ်။

ဓာတ်ပုံပဲ ပြလိုက်သည်။

ယောကျာ်းပီသစွာ ခန့်ညားချောမောသူတစ်ယောက်ပဲ။

“အမွေကိစ္စတွေ ပြီးတာနဲ့ မမတို့ လက်ထပ်ကြမယ် နက်နက်”

မမတောင် အိမ်ထောင်ပြုတော့မယ်။

နက်နက်တို့ဘဝတွေက အိမ်ထောင်ပြုဖို့ အတော်လေး စဉ်းစားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှင်တွေရဲ့ နားလည်ခွင့်လွှတ်မှုတွေကို မရကြ၍ဖြစ်၏။

ကျရာတာဝန်ကို ယောကျ်ားတွေနှင့် ယှဉ်ပြိုင်ထမ်းဆောင်နေရသည်။

“နက်နက်နီက မောင်သုတရဲ့ ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ပေးဖို့အတွက်ပဲ”

မြသွေးရောင်စံအိမ်ကြီးကို သိန်းပေါင်းများစွာနဲ့ ရောင်းဖို့ ညှိနှိုင်းနေကြတာတဲ့။

အမွေတွေ ခွဲကြတော့မည်။

တစ်လအတွင်း အမွေကိစ္စ ပြတ်မှာပါဟု မမက ပြောသည်။

ဒီတစ်ခါ ...

နက်နက်နီ ရင်ဆိုင်ရမှာက လူဆိုးလူမိုက်တွေ မဟုတ်။

သိမ်မွေ့နက်နဲတဲ့ မိသားစုတွေ။

“အဖေ”

“ဟင်”

“ဘယ်ကို သွားမှာလဲ”

“မြသွေးရောင်စံအိမ်”

“ဟင်”

အဖုအထားမောင်းတဲ့ ကောင်လေးက အထိတ်တလန့်နှင့် ကြည့်သည်။



“မြသွေးရောင်စံအိမ်ကြီးကို မင်း သိလို့လား”

“သိတာပေါ့၊ ဒီမြို့မှာ နာမည်ကြီးပဲဟာ၊ အခု အဲဒီမှာ အသုဘဖြစ်နေတယ်”

“ဟင်”

ကိုနန္ဒက ဘာမှ မပြောပေ။

နက်နက်နီကိုလည်း မကြိုနိုင်တော့၍ ကိုယ့်အစီအစဉ်နှင့်ကိုယ် လာပါရန်ပဲ ဖုန်းဆက်အကြောင်းကြားခဲ့သည်။

ကျောက်မဲမြို့လေးရဲ့ လှပတဲ့ ရှုခင်းရှုကွက် တွေကို ဝင် မခံနိုင်တော့။

“မြသွေးရောင်စံအိမ်ကြီးမှာ အသုဘ ဖြစ်နေတယ်ဟုတ်လား၊ ဘယ်သူဆုံးသွားတာလဲ”

“ကိုနန္ဒလေ”

“ဘာ”

“အစ်ကိုလတ်ပေါ့၊ ကိုနန္ဒတဲ့”

“ကိုနန္ဒ”

“ဟုတ်တယ် အစ်မ”

“မင်း ... မင်းက ဒီစံအိမ်ကြီးအကြောင်းကို သိလို့လား”

“သိတာပေါ့၊ အရင်က ဒီစံအိမ်ကြီးမှာ ကျွန်တော် အလုပ်လုပ်ခဲ့တာပဲ၊ အရမ်းဇိမ်ကျတဲ့ မိသားစုတွေပဲဗျ”

ရာသီဥတုက အေးစိမ့်နေပေမဲ့ ရင်ထဲမှာ မှုမှုလောင်င်ကြီး ဖြစ်လာရသည်။

မမအတွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒ ဆုံးသွားပြီတဲ့။

မဖြစ်နိုင်တာပဲ။

လွန်ခဲ့တဲ့ သုံးရက်လောက်ကတောင် ဖုန်းနဲ့ အဆက်အသွယ် လုပ်ခဲ့သေးသည်။

"နက်နက်နဲ အရေးကြီးတဲ့ကိစ္စလေးရှိလို့ လာမကြို နိုင်တော့ဘူး၊ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ လာခဲ့ပါ"

မဖြစ်နိုင်ဘူး။

"မင်း လူမှားတာလား"

"မမှားပါဘူး၊ တစ်မြို့လုံး ပျံ့နေတာပဲဟာ၊ ကိုနန္ဒ ကားအက်စီးဒင့်ဖြစ်ပြီး သေသွားတာ မနက်ကမှဗျ"

"ဟင်"

ဒုက္ခပါပဲ ...

မမကို ဘယ်လိုအသိပေးရမလဲ ...

ကိုနန္ဒနှင့် လက်ထပ်ဖို့ပင် မမ စိတ်ကူးထားပြီးသားဖြစ်သည်။

"ကိုနန္ဒ ကားအက်စီးဒင့်ဖြစ်လို့ ဟုတ်လား"

"ဟုတ်တယ်၊ မနက်ကမှ တစ်မြို့လုံး အုတ်အော်သောင်းနင်းပဲ"

ကိုနန္ဒရယ် ...

ဘယ်လိုဖြစ်ရတာလဲ ...

"ကိုနန္ဒတို့အိမ်မှာက ရှုပ်ထွေးနေတယ်၊ လောဘတွေလည်း အရမ်းတက်နေကြတယ်၊ ကိုနန္ဒ စိတ်ပူတာက သူ့ညီသုတအတွက်ပဲ"



ကိုသုတရော ...

စိတ်ဝေဒနာရှင် ကိုသုတအတွက် အန္တရာယ်တွေ ငိုင်းသွားပြီလား။

စိတ်ပူသွားမိသည်။

အမြန်ရောက်သွားချင်မိ၏။

"ဒီမှာ"

"ဗျာ"

"ကိုသုတဆိုတာရော မင်း သိလား"

"သိတာပေါ့၊ စိတ်ဝေဒနာရှင်တစ်ယောက်ပဲဗျာ၊ အရမ်းသနားဖို့ကောင်းတယ်၊ ကိုနန္ဒ မရှိတော့ ပိုပြီး အကာအကွယ်မဲ့သွားပြီ အစ်မရာ"

ကားမောင်းသမားလေးပင် စိတ်ထိခိုက်ကြေကွဲနေပြင်။

ကိုသုတ ...

မမြင်ဖူးသေးမဲ့ ကိုသုတအတွက် နက်နက်နဲ စိတ်ပူသွားမိသည်။

အမြန်ရောက်ချင်နေမိ၏။

"မြသွေးရောင်ကို အမြန်မောင်းပေးစမ်းပါ"

"အစ်မ"

"ဟင်"

"မြသွေးရောင်ကို ဘာကိစ္စသွားမှာလဲ"

စပ်စုတာကို သဘောမကျသလိုနှင့် နက်နက်ရှိုင်း နှုတ်ဆောင်းထိုးပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မအတွက် စိတ်ပူလို့ပါ မြသွေးရောင်က ရှုပ်တယ်၊ အပြင်လှဝင်လာရင် သိပ်မကြိုက်ချင်ကြဘူး"

"အစ်မက နာစ်ပါ၊ ကိုသုတအတွက် ကိုနန္ဒက ခေါ်ထားလို့ပါ"

"ကောင်းပါတယ် အစ်မ၊ သတိတော့ထားပါ၊ ကိုသုတက အရမ်းသနားစရာကောင်းတဲ့ လူတစ်ယောက်ပါမဲ့"

နက်နက် ငြိမ်သက်နေမိသည်။

မမသာ သိရင် ...

ဘယ်လိုအကြောင်းကြားရမလဲဆိုတာ နက်နက်စဉ်းစားနေမိသည်။

"အစ်မ"

"ဟင်"

"ရှေ့မှာ ရောက်တော့မယ်"

"အင်း"

မြို့အစွန်ကျနေသည်။

ကျောက်မဲမြို့လေးသည် ချစ်စရာကောင်းပြီး အေးချမ်းတဲ့မြို့လေး ဖြစ်၏။

ကားလေးက မြို့အစွန်အထိ မောင်းလာသည်။

"အစ်မ"

"ပြော"

"မြသွေးရောင်မှာ ဒေါ်စန္ဒီရဲ့သား မုဆိုးကြီးသွေးရောင်ဆိုတာ ရှိသေးတယ်"



ကိုနန္ဒက တခြားမိသားစုဝင်တွေအကြောင်း ဘာမှ မပြောပြခဲ့။

မမဂျယ်လီကလည်း မပြောပေ။

ကိုသွေးရောင်တဲ့ ...

"ကိုနန္ဒတို့ ကိုသုတတို့ရဲ့ တူပေါ့၊ တူနဲ့ဦးလေးတွေက အသက်မတိမ်းမယိမ်းပဲ"

သွေးရောင်တဲ့ ...

နာမည်ကြီးကလည်း ...

"သွေးရောင်က စရိုက်အရမ်းကြမ်းပြီး ဘုဆတ်ဆတ်မာကျောကျောကြီး"

ကားမောင်းဒရိုင်ဘာလေးထံမှ သတင်းတွေ အစုံကြားရသည်။

"သွေးရောင်က ဒေါ်စန္ဒီရဲ့အရင်ယောက်ျားနဲ့မွေးတဲ့ သားကြီးပဲ"

"ဟင်"

"နောက်ယောက်ျားနဲ့ မွေးတာက မိန်းကလေး မြကလျာတဲ့၊ အရမ်းခေတ်ဆန်တဲ့ မိန်းကလေးပဲ အစ်မ"

"မောင်လေးကရော ဘာလို့ အလုပ်ကနေ ထွက်လိုက်ရတာလဲ"

"အရမ်းစိတ်ညစ်တာကြောင်းလို့ပါ၊ ကျွန်တော် တစ်နှစ် ကားပဲမောင်းခဲ့တယ်၊ ဒေါ်စန္ဒီက အရမ်းအဆင့်အတန်းခွဲပြီး မာနကြီးလွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



နက်နက်နီ ရှေ့ဆက်ပြီး ဘာလုပ်မလဲဆိုတာ ညွှန်ကြားချက် တောင်းခံရမယ်။

မြသွေးရောင်စံအိမ်ကြီးကို မသက်ာမိပေ။

မြသွေးရောင်စံအိမ်ကြီးထဲမှာ မသမာမှုတွေ ရှိနေပြီဟု ထင်မိသည်။

ကိုသုတက စိတ်ဝေဒနာရှင် ...

ကိုနန္ဒနှင့် သူမ ကိုသုတကို စောင့်ရှောက်ရန် တစ်နှစ်စာချုပ်ချုပ်ခဲ့သည်။

တိုစာချုပ်ကို အကြောင်းပြပြီး ကိုသုတအား စောင့်ရှောက်ရမှာပဲ။

"အစ်မ"

"ဟင်"

"ဟိုမှာ"

သူမ ...

ကြည့်လိုက်မိသည်။

ကြီးမားကျယ်ဝန်းတဲ့ ခြံကြီးထဲက အိမ်အနီရောင်ကြီးတစ်လုံး။

"ရဲတိုက်ကြီးလိုပဲနော်"

"တွေ့တာနဲ့ စိတ်ချောက်ချားစရာကြီးပဲနော် အစ်မ"

"အင်း"

"ကျွန်တော့်လိပ်စာ ယူထားနော်၊ လိုအပ်ရင် အကူအညီတောင်းပါ"



"ကောင်းပါပြီကွယ်"

ကားမောင်းသမားလေးက လိပ်စာပေးသဖြင့် နက်နက် မှတ်ထားလိုက်သည်။

မလွယ်ဘူး။

မြသွေးရောင်ဆိုတဲ့ နာမည်နှင့် လိုက်ဖက်စွာ အနီရောင်တွေပဲ အသုံးပြုထားသည်။

အနီရောင်ခြံဝင်းကြီးသည် သံပြားတွေနှင့် ပိတ်ထား၏။

အတွင်းကို ဘာမှ မမြင်ရ။

"အစ်မ ကျွန်တော် သွားတော့မယ် ... ရလား"

"ရပါတယ်ကွယ်"

ကားသမားလေး ထွက်သွားသည်။

အသုဘအိမ်တဲ့ ...

ခြံဝင်းတံခါးကြီးကို အသေပိတ်ထားတော့သည်။

လူခေါ်ဘဲလ်ကို နက်နက် နှိပ်ပစ်လိုက်၏။

ခြံကြီးထဲမှ လူထွက်လာသည်။

ဒုက္ခပါပဲ။

နက်နက်ကတော့ ဒီထက်ဆိုးဝါးတဲ့အခြေအနေမှာတောင် လူ့ပ်ရှားရန်းကန်လာ၍ အကြောက်အလန့်တော့ မရှိပေ။

ရင်ဆိုင်ဖို့ အသင့်ပြင်ထားသည်။

ကိုနန္ဒက သူ့ညီအတွက် အလွန်အမင်း စိတ်ပူခဲ့သည်။

အခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ညီက ဘာမှ မဖြစ်ဘဲ အစ်ကိုက အကောင်းကြီးကနေ ကွယ်လွန်သွားရသည်။

ဘယ်လိုဖြစ်တာလဲ ...

မသမာမှုတွေပဲလား ...

"တိ ... တိ"

"တိ"

"ဟင်"

သူမအေးနားမှာ ဂျစ်ကားတစ်စီး ရပ်သွားသည်။

ကားကလည်း ခရီးကြမ်းကို မောင်းလာရပုံပင်။

ရွံ့ဗွက်တွေ တစ်ပုံကြီး ပေကပ်နေသည်။

ကားထဲမှ လူတစ်ယောက် ဆင်းလာ၏။

နက်နက်နဲ့ ရွယ်တူလောက် ...

လူငယ်နှငယ်သလောက် မျက်နှာပေါ်မှာ အမွေးအမျှင်တွေနှင့် ကြမ်းတမ်းခက်ထန်တဲ့ လူတစ်ယောက် ဖြစ်နေသည်။

ကိုသွေးရောင်များလား ...

မြသွေးရောင်ခြံကြီးထဲမှာ ယောကျ်ားသုံးယောက်ပဲ ရှိသည်။

ကိုနန္ဒ ...

ကိုသုတ ...

ကိုသွေးရောင် ...

"မင်း ဘယ်သူလဲ"

ရင့်လိုက်တာ ...



ရှင်နဲ့ကျွန်မ ရွယ်တူလောက်ပဲ ရှိနေမှာပါနော်။

"ဟော့ မေးနေတယ်"

မာလိုက်တာ ...

ဒီအိမ်ကလူတွေက အဆင့်အတန်းခွဲခြားတတ်တယ်တဲ့။

"ကျွန်မ နက်နက်နီပါ၊ ဒီအိမ်က ကိုသုတအတွက် သူနာပြုဆရာမပါ"

"ဟင်"

စေ့စေ့ကြည့်သည်။

နက်နက်နီပင် ကျောထဲက စိမ့်သွားပြီး အမြင်ကတ်သွားရ၏။

ဘယ်လိုလူလဲ ...

မသက်ာတဲ့ မျက်လုံးအကြည့်တွေက ကြောက်စရာကောင်းနေသည်။

"လေးလေးနန္ဒ ဌားထားတာလား အမိ"

"ဟုတ်ပါတယ်"

"လေးလေးနန္ဒအကြောင်းရော အမိ ကြားပြီးပြီလား"

"ရှင်"

"ဒီမနက်ပဲ လေးလေးနန္ဒ ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်"

"ရှင်"

နက်နက် သိထားပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

မသိဟန်ဆောင်ပြီး တအံ့တဩနှင့် ကြည့်လိုက်မိသည်။

"ကျွန်မက ကိုသုတအတွက် တစ်နှစ်စာလခယူထားပြီး စာချုပ်ချုပ်ထားပါတယ်"

"ကောင်းပြီလေ အမိ၊ အထဲဝင်ပါ"

"ဟုတ်ကဲ့"

သူ့ကားသံကြားမှ ခြံစောင့်က တံခါးလာဖွင့်ပေးသည်။

စောစောက သူမ ဖွင့်ခိုင်းတော့ တော်တော်နှင့် လာမဖွင့်ပေ။

ဘယ်လိုလူတွေလဲ ...

"အမိ"

"ရှင်"

"အထဲဝင်ပါ"

"ဟုတ်"

သူမ အထဲဝင်လိုက်တဲ့အချိန်တွင် အိမ်ဖော်မလေးတစ်ယောက် ပြေးထွက်လာပြီး ဆီးကြိုနေသည်။

"မမက လေးလေးသုတအတွက် နာ့စ်လား"

"အင်း"

"ကျွန်မက ဂျင်မပါ၊ လေးလေးသုတကို ပြုစုပေးရတဲ့သူပါ"

"ဪ ..."



ဂျင်မဆိုတဲ့ နာမည်ကို နက်နက် ကြားပြီးသားဖြစ်နေသည်။

နည်းနည်းလည်တယ်တဲ့ ...

ပုံစံကတော့ ခပ်သွက်သွက်ကောင်မလေးတစ်ယောက်ဖြစ်သည်။

"လာ မမ"

ဂျင်မက ဦးဆောင်ပြီး အခန်းတစ်ခုထဲသို့ သူမအား ခေါ်ဆောင်သွားသည်။

တိုက်ကြီးထဲမှာ ဘယ်သူမှ မတွေ့ရ။

အသုဘအိမ်တဲ့ ...

အံ့ဩစရာပဲ ...

မြသွေးရောင်ဆိုတဲ့ နာမည်နှင့် လိုက်ဖက်အောင် အနီရောင်တောက်တောက်တွေပဲ အသုံးများနေသည်။

စိတ်ချောက်ချားဖို့ကောင်းလိုက်တာ။

နက်နက်နီအတွက်ကတော့ စိတ်ဝင်စားရသော တိုက်အိမ်ကြီးတစ်အိမ်အဖြစ် သဘောတွေ့သွားမိသည်။

ကိုနန္ဒ ...

ရှင် သေချာရတာ သဘောရိုးမှ ဟုတ်ရဲ့လား။

"အစ်မ ဒီမှာ နေနော်၊ မနက်ဖြန်မှာ အသုဘချဖို့ ရှိနေတယ်၊ အစ်မ ကိုသုတအနားမှာ ရှိနေဖို့တော့ လိုအပ်မယ်ထင်တယ်"

ပြောပြီး ဂျင်မ ခပ်သွက်သွက် ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဒီကောင်မလေးကို လက်ခံလို့ မဖြစ်ဘူးထင်တယ် သား၊ မေမေ လက်မခံချင်ဘူး"

"လေးလေးသုတအတွက် သူနာပြု လိုအပ်နေတာပဲ မေမေ၊ လက်ခံရမယ်"

"သွေးရောင် တို့အိမ်ထဲကို ရှုပ်ရှုပ်ယှက်ယှက် လူတွေ အဝင်ခံလို့ မဖြစ်ဘူး၊ အခုတောင် နန္ဒ သေဆုံးမှုနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်က တစ်မျိုးပြောနေတာ"

ပထွေးဖြစ်သူက မဆီမဆိုင် ဝင်ပြောနေသည်။

သွေးရောင်ကတော့ လေးလေးသုတကို ပြုစုမဲ့လူတစ်ယောက်တော့ ရှိသင့်သည်ဟု ထင်မိ၏။

ပထွေးကို အမြင်ကတ်နေမိသည်။

မြသွေးရောင်ကို သွေးခွဲပစ်ဖို့ အစက လုပ်ဆောင်နေသည်ဟု ထင်မိ၏။



မေမေ့ကြောင့် ...

ညီမလေး မြကလျာရဲ့ မျက်နှာကလည်း ရှိသေး၍ ဘာမှမပြောလိုတော့။

"မေမေ"

"ဘာလဲ သား"

"လေးလေးနန္ဒ စီစဉ်ထားတာပဲ၊ စာချုပ်တစ်နှစ်ချုပ်ထားတယ်တဲ့၊ သားတို့ လက်မခံလို့ မဖြစ်ဘူး၊ တော်ကြာ မေမေတို့ကို ပတ်ဝန်းကျင်က တစ်မျိုးထင်နေဦးမယ်"

ပထွေးဖြစ်သူကို ဘာမှ မပြောဘဲ သွေးရောင် ပြောမိသည်။

မြသွေးရောင်မှာ ရှုပ်ထွေးနေ၏။

လေးလေးနန္ဒကလည်း တစ်ခါတစ်ရံ အတွေးကြီးသည်။

သွေးရောင် အသနားဆုံးက လေးလေးသုတ။

စိတ်ဝေဒနာရှင်တစ်ယောက် ...

အခုဆို ...

အထီးကျန်ဖြစ်ပြီ။

သူနာပြုဆရာမ ရောက်လာတာပဲ ဝမ်းသာလို့မဆုံးအောင် ဖြစ်ရသည်။

သွေးရောင် အကာအကွယ်ပေးရမယ် ...

လေးလေးသုတကို ကယ်တင်ရမယ် ...

စောင့်ရှောက်ရမယ် ...

www.burmeseclassic.com

www.burmeseclassic.com



ရသင့်ရထိုက်တဲ့ အမွေတွေကို ရစေရမယ်။

"မေမေ လေးလေးသုတက မေမေ့မောင်ပါ၊ ပြီးတော့ စိတ်ဝေဒနာရှင်၊ မေမေ့မှာ စောင့်ရှောက်ရမဲ့ဝတ္တရားရှိတယ်၊ သွေးရောင်ကတော့ လေးလေးသုတကို စောင့်ရှောက်မယ်"

သွေးရောင်က ပြတ်သားသည်။

မဟုတ်တာမလုပ်။

မြသွေးရောင်ရဲ့ အမွေစုအများစုကို ရမည့်သူ။

အဘွားကိုယ်တိုင်က ပေးခဲ့တာပါ။

မိသားစုဝင်တွေကို အတွင်းပစ္စည်းတွေ အားလုံး ခွဲစေပေးထားခဲ့ပြီး မြသွေးရောင်အိမ်ကြီးကိုပဲ အမွေဆိုင်အိမ်ကြီး အဖြစ် ရှိနေသည်။

လေးလေးသုတ အမွေတွေကို လေးလေးနန္ဒက ထိန်းသိမ်းထား၏။

အခု ...

လေးလေးနန္ဒ မရှိတော့ဘူးဆိုတော့ သွေးရောင်ပဲ ထိန်းသိမ်းရမည်။

"လေးလေးနန္ဒ အမွေတွေနဲ့ လေးလေးသုတ အမွေတွေ ပေါင်းပြီး ဒီအိမ်ကြီးကို အမ်းမယ် မေမေ"

ဦးကျော့မောင်ကတော့ မကျေမနပ် ဖြစ်မိသည်။

ဒီအမွေတွေအားလုံး မိမိတို့ပဲ ပိုင်ဆိုင်စေချင်၏။

နန္ဒလည်း မရှိတော့ ...



သုတက အရူး ...

စန္ဒီပဲ ရှိတာ ...

သွေးရောင်ကိုတော့ မိမိ မလွန်ဆန်ရဲအောင်ပင် ဖြစ်နေမိသည်။

ဒီကောင်က ကြမ်းတမ်း၏။

မဟုတ်တာ မလုပ်ပေ။

မိမိကိုလည်း သိပ်ပြီး အမြင်မကြည်လင်၍ အသာငြိမ်နေရသည်။

"လေးလေးသုတ အနားမှာ ဆရာမ ရှိသင့်တယ် မေမေ၊ မနှောင့်ယှက်ပါနဲ့၊ ဆရာမကို ဘယ်သူမှ ပြဿနာရှာဖို့ မကြိုးစားကြပါနဲ့၊ ကျွန်တော် လုံးဝ လက်မခံနိုင်ဘူး"

"ကောင်းပြီလေ သား၊ မေမေတော့ ဒီဆရာမကို လှေလာအကဲခတ်ရမယ်၊ တော်ကြာ ရှုပ်ရှုပ်ယှက်ယှက်ဆိုရင်တော့ ဘယ်လိုလုပ်မလဲ"

"ရှုပ်ရှုပ်ယှက်ယှက်ဆိုရင်တော့ အလုပ်ကနေ ထုတ်ပစ်ရမှာပဲ မေမေ၊ ဘာမှ မပူပါနဲ့၊ လေးလေးသုတအတွက် သူနာပြုလိုအပ်တယ်၊ ဆရာဝန်လည်း ပြရမှာပဲ"

ဟိုတစ်ယောက် မရှိတော့လို့ ဒေါ်စန္ဒီ စိတ်အေးရမယ်ထင်တာ၊ သားက အကာအကွယ် ပေးနေပြန်ပြီ။

အမွေက သုတပဲ ရှိတာ။

အရူး ...

ပစ်ထားလိုက်ရင် ပြီးရော ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီက အတွပဲ ...

ငွေတွေအကုန် သိမ်းကျုံးအပိုင်ယူချင်နေမိသည်။

သားမရ ...

လက်မခံပေ။

နန္ဒ ဆုံးသွားပြီ။

မိမိတို့ အမွေတွေ ရချင်၍ နန္ဒ သေပေးရတာပဲဟာ။

"အမွေကိစ္စမှာ သားကတော့ မှုမျှတတပဲ လုပ်ရမယ် မေမေ"

"မေမေက မတရားလုပ်နေတယ်လို့ မင်း ပြောချင်တာလား"

"အမွေကိစ္စမှာ ဦးကျော့မောင် ဝင်မစွက်ဖက်ပါစေနဲ့ မေမေ"

မခံမရပ်နိုင်ပဲ ကျန်ရစ်ခဲ့သူက ဦးကျော့မောင်ပင်ဖြစ်၏။

"မင်း သား ပြောတာ ကိုယ့်ကို မကျေမနပ်နဲ့၊ မင်းတို့ မိသားစုထဲမှာ ဝင်ရှုပ်နေတယ်လို့ ပြောချင်တာပဲ"

"နည်းနည်းတော့ သည်းခံပါ ကိုကျော့မောင်ရယ်၊ သားကို လွှန်ဆန်လို့ မဖြစ်သေးဘူးလေ၊ အခု နန္ဒ သေပြီပဲ၊ သူတကလည်း ကျန်းမာရေးကောင်းတဲ့ကောင်မှ မဟုတ်တာ"

"မင်း သားက ဝင်ရှုပ်နေတာပဲ"

သွေးရောင်က မာကျောခက်ထန်သူတစ်ယောက်ဖြစ်သည်။

ဒီကောင် အဓိကပဲ ...



စန္ဒီက သူ့သားမှ သူ့သား ဖြစ်နေ၍ ခက်နေသည်။

သိမယ် ...

မင်း သိမယ် သွေးရောင် ...

နန္ဒ သေရတာတောင် ပတ်ဝန်းကျင်က သင်္ကာမကင်းဖြစ်နေ၍ အသာလေး ငြိမ်နေရခြင်းဖြစ်သည်။

"ရှင် ခဏလေးငြိမ်နေစမ်းပါ ကိုကျော့မောင်၊ အချိန်ယူရမယ်၊ တဖြည်းဖြည်းကျမှ တို့ရအောင် ယူရမှာပဲ၊ လောလောဆယ် ဟိုဟာမလေးကို အကဲခတ်ရဦးမယ်"

"ဟုတ်တယ်၊ မင်း သား လက်ခံလိုက်တာ တို့လည်း မတွေ့ရသေးဘူး"

"သွားကြည့်မယ်"

ဒေါ်စန္ဒီကတော့ မိဘတွေ ရှိစဉ်တည်းက ပြဿနာအကြီးအကျယ် ရှာတတ်သူ ဖြစ်နေသည်။

လောဘရမ္မက်လည်း ကြီး၏။

ခေတ်ဆန်လွန်းပြီး ငွေကို ထင်သလို သုံးဖြုန်းမှုတတ်သည်။

မေမေက သမီးအဖြစ်ကနေ စွန့်လွှတ်ထားပြီး ပြန်လက်ခံခြင်းဖြစ်၏။

အရင်ယောကျ်ားကို မိမိ နိုင်သည်။

အသုံးအဖြုန်း မရှိသော ယောကျ်ားကို ရထားပေမဲ့အသက်မရှည်ခဲ့။

အခု ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ယောက်ျား ကိုကျော့မောင် ...

အရင်ယောက်ျားနဲ့ ဘာမှ မဆိုင်ဘဲ အသုံးအဖြုန်းကြီးသည်။

မိမိ ကြောက်နေရ၏။

တွယ်ကပ်ပြီး ငွေကြေးတွေကို လက်ဝါးကြီးအုပ်ချင်စေသည်။

အလကားလူ ...

ဒေါ်စန္ဒီလည်း ယောက်ျားကို မကျေနပ် ...

အရင်ယောက်ျားလို မိမိ ကြိုးဆွဲတိုင်း မက,တော့ဘဲ သူ ကြိုးဆွဲတိုင်း က,နေရသည်။

"စန္ဒီ"

"ဟင်"

"ကိုယ်လည်း လိုက်ကြည့်မယ်"

ကိုကျော့မောင်ကို မိမိ ဘာမှ မပြောသာတော့ဘဲ သူနာပြုအသစ်ဆီ ရောက်လာကြသည်။

"ဂျင်မ"

"ရှင်"

"ဟိုဟာမရော"

"အထဲမှာ"

ဒေါ်စန္ဒီ အခန်းတံခါးကို တွန်းဖွင့်လိုက်မိသည်။

"ဟင်"

မျက်နှာချင်းဆိုင်လိုက်ရတာက မိန်းကလေးချော်ချော လေးတစ်ယောက်။



"ညည်းလား"

"ရှင်"

"သုတရဲ့ သူနာပြုဆိုတာ"

"ဟုတ်ပါတယ်"

နန္ဒ ...

ဒီလောက်ချောမောတဲ့ မိန်းကလေးတစ်ယောက်ကို ဘာလို့ ခေါ်လာရတာလဲ ...

သူနာပြုတဲ့ ...

ခပ်ချောချော ...

ခပ်တောင့်တောင့် ...

"ညည်းနာမည် ဘယ်သူလဲ"

"နက်နက်နီပါ"

"ဘာ"

"ရှင်"

"ညည်းနာမည်ကြီးက တစ်မျိုးပဲ"

နက်နက်နီဆိုတဲ့ နာမည်ကြောင့် ဒေါ်စန္ဒီ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။

"ကျုပ်နာမည်က စန္ဒီတဲ့၊ သုတရဲ့အမေ"

"ဟုတ်ကဲ့"

"တို့အိမ်မှာ အသုဘ်ဖြစ်နေတာ ညည်း သိလား"

"လမ်းမှာ အငှားကားသမားပြောလို့ သိရပါတယ်"

"ဟင် ... ကားသမား ပြောတာ ဟုတ်လား၊ ကျုပ်တို့ အကြောင်းတွေ ပတ်ဝန်းကျင်က ဘာပြောလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ စိတ်တွေ မလုံမလဲဖြင့် မေးလိုက်ခြင်းဖြစ်ကြောင်း နက်နက်နီ သတိထားမိလိုက်သည်။

"ဘာမှ မပြောပါဘူး၊ ဒီအိမ်မှာ အသုဘဖြစ်နေတဲ့အကြောင်းပါပဲ"

"နက်နက်နီ"

"ရှင်"

"နန္ဒက အရမ်းကားမောင်းကြမ်းတာပဲ၊ အန်တီ သတိပေးနေကဲ့ကြားကနေ အခုလို ဖြစ်တာပဲကွယ်"

"ဒေါ်စန္ဒီ"

"ပြော"

"ကိုနန္ဒ အလောင်းက"

"အခန်းထဲမှာလေ"

"ရှင်"

"ကားအက်ဆီးဒင့်ဖြစ်ပြီး အိမ်ကို လာပို့တဲ့အချိန်မှာ ဆုံးတာလေ"

"စစ်ဆေးမှုတွေ မပြုဘူးလား"

"ပြုတာပေ့ါ၊ အန်တီတို့က အလောင်းကို အိမ်မှာပဲ ပြင်ထားချင်တယ်ဆိုလို့လေ၊ အတော်လေး အတိုက်အခံ ပြောရတယ်၊ ကျုပ်တို့ အိမ်မှာပဲ ဆုံးသွားတာလေ"

ဘာတွေလဲ ...

တော်တော်ရှုပ်ထွေးတဲ့ မြသွေးရောင်အိမ်ကြီးပဲ။

နက်နက်နီအတွက် စိတ်ဝင်စားစရာကောင်းတဲ့ အိမ်ကြီးတစ်အိမ် ဖြစ်နေသည်။



"ကလေးမ"

"ရှင်"

ဒေါ်စန္ဒီ နောက်မှ လူကြီးတစ်ယောက်က သူမအား စူးစိုက်စွာ ကြည့်နေသည်။

"ကျုပ်က ဒေါ်စန္ဒီရဲ့ ခင်ပွန်း ဦးကျော့မောင်ပါ၊ မင်းကို မိတ်ဆက်ပွဲလေး လုပ်ရင်ကောင်းမယ်"

"ဒီအိမ်မှာ အသုဘရှိတယ်လေ၊ မိတ်ဆက်ပွဲတွေ ဘာတွေ ရှင်က လုပ်ဖို့ စိတ်ကူးနေသေးတယ်"

"သေတဲ့သူက သေပြီပဲကွ၊ ဒီကလေးမက တို့မိသားစုအဖွဲ့ဝင် ဖြစ်တော့မှာ မိသားစုတွေနဲ့ မိတ်ဆက်ပေးရမှာပေါ့"

ဒေါ်စန္ဒီ ငြိမ်သွားသည်။

ယောက်ျားဖြစ်သူကို ကြောက်ရတဲ့ပုံဖြစ်နေ၏။

ကိုနန္ဒ သေဆုံးတာ မြသွေးရောင်မိသားစုတွေက သိပြီး မှုပင်သောကရှိကြပုံလည်း မပေါ်ကြပေ။

အေးဆေးနေကြသည်။

ကျိတ်ပြီး ကျေနပ်နေကြ၏။

မြသွေးရောင်အိမ်ကြီးမှာ ရှုပ်ထွေးမှုတွေ အများကြီး ရှိနေနိုင်သည်။

ဦးကျော့မောင် ပုံစံကို နက်နက်နီ သိပ်သဘောမကျ ပေ။

"နက်နက်နီ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးသုတကို မင်း လာပြီး စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်း ဂရုတစိုက် စောင့်ရှောက်ပေးလိမ့်မယ်လို့ ထင်ပါတယ်ကွယ်"

"စိတ်ချပါ၊ ကျွန်မကို တာဝန်ပေးတဲ့ ကိုနန္ဒ မရှိတော့ ကျွန်မ နည်းနည်းတော့ အားငယ်မိပါတယ်"

"ဘာမှ အားငယ်စရာမလိုပါဘူး နက်နက်နီ၊ လိုအပ်တာရှိရင် လေးလေးမောင်ကို ပြောပါ"

ဒေါ်စန္ဒီ မျက်နှာထား တင်းမာသွားပေမဲ့ ယောက်ျားကို သိပ်မပြောနိုင်ဘဲ ဖြစ်နေသည်။

ဒီလူကြီး ...

မိန်းကလေးတွေနှင့် ရှုပ်ချင်ပုံပင်။

နက်နက်နီကတော့ အခြေအနေတွေကို လေ့လာအကဲခတ်ပြီး ရိုးအချင်ယောင်ဆောင်နေသည်။

"နက်နက်နီ"

"ရှင်"

"မင်းကို တစ်ခုတော့ ပြောချင်တယ်၊ တို့အိမ်က ကိစ္စတွေမှာ ဝင်မရှုပ်ပါနဲ့"

"ရှင်"

"အန်တီက မြသွေးရောင်အိမ်ကြီးထဲကို လူစိမ်းဝင်တာ သိပ်မနှစ်သက်တတ်ဘူး"

ဒေါ်စန္ဒီက ကိုနန္ဒနှင့် အတော်လေး အသက်ကွာဝေးသည်။



ကိုနန္ဒနှင့် ကိုသုတက နောက်မိန်းမက မွေးတဲ့သားတွေဖြစ်၏။

မြသွေးရောင်အိမ်ကြီးကတော့ တကယ့်ကို စိတ်ဝင်စားစရာကောင်းနေသည်။

"မင်းလောက် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်က ဒီအလုပ်တွေကို လုပ်တာ အံ့သြစရာပဲ"

"ရှင်"

"မင်းမှာ သူနာပြုဆရာမလက်မှတ်ရော ပါလား နက်နက်နီ"

ဒေါ်စန္ဒီ စိတ်ထဲမှာ နက်နက်နီကို သိပ်ပြီး မသင်္ကာဖြစ်နေမိသည်။

ဒီမိန်းကလေး ...

အရမ်းချောမောလှပနေသည်။

နာမည်ကလည်း တစ်မျိုးကြီးဟု ထင်မိနေ၏။

"မင်းမှာ ပါလာတဲ့ စာရွက်စာတမ်းတွေ ပြပါ"

"စန္ဒီ မင်းက အားနာစရာကောင်းအောင် လုပ်နေပြန်ပြီ၊ နန္ဒက ယုံကြည်ရလို့ ခေါ်တာပေါ့"

ဦးကျော့မောင်က ဝင်ပြောလိုက်သဖြင့် ဒေါ်စန္ဒီ ငြိမ်သက်သွားရသည်။

"မင်း စိတ်သက်သာသလို နေပါ နက်နက်နီ၊ ဒီမှာ အားနာစရာ မရှိပါဘူး၊ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်တဲ့နေရာမှာ အခက်အခဲဖြစ်နေရင်လည်း ပြောနော်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ ထွက်သွားသည်။

ဦးကျော်မောင်က နှုတ်ဆက်ပြီး နောက်မှ လိုက်သွားရ၏။

"ဒေါ်စန္ဒီက ယောက်ျားအရှမ်းကြောက်ရတယ် မမလေး"

ဂျင်မက စကားတွေကို သူမ စိတ်မဝင်စားဟန်နေပြလိုက်မိသည်။

နက်နက်နီ အရှမ်းစပ်စုလို့ မဖြစ်သေးပါဘူး။

အသုဘကိစ္စကိုပဲ နက်နက်နီ စိတ်ဝင်စားနေမိသည်။



## အခန်း(၄)

ကိုနန္ဒရဲ့ ဖြူနေတဲ့ မျက်နှာက ဒဏ်ရာတွေနှင့် ရုပ်ဆိုးနေသယောင်ပင်။

အိမ်နှင့် မလှမ်းမကမ်းမှာ ကိုနန္ဒ အရက်မူးပြီး ကားမောင်းသဖြင့် သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်ပြီး သေဆုံးသွားရသည်။

ကိုနန္ဒ ...

ကျွန်မ နောက်ကျသွားတယ်။

မမဂျယ်လီဆီကို ကျွန်မ သတင်းပို့လိုက်ပါပြီ။

"မမတော့ မလာတော့ဘူး၊ သူ သေပြီပဲ၊ ညီမလေးသာ ဆက်ပြီး တာဝန်ကို ကျေပွန်အောင် လာမ်းဆောင်ပါ"

မမက ပြတ်သည်။

လုပ်ငန်းဆောင်တာတွေ အနှောင့်အယှက် ဖြစ်မှာဆိုး၍ မလာတော့။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒ မျက်နှာကို နက်နက် သေချာစွာ ကြည့်နေမိသည်။

ဂုသွင်းသကြိုဟ်မှာပါ။

ငိုမည့်သူတစ်ယောက်မှ မရှိ။

အလောင်းနားမှာက ...

ဒေါ်စန္ဒီ ...

သမီးဖြစ်သူ မြကလျာ ...

ဒါပဲ ရှိနေသည်။

"သူတို့က အရမ်းလျှို့ဝှက်တာပဲ မမလေး၊ ကိုနန္ဒ မရှိရင် ပိုကောင်းတာလေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"အမွေကိစ္စတွေ ရှုပ်နေတာလေ မမ၊ ဒေါ်စန္ဒီက အမွေတွေ အရမ်းမက်တာပဲ"

ဂျင်မကိုလည်း နက်နက်နီ စိတ်ထဲမှာ သိပ်ပြီးသဘောမကျမိပေ။

နည်းနည်းလည်ခဲ့သည်။

ကိုသုတအနားမှာ ကပ်ပြီး စိတ်ဝေဒနာရှင်ကို ချူစားချင်တာတဲ့။

မမဂျယ်လီ ပြောတာပဲ။

"နက်နက်နီ"

"ရှင်"

"ဒါ အန်တီ့သမီး ကလျာ"



"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

မြကလျာသည် ခေတ်ဆန်လွန်းသော မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။

"လေးလေးနန္ဒက ဒီလောက်လှပတဲ့ မိန်းကလေးတစ်ယောက်ကို ရှာတတ်သားပဲ"

မြကလျာရဲ့ နှုတ်ခမ်းတွေက တွန့်မဲ့ချင်နေသည်။

ကိုနန္ဒတို့ကို မကျေနပ်တဲ့သဘောမျိုး ဖြစ်နေ၏။

အမွေတွေအားလုံးကို ဆိုင်နေပါလျက် ဘာဖြစ်လို့ မပေးချင်ရတာလဲ ...

"အဓိက ကိုသုတကို ကာကွယ်ပေးဖို့ပဲ"

မမဂျယ်လီက ပြောခဲ့သည်။

ချစ်သူနှင့် ပြန်ဆုံပြီးတာမှ မကြာသေးဘူး သေကွဲကွဲသွားရ၏။

"မနက်နက်နီ"

"ရှင်"

"လေးလေးသုတက အရှုးနော်"

ပြောရက်လိုက်တာ။

ကိုသုတနှင့် ခုထိ မတွေ့ရသေး။

အသုဘကိစ္စတွေ ရှိနေသေး၍ ကိုသုတဆီ မရောက်သေး။

"ဒေါ်စန္ဒီ"

"ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုတဆိုတာလည်း မလာပါလား"

"သူက အရူးပဲ၊ ဒီနေရာကို ခေါ်လာလို့ ဘယ်ဖြစ်မလဲ"

ကိုသုတကို နက်နက်နီ သနားသွားမိသည်။

စိတ်ဝေဒနာရှင်ဆိုပြီး ညှာတာထောက်ထားခြင်း မရှိကြပေ။

ရက်စက်လိုက်ကြတာ။

နက်နက်နီပင် ရင်ထဲမှာ နာကျင်သွားရသည်။

"ကျွန်မ ကိုသုတနဲ့ တွေ့ချင်တယ်"

"နေပါဦး၊ ဒီအချိန်တွေမှာ သုတက စိတ်ကြမ်းနေတယ်၊ ညညး စိတ်ပျက်သွားလိမ့်မယ်"

ဒေါ်စန္ဒီက အမိန့်မရသေး၍ မတွေ့ရခြင်းဖြစ်သည်။

"ကျွန်မက သူ့ရဲ့ သူနာပြုပါ အန်တီ၊ စိတ်ကြမ်းနေတဲ့ အချိန်မှာ ကျွန်မ အနားမှာ ရှိသင့်တယ် ထင်ပါတယ်"

"အခု အသုဘကိစ္စတွေ ရှိနေသေးတယ်လေ၊ အေးအေး ဆေးဆေးမှ တွေ့ပါ"

ကိုသွေးရောင်က ငြိမ်သက်နေသည်။

ဘယ်သူ့ကိုမှ စကားမပြောဘဲ တိတ်ဆိတ်နေ၏။

ကိုနန္ဒအလောင်းကိုသာ စူးစိုက်ပြီး ကြည့်နေသည်။

ကြေကွဲဝမ်းနည်းနေပုံပင်။

"ရှင် ဒဏ်ခံနိုင်ပါ့မလား မနက်နက်နီ"

မြကလျာက သူမနှင့် အသက်မတိမ်းမယိမ်းပဲ ဖြစ်နေလိမ့်မည်။



ဦးလေးတစ်ယောက်လုံးရဲ့ အသုဘမှာ ကြေကွဲ ဝမ်းနည်းရိပ်မရှိ။

ဂျင်းဘောင်းဘီကျပ်ကျပ် စပို့ရှပ်ကိုယ်ကျပ်ကို ဝတ်ထားသည်။

"ရှင့်ကို ကျွန်မ တကယ်အံ့သြတယ်၊ ဒီအလုပ်က ဘယ်လောက်ငွေရလို့လဲ"

"ကျွန်မ အစ်မက ကိုနန္ဒနဲ့ သူငယ်ချင်းပါ၊ ကိုနန္ဒက မမဆီမှာ အကူအညီတောင်းလို့ လာတာပါ"

"ရှင့်မှာ တခြားဘာအကြောင်းမှ ရှိမနေပါဘူးနော်"

"ရှင်"

"အကြောင်းရှိလို့ ရောက်လာရင်လည်း ဒီကနေ ခွေးပြေး ဝက်ပြေး ပြေးရမှာနော်"

"ကလျာ"

"ရှင် ကိုကို"

"ညီမသည်ကို ဘယ်လို ဆက်ဆံနေတာလဲ"

"ကလျာ အမှန်အတိုင်းပြောတာလေ"

"တော်တော့"

"ဟွန်း"

မြကလျာ မကျေမနပ်နှင့် ထွက်သွားသည်။

ကိုသွေးရောင်က ဘယ်ဆိုးလို့လဲ ...

မျက်နှာထားက တင်းမာခက်ထန်နေပေမဲ့ စိတ်သဘောထား မဆိုးပါဘူးဟု တွေးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတအပေါ်လည်း လိုလားတဲ့လူတစ်ယောက် ဖြစ်နေ၏။

"ကဲ ... အလောင်းကို အခေါင်းထဲ ထည့်တော့မယ်၊ သင်္ဂြိုဟ်ဖို့ အချိန်ရောက်ပြီ"

အလောင်းကို အခေါင်းထဲ ထည့်ဖို့ အိမ်တော်စိုးကြီး ဦးဘခေါင်က ပြောသည်။

အိမ်တော်စိုးကြီးသည် ဥပဒေပညာရှင်တစ်ယောက် ဖြစ်သလို မြသွေးရောင်စံအိမ်ကြီးထဲမှာ အမိန့်သြဇာ တည်တဲ့ အဘိုးကြီးတစ်ယောက်ဟု ဂျင်မကပြော၏။

ကိုနန္ဒ အလောင်းကို အခေါင်းထဲ ထည့်လိုက်၏။

"လေးလေးနန္ဒ ... တမလွန်ဘဝမှာ စိတ်ဖြောင့်ဖြောင့်နေပါ၊ လေးလေးသုတကို သွေးရောင် စောင့်ရှောက်ပေးပါ့မယ်"

မြသွေးရောင် မိသားစုဝင်တွေက နည်းနည်းတော့ အတ္တကြီးကြမယ်ထင်တယ်ဟု မမဂျယ်လီက ပြောပြထားခဲ့သည်။

ကိုသွေးရောင်က ဘယ်ဆိုးလို့လဲ ...

လေးလေးသုတကို စောင့်ရှောက်မည်ဟု ပြောနေသည်။

ကိုနန္ဒ ...

ရှင် သေဆုံးရတာ သွေးရိုးသားရိုးပဲလား ...

"ကိုနန္ဒက အရက်မသောက်တတ်ဘူးလေ၊ နည်းနည်းပါးပါးပဲ သောက်တတ်တယ်"

မမဂျယ်လီက ပြောခဲ့သည်။



အရက်သိပ်မသောက်တတ်သော ကိုနန္ဒသည် ဘာကြောင့်များ အရက်အမူးလွန်ပြီး သေဆုံးရတာလဲ ...

ဒီနေရာသည် ...

ဆေးရုံဆေးခန်းနှင့် အလှမ်းဝေးသောနေရာတစ်ခု ဖြစ်နေ၏။

ကိုနန္ဒကို ဒဏ်ရာနှင့် အိမ်သို့ ခေါ်ဆောင်လာခဲ့ပြီး ဆေးခန်းပို့ဖို့ စိစဉ်နေစဉ် ကွယ်လွန်သွားတာတဲ့။

သက်ဆိုင်ရာကို အကြောင်းကြားတော့ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့သည်။

ဘာသံသယမှ မရှိ၍ သင်္ဂြိုဟ်ခွင့်ပြုလိုက်တော့၏။

"ကဲ ... အငယ်တွေ ကန်တော့ကြ"

ကိုသွေးရောင်နှင့် ဂျင်မက ကန်တော့လိုက်ကြသည်။

"သင်္ဂြိုဟ်တော့မယ်"

မိသားစုသချိုင်းသို့ အလောင်းကို သယ်ဆောင်သွားကြသည်။

အသုဘအခမ်းအနားက အလွန်အမင်း တိတ်ဆိတ်နေခဲ့၏။

ပို့မည်သူက အနည်းငယ်ပဲ ...

မိသားစုပင် အစုံအလင် မရှိ။

ဖြစ်မှဖြစ်ရလေ ကိုနန္ဒရယ် ...

နက်နက်နဲနဲ စိတ်မကောင်းလိုက်တာ ...

မမဂျယ်လီသာ တွေ့ရင် စိတ်မကောင်းဖြစ်မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှင် စိတ်ချပါ ကိုနန္ဒ ...

ကိုသုတဆိုတဲ့ ရှင့်ညီကို ကျွန်မ စောင့်ရှောက်ပါ့မယ်။

အလောင်းကို ဂူသွင်းသင်္ဂြိုဟ်တဲ့အထိ နက်နက်လိုက်မသွားတော့ပေ။

ရင်ထဲမှာ ဆို့နစ်ကြေကွဲနေရသည်။



## အခန်း(၅)

ခုတင်ပေါ်မှာ လူတစ်ယောက် လဲလျောင်းအိပ်စက်နေသည်။

ဂျင်မက လိုက်ခဲ့ဖို့ အချက်ပြ၏။

အခန်းထဲ ရောက်သွားသည်။

အမွေတွေ အများကြီးရထားသော ကိုသုတ အခန်းသည် ရှုပ်ထွေးပွေလီပြီး အနံ့အသက်တွေ မကောင်းဘဲဖြစ်နေသည်။

ဘယ်လိုဖြစ်တာလဲ ...

မဖြစ်သင့်ဘူး ...

ကိုနန္ဒတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာကြသာဟု ပြောသည်။

ဘိုးစဉ်ဘောင်ဆက် ချမ်းသာတဲ့ လူတွေဆိုတာ ဒီသာနေ၏။

ကိုသုတလည်း အမွေတွေ အများကြီး ရထားသည့်သူပ။

www.burmeseclassic.com

www.burmeseclassic.com



"ဂျင်မ"

"ရှင်"

"ဒီအခန်းက ဒီလောက်အနံ့အသက်တွေ ဆိုးနေတာ သန့်ရှင်းရေး မလုပ်ဘူးလား"

"ကိုသုတက လက်မခံဘူး၊ အခန်းထဲကို ဘယ်သူမှ ဝင်တာ မကြိုက်ဘူး၊ အစ်ကိုကြီးနန္ဒပဲ ဝင်ရတာ"

"ဂျင်မက ပြုစုရတယ်ဆို"

"ထမင်းကျွေးတဲ့အချိန်နဲ့ တစ်ခါတစ်ရံ သန့်ရှင်းရေး ဝင်လုပ်တာမျိုးပဲ ရှိတာပါ"

"သူဌေးသားတစ်ယောက်ရဲ့ အခန်းကလည်းကွယ်"

"အစ်ကိုလေးကို ကျွန်မပဲ ဂရုစိုက်ရတာပါ"

"ဂျင်မ ဆရာဝန်လာတယ်ဆို"

"တစ်ပတ်တစ်ခါ လာတယ်၊ အခုတလော အစ်ကိုလေးသုတ နည်းနည်းကြမ်းချင်တယ်"

ဆေးတွေ ...

ကုသချက်တွေကို သူမ ကြည့်သည်။

"အခုတော့ အိပ်ဆေးတွေ တိုက်ထားတယ်လေ"

"ရပြီ ဂျင်မ"

"မမလေး"

"ဟင်"

"ကြိုတင်ပြောစရာတစ်ခု ရှိတယ်နော်"

"ပြော"



"ကိုသုတကို အလုပ်သဘောအရပဲ ဆက်ဆံပါလို့"

"ဘာ"

"အမွေတွေ အများကြီးရမဲ့ သူဌေးသားဆိုတော့ စိတ်ဝေဒနာရှင်လည်း စိတ်မချရဘူးလေ"

"မင်း စကားက ငါ့ရဲ့ ကိုယ်ကျင့်တရားတွေကို စော်ကားနေပြီ"

"ဘာပဲဖြစ်ဖြစ် ပြောစရာရှိတာကိုတော့ ပြောရမှာပဲ၊ ကျွန်မက မမလေး ဒုက္ခရောက်မှာဆိုးလို့ပါ"

ဂျင်မလို မိန်းကလေးတစ်ယောက်နှင့် ပြဿနာ မဖြစ်လိုပေ။

ပြောချင်တာပြော ...

ထင်ချင်သလိုထင်ကြပါစေ။

နက်နက်နဲနဲက အလုပ်သဘောအရ ရောက်လာတာပဲ မဟုတ်လား။

စိတ်ဝေဒနာရှင်ကို မပြောနှင့် ဘယ်လို ယောကျ်ားမျိုးပဲဖြစ်ဖြစ် အချစ်ဆိုတာ နက်နက်နဲမှာ ခံစားခွင့်မရှိ။

တာဝန်အရ ရောက်လာတာပဲ။

ဂျင်မ ...

ညည်းနဲ့ ဘာဆိုင်လဲ ...

ဒီမိန်းကလေးကရော ကိုသုတအနားမှာ နေတာ နိုးသားရဲ့လား ...

မနာလိုဝန်တိုတဲ့ မျက်ဝန်းတွေ ...

www.burmeseclassic.com

www.burmeseclassic.com



နက်နက်နီကို မလွန်ဆန်နိုင်၍သာ လက်ခံလိုက်ရတဲ့ သဘောရှိသည်။

မလွယ်ဘူး ...

တစ်အိမ်လုံးမှာ ရှိတဲ့ လူတွေအားလုံး စိတ်သဘောထား မဖြောင့်ကြပေ။

ကိုသွေးရောင်က မှဆိုးကြီးတဲ့။

[illegible]

မျက်နှာက နုနယ်ပေမဲ့ လှုပုံစံက ကြမ်းကြမ်းတမ်းတမ်းကြီး။

"ကလျာ ညှိသည်ကို ဘယ်လို ဆက်ဆံတာလဲ"

နက်နက်နီ ဘက်ကနေ လိုက်ပြောပေး၍ ကျေးဇူးတင်မိသည်။

တစ်အိမ်လုံးအပေါ် သြဇာညောင်းပုံတော့ ရနေ၏။

ကိုသူဇာ အိပ်နေဆဲပင်။

နက်နက် ရှုပ်ပွညစ်ပေနေတဲ့ အခန်းကို ရှင်းဖို့ စိတ်ကူးမိသည်။

အမှိုက်သရိုက်တွေ စတင်ရှင်းပစ်နေမိ၏။

စားပွဲပေါ်ကို သန့်ရှင်းရေး လုပ်စဉ် ပန်းအိုးကို လက်နှင့် တိုက်မိပြီး လိမ့်ကျသွားတော့သည်။

"ဝုန်း"

"ဂျလွမ်း"

ကိုသူဇာအား နက်နက်နီ အထိတ်တလန့် လှည့်ကြည့်လိုက်မိသည်။



အိပ်နေရာကနေ မျက်လုံးတွေ ဆတ်ခနဲ ဖွင့်လာ၏။

သူမကို မြင်တော့ ဝုန်းခနဲ ထလိုက်သည်။

"မင်း ... မင်း ... ဘယ်သူလဲ၊ ဒီအခန်းထဲ ဘာဝင်လုပ်နေတာလဲ၊ ထွက်သွားစမ်း"

မင်း ဘယ်သူလဲ ...

ဘယ်က မိန်းမလဲ ...

ဂျင်မကို သူ အရမ်းအမြင်ကတ်၍ အခန်းထဲ အဝင်မခံခြင်းဖြစ်သည်။

သန့်ရှင်းနေတာလည်း မကြိုက်ဘူး။

လောကကြီးက ရှုပ်ထွေးနေတာ။

ဒီအခန်းကြီးလည်း ရှုပ်ထွေးနေတာ အကောင်းဆုံးပဲဟု ထင်ထားသည်။

"မင်း ... မင်း ဘယ်သူလဲ"

"ကျွန်မနာမည်က နက်နက်နီပါ၊ ရှင့်ကို ပြုစုပေးဖို့ ကိုနန္ဒက သူနာပြုအဖြစ် ငှားထားတာပဲ"

"ဘာ ... သူနာပြု ဟုတ်လား"

"ဟုတ်ပါတယ်"

မိန်းကလေးတစ်ယောက် ...

ဘယ်က မိန်းကလေးလဲ ...

သူနာပြုတဲ့ ...

"မင်းက ငါ့ကို ဘာလုပ်ပေးမှာလဲ၊ သူနာပြုဆိုတာ အခန်းကို သန့်ရှင်းရေးလုပ်ပေးဖို့လား"

ဒုက္ခပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



နက်နက် ဘယ်လိုရှင်းပြရမည် မသိအောင်ပင် ဖြစ်သွားသည်။

"ဟိတ်"

"ရှင်"

အတွေ့အကြုံ ရင့်ကျက်နေတဲ့သူ ဖြစ်တာတောင် ထိတ်လန့်သွားရသည်။

"ကျွန်မက သူနာပြုလေ၊ ရှင့်ကို ဆေးတိုက်တာတို့၊ ရှင့် ဝေယျာဝစ္စတွေ လုပ်ပေးတာတို့"

"အိမ်ဖော်ပေါ့"

ဘုရားရေ ...

အိမ်ဖော်တဲ့ ...

ရှင် ထင်ချင်သလို ထင်တော့။

"ဟုတ်တယ်"

"ကျုပ်အတွက် မလိုဘူး"

"ကိုနန္ဒက"

"ကျုပ် မလိုဘူးလို့ ပြောပြီးပြီပဲ၊ ကျုပ်ကို ဆေးတိုက်ဖို့ အစ်ကိုနန္ဒရော"

နက်နက် ဘယ်လို ဖြေရမှန်းပင် မသိ။

ကိုနန္ဒ မရှိတော့ဘူး။

"ကိုကြီးရော၊ ခေါ်ပေးစမ်း၊ မင်းကို မလိုဘူးလို့ ငါ ပြောမလို့"

"ရှင့်အစ်ကိုကြီး အပြင်သွားနေတယ်၊ ခရီးထွက်သွားတယ် လေ"



"ဪ ... အင်း ... အစ်ကိုကြီးက ပြောတယ်၊ ညီ အတွက် သူနာပြု သွားခေါ်ပေးမယ်တဲ့၊ ပြီးတော့ မိန်းမ ယူမယ်တဲ့၊ ကိုကြီးက မိန်းမသွားခေါ်နေတာ ဖြစ်လိမ့်မယ်"

"အင်း ဟုတ်တယ်"

"အခုတလော ကျုပ် စိတ်ညစ်နေတယ်၊ ကိုကြီး မရှိတော့ ကျုပ် စိတ်အားငယ်သလိုပဲ"

အစ်ကို မရှိ၍ ကိုသုတ စိတ်ဝေဒနာ နည်းနည်း ဖောက်နေသည်ဟု ထင်မိသည်။

ကိုသုတ ...

ရုပ်ရည်က သန့်သည်။

လူချောတစ်ယောက်ပဲ ...

"အမိ"

"ရှင်"

"ကျုပ်အခန်း ရှင်းနေတာကို ကျုပ် မကြိုက်ဘူး"

"အခန်းရှင်းနေမှ ရှင့်စိတ်တွေ လန်းဆန်းလာမှာလေ၊ ကျွန်မ ရှင်းပြမယ်၊ ရှင် ခံစားကြည့်"

"မလိုဘူး၊ ကျုပ် ရှုပ်ထွေးနေတာကိုပဲ ကြိုက်တယ်၊ လောက ကြီးက ဒီလောက်ရှုပ်ထွေးနေတာ၊ ဘာလုပ်မှာလဲ၊ တကယ် ဆို ကျုပ် သေချင်တာ အစ်ကိုနန္ဒ ရှိလို့"

ကိုနန္ဒသာ လူ့လောကကြီးထဲမှာ မရှိတော့တာ သိရင် ...

"ကိုကြီးသာ မရှိတော့ရင် ကျုပ်ကိုကျုပ် သတ်သေပစ်လိုက် မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နက်နက် လန့်သွားမိသည်။

မလွယ်ဘူး ...

ကိုနန္ဒက လူ့လောကကြီးထဲကနေ ထွက်သွားသွားပြီဖြစ်သည်။

"ကိုသုတ"

"ပြော"

"ရှင် ယောက်ျားတစ်ယောက်ပဲ၊ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာထားမှပေါ့၊ ဒီအခန်းကို ရှင်းလိုက်ရင် လောကကြီးလည်း ရှင်းသွားလိမ့်မယ်၊ ရှင့် စိတ်တွေရော ရှင်းသွားမယ်"

"ကျုပ် သဘောမကျဘူးလို့ ကျုပ် ပြောပြီးပြီနော်"

သူ ...

ထလိုက်သည်။

နက်နက်နီကို စူးစိုက်ပြီး ကြည့်နေသဖြင့် ကျောချမ်းသွားရ၏။

ကြမ်းပြင်မှာ ပန်းအိုးအကွဲအရှတွေကို သူမ သိမ်းဖို့ပြင်လိုက်သည်။

"မသိမ်းနဲ့"

"ဟင်"

"ကျုပ် အခန်းကို ဒီအတိုင်းပဲထား၊ မင်း ထွက်သွားတော့"

ဒုက္ခပါပဲ ...

နက်နက် ဘယ်လိုလုပ်ရမလဲ ...

အတွေ့အကြုံ ရင့်ကျက်နေပေမဲ့ စိတ်ဝေဒနာရှင်ပော့ မတွေ့ကြုံဘူးခဲ့ပေ။



ကိုသုတ မျက်ဝန်းတွေက ပြူးကြောင်စွာ ကြည့်နေသည်။

"မင်း ထွက်သွားလေ၊ ငါ့အခန်းကို သန့်ရှင်းရေးလုပ်တာ မကြိုက်ဘူးလို့ ပြောထားတယ်နော်"

မကြိုက်ဘူး ...

ဒီအခန်းကြီး သန့်ရှင်းသွားရင် ငါ ဒီလူ့လောကကြီးထဲက ထွက်သွားရမှာ။

ထွက်သွားချင်တယ် ...

ဒါပေမဲ့ ...

ကိုကြီး ရှိသေးတယ် ...

"ငါ ဒီလောကကြီးထဲမှာ မနေချင်တော့ဘူး၊ ထွက်သွားချင်တယ်၊ ကိုကြီး ရှိနေလို့"

"ရှင် အဲဒီစိတ်တွေ မထားပါနဲ့၊ လူ့လောကကြီးက ရှင်းနေတာပါ"

"မရှင်းဘူး"

စိတ်ဝေဒနာရှင်တစ်ယောက်နှင့် စကားယှဉ်ပြိုင်မပြောချင်တော့ပေ။

ကိုသုတက ဘယ်လိုအခက်အခဲဒုက္ခတွေ ရင်ဆိုင်လာရမှန်း မသိ။

ငွေကြေးချမ်းသာကြပေမဲ့ လောဘတွေတက်ပြီး ပြဿနာတွေနှင့် ရှုပ်ထွေးနေကြခြင်းဖြစ်သည်။

အားလုံးက ...

ကိုသုတကို မလိုလားကြ။

www.burmeseclassic.com

www.burmeseclassic.com



သေစေချင်နေသည်။

အစ်မကလည်း အတ္တကြီး၏။

သူ့မိသားစုအတွက်ပဲ ဖြစ်နေသည်။

ကိုသုတ စိတ်ဝေဒနာတွေ ခံစားလာရတာ ဖြစ်နိုင်၏။

"ကိုသုတ"

"ဟင်"

"ရှင့်အခန်းကို မရှင်းတော့ဘူး"

"အင်း"

"ကျွန်မ ရှင့်အစ်ကို ကိုနန္ဒ ခေါ်ထားတဲ့ သူနာပြုနော်"

လောလောဆယ်တော့ နက်နက်နီ ကိုသုတအနားမှာ နေမှဖြစ်မည်။

ရှင့်ကို ကာကွယ်စောင့်ရှောက်ရမယ် ...

မြွေသွားရောင်မှာ လောဘရမ္မက်တွေ ကြီးပြီး တစ်ယောက်ကိုတစ်ယောက် အကောက်ကြံနေတာမျိုး ဖြစ်နေသည်။

"ကျွန်မက ရှင့်ကို ထမင်းကျွေးမယ်၊ ဆေးတိုက်မယ်၊ ရှင့်ဝေယျာဝစ္စတွေ အားလုံး ကျွန်မ လုပ်ပေးမယ်"

"ဒီမှာ"

"ရှင်"

"ဟို ဂျင်မဆိုတဲ့ ကောင်မလေး ကျုပ်အခန်းထဲ ဝင်တာမျိုး ကျုပ် လုံးဝ မကြိုက်ဘူး"

"ဟင်"

ဂျင်မကို မလိုလားကြောင်း ကိုသုတ ပြောတော့ အံ့သြသွားရသည်။



"အမိကိုတော့ ကျုပ် အစ်ကိုကြီးက ခေါ်ထားတာမို့ ကျုပ် လက်ခံမယ်"

တော်ပါသေးရဲ့။

နက်နက်ကို လက်မခံရင်တော့ အခက်တွေ့ရမည် ဖြစ်သည်။

အမေ့တွေက ခွဲတော့မှာပဲ။

အိမ်တော်စိုးကြီး ဦးဘခေါင်က ခွဲဝေပေးဖို့ စီစဉ် နေသည်။

နက်နက် စဉ်းစားနေမိ၏။

ကိုနန္ဒ ဆုံးရတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

နက်နက် စုံစမ်းရမည်။

ကိုနန္ဒကိုယ်တိုင် လက်မှတ်တိုးထားတဲ့ စာပါ၍ သူတို့ လက်ခံခြင်းဖြစ်သည်။

"ကျွန်မ ရှင် သောက်ဖို့ ကော်ဖီ ဖျော်ပေးမယ်နော် ကိုသုတ"

"မသောက်ဘူး"

"ရှင် ကော်ဖီခါးခါးလေး ကြိုက်တယ်ဆို"

"ကျုပ် အရမ်းမုန်းတာ၊ ကျုပ် ဘယ်တော့မှ ကော်ဖီ မသောက်ဘူး၊ ကျုပ် အမုန်းဆုံးက ကော်ဖီပဲ၊ ခါးခါးဆို ပိုပြီး မုန်းတယ်၊ မုန်းတယ်"

ဂျင်မ ပြောတာပဲ။

နက်နက်က သူ ဘာကြိုက်လဲလို့ မေးတော့ ကော်ဖီ ခါးခါး ကြိုက်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတက ကော်ဖီခါးခါးကို အမုန်းဆုံးလို့ ပြောနေသည်။

ဂျင်မ ...

တမင် ဆန့်ကျင်ပြောတာပဲ။

နက်နက်နှင့် ကိုသုတ ရင်းနီးကျွမ်းဝင်သွားမှာ စိတ်ပူလို့ပင်။

မြသွေးရောင်စံအိမ်ကြီးမှာ ရှိတဲ့လူတွေက မရိုးသားတာတော့ အမှန်ပဲဖြစ်မည်။

ရှုပ်ထွေးနေသည်။

တစ်ယောက်ကိုတစ်ယောက် ယုတ်မာကောက်ကျစ်ဖို့ ကြံစည်နေကြ၏။

နက်နက် ရောက်လာတာ အတော်ပဲ။

"ကိုသုတ"

"ဘာလဲ"

"ရှင် ဘာစားချင်လဲ"

"လက်ဖက်ရည်ချိုစိမ့်"

ဟွန်း ...

ဂျင်မက အခါးတဲ့။

ကိုသုတက အချိုကြိုက်တာပဲ။

နက်နက်နီကို တမင်ချောက်တွန်းတာ သေချာနေသည်။

ဂျင်မကိုလည်း မယုံရဘူး။

ရှင့်အနားမှာ ရန်သူတွေဝိုင်းနေတာပါပဲလား ကိုသုတ



ရယ်။

"ကျွန်မ ရှင့်အတွက် လက်ဖက်ရည်ဖျော်ပေးမယ်နော်"

"အမိ"

"ရှင်"

"ကျုပ်ကို အိပ်ဆေးတွေ ထည့်မတိုက်နဲ့နော်၊ ကျုပ် အလကားနေရင်း အိပ်မနေချင်လို့"

ကိုသုတကို သနားကြင်နာစွာဖြင့် နက်နက် ငေးမောကြည့်မိနေသည်။

စိတ်ဝေဒနာရှင်တစ်ယောက် အနားမှာ ရန်သူတွေက ဝိုင်းနေသည်။

အစ်ကိုက လူ့လောကကြီးထဲမှာ မရှိတော့။

သေဆုံးသွားပြီဆိုတာ သိလျှင် ကိုသုတ စိတ်တွေ ပိုပြီး ဖောက်ပြန်သွားမှာ သေချာသည်။

ဒီတစ်ခါ ...

ဆရာဝန်ကြီးလာရင် လူနာအခြေအနေကို သေသေချာချာ မေးရမယ်။

ကိုသုတကို နက်နက် စောင့်ရှောက်မှ ဖြစ်တော့မှာပါ။

အခန်းထဲက အမှိုက်တွေကို သိမ်းဖို့ဟန်မပြင်ရဲတော့ဘဲ လက်ဖက်ရည်ချိုချိုလေး ဖျော်ဖို့သာ ပြင်ဆင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဂျင်မကိုလည်း ယုံ၍မရတော့။

ကိုသုတက လက်မခံတော့ ဂျင်မ မျက်နှာတင်းမာခက်ထန်နေသည်။

ဘယ်လိုလဲ ...

အိမ်ဖော်မလေးတစ်ယောက်ရဲ့ စိတ်ထားပင် ခမှန်တော့ပေ။

ဂျင်မက ကိုသုတကို တစ်စုံတစ်ခု အကြံအစည်ရှိနေပုံရနေသည်။

နက်နက် အခြေအနေကို အကဲခတ်နေမိ၏။

ကိုသုတ ...

ငြိမ်သက်နေသည်။

"ကိုသုတ"

"ဟင်"



"ဒီပန်းအိုးအကွဲတွေက ထိမိရင် စူးတတ်တယ်၊ ကျွန်မသိမ်းလိုက်မယ်နော်"

"မသိမ်းနဲ့"

"ဒီအခန်းထဲမှာ ညစ်ပတ်နံဆော်နေတာပဲ၊ ရှင့်စိတ်တွေကြည်လင်အောင်ပါနော်"

ကိုသုတက ကျွန်မကို စူးစိုက်စွာဖြင့် ကြည့်နေသည်။

"မင်းကို ကြည့်ရတာ အရမ်းကြည့်လို့ကောင်းနေသလိုပဲ"

နက်နက် ပြုံးမိသည်။

စိတ်ဝေဒနာရှင်ကလည်း အလှအပတွေကို ကြည့်တတ်သားပဲ။

"ကျွန်မက သန့်ပြန့်နေတော့ ရှင် ကြည့်လို့ကောင်းတယ်မဟုတ်လား"

"အင်း"

"ဒီလိုပဲလေ၊ ဒီအခန်းကြီးကိုလည်း ကျွန်မ ရှင်းပေးမယ်၊ ရှင် ကြည့်လို့ကောင်းတာပေါ့"

"ဆရာမ"

"ရှင်"

"ကိုကြီးရော"

"လာမှာပေါ့"

"ဒီတစ်ခေါက် ရန်ကုန်ကို သွားတာ ကြာလိုက်တာ၊ ကျုပ်ကိုတော့ နှုတ်မဆက်သွားဘူး"

နက်နက် စိတ်မကောင်း ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒ မရှိတော့။

အစ်ကိုဖြစ်သူကို စွဲလမ်းနေသည်။

"ကျုပ် ကိုကြီးနန္ဒကို တွေ့ချင်တယ်"

"တွေ့ရမှာပေါ့၊ ရန်ကုန်မှာ အလုပ်ကိစ္စတွေ သွားလုပ်နေတယ်၊ နောက်ပြီး ရှင့်အစ်ကို မိန်းမယူတော့မယ်လေ"

"အင်း ... ကျုပ်ကို ကိုကြီး ပြောသွားတယ်"

"ရှင် နေကောင်းအောင်နေနော်၊ ဒါမှ ရန်ကုန်ကို လိုက်သွားရမှာ"

"အင်း"

ကိုသုတ စိတ်ဝေဒနာက တစ်ခါတစ်ရံ အကောင်းပကာကိုအတိုင်း ဖြစ်နေတတ်သည်။

အရမ်းရူးသွပ်ဖောက်ပြန်နေတာမျိုးတော့ မဟုတ်ပေ။

လူတွေက မတိန်းသိမ်းကြလို့ပါ။

"ဆရာမ"

"ပြော"

"ကျုပ် မမစန္ဒီတို့ မိသားစုကို မုန်းတယ်"

"ဘာဖြစ်လို့ မုန်းတာလဲ၊ လူတွေကို အဲဒီလို မုန်းတီးတာမျိုးတွေ မခံစားရဘူးလေ"

"မမစန္ဒီကရော ကလျာကပါ ကျုပ်ကို အရူးတဲ့၊ ကျုပ်သေသွားရင် ကောင်းမယ်တဲ့"

"ရှင့်စိတ်ထဲမှာ အဲဒါတွေ မထားပါနဲ့နော်"



"ကျုပ် ကိုကြီး မရှိရင် အားငယ်တယ်"

"အားမငယ်ပါနဲ့ ကျွန်မ ရှိတာပဲဟာ"

"ဆရာမ ရောက်လာတာ ကျုပ် အရမ်းပျော်တာပဲ"

"ပျော်ရင် ကျွန်မစကားကို နားထောင်နော်"

"အင်း"

"ဆေးသောက်ရအောင်"

"ကျုပ်ကို အိပ်ဆေးတွေ ထည့်မတိုက်ပါနဲ့နော်၊ ကျုပ် မအိပ်ချင်လို့"

"အင်းပါ"

နက်နက် ဆေးတိုက်တော့ သူက အေးဆေးစွာသောက်နေသည်။

အခန်းတွေ သန့်ရှင်းဖို့အတွက် နက်နက် ကြိုးပမ်းခဲ့ရ၏။

ကိုသုတ ငြိမ်သက်နေသည်။

"ကျွန်မ လုပ်သမျှ ရှင် ငြိမ်ငြိမ်လေး ကြည့်နေနော်၊ ဒါမှ ရှင် မအိပ်ရမှာ"

"အင်း"

သူ ...

ထိုင်ကြည့်နေသည်။

ကိုသုတရဲ့ စိတ်တွေက အရင်ကအကောင်းတဲ့။

ပညာတတ်ဘွဲ့ရပါ။

နောက်ပိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



နေ့မအိပ်ညမအိပ် ဖြစ်လာပြီး စိတ်ဝေဒနာတွေ ခံစားလာရတာတဲ့။

စိတ်မကောင်းလိုက်တာ။

မြသွေးရောင်စံအိမ်မှာ ကိုသုတအား အရေးစိုက်မည့်သူ တစ်ယောက်တလေမှ မရှိကြ။

သူမ ...

အခန်းတွေကို သန့်ရှင်းရေးလုပ်နေမိသည်။

"ကျွီ"

"ဟင်"

ဂျင်မ ဝင်လာသည်။

မျက်နှာ ပျက်သွား၏။

"တယ်ဟုတ်ပါလား၊ ရှင် ဘယ်လို လုပ်လိုက်သလဲ၊ ရှင့် စကားကိုတော့ အတော်လေး လိုက်နာသသားပဲ"

ဂျင်မ ...

အိမ်ဖော်မလေးဖြစ်ပြီး စကားပြောတာက နည်းနည်း ရင့်သီးချင်သည်။

နက်နက် ဘာမှ မပြောတော့။

ကိုသုတကိုပင် မထေမဲ့မြင် လုပ်နေတတ်တဲ့ မိန်းကလေးဖြစ်သည်။

"မနက်နက်"

"ရှင်"

"ရှင် အိမ်သန့်ရှင်းရေးတွေ ဘာတွေ လုပ်ပေးစရာ မလိုပါဘူး"



"ဘာဖြစ်လို့လဲ ဂျင်မ"

"ရှင့်အလုပ်မဟုတ်ဘူးလေ"

"ကိုသုတရဲ့ ဝေယျာဝစ္စတွေ ကျွန်မ လုပ်ပေးရမှာပဲလေ ကျွန်မ ကိုယ်တိုင်လည်း ညစ်ပေနေတာမျိုး မကြိုက်ဘူး"

ကျွန်မကို တင်းမာတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေသည်။

သဘောမကျသလိုပင်။

"ကျွန်မက ဘာလုပ်မှာလဲ"

"ဂျင်မက တခြားလုပ်စရာရှိတာတွေ လုပ်ပါ၊ ကိုနန္ဒက ကျွန်မကို မှာသွားတယ်၊ ကိုသုတ ကိစ္စအဝဝ ကျွန်မက လုပ်ပေးပါတဲ့"

"ရှင် ဘာစကားပြောတာလဲ၊ ကျွန်မတို့တွေအားလုံးကို မယုံကြည်လို့တဲ့သဘောလား"

ဂျင်မတစ်ယောက် မနာလိုဝန်တိုစွာ ကျွန်မကို ကြည့်သည်။

ဘယ်လို မိန်းကလေးလဲ ...

ဒီအိမ်ကြီးမှာ ရှိတဲ့ လူတွေအားလုံး စိတ်ကောင်းနှလုံးကောင်း မရှိကြပေ။

ကိုသုတအတွက် စိတ်ပူလာရသည်။

အမွေကိစ္စတွေ ဘယ်တော့ ပြီးပြတ်မှာလဲ ...

ကျွန်မ ...

ရန်ကုန် ခေါ်သွားပြီး ဆေးဝါးကုသပေးချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးသုတ"

"ဘာလဲ"

"ရေချိုးမယ်"

"မချိုးဘူး"

ကိုသုတက ဂျင်မကို ကြည့်မရ။

မျက်နှာထား တင်းတင်းမာမာနှင့် ဂျင်မကို ကြည့်နေသည်။

"ရှင် ဘာလို့ ဆန့်ကျင်နေရတာလဲ၊ တစ်သက်လုံး ဂျင်မ လုပ်ပေးခဲ့တာ မဟုတ်လား"

"ဂျင်မ"

"ဘာလဲ"

"သူက မင်းရဲ့ အလုပ်ရှင်လေ၊ စိတ်ရောဂါဝေဒနာရှင် တစ်ယောက်၊ မင်း သူ့စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့"

နက်နက် သည်းမခံနိုင်။

စိတ်ဝေဒနာရှင်တစ်ယောက်အပေါ် ဒီလောက်အထိ မရက်စက်သင့်ပါဘူး။

"ထ"

"ဂျင်မ"

"ဟင်"

ကိုသုတအား ဂျင်မ အတင်းဆွဲထူနေသည်။

"ရှင် မလုပ်ပါနဲ့"



"ကျွန်မတာဝန် ကျွန်မလုပ်တာပဲ"

"အတင်းမလုပ်ပါနဲ့"

"ရှင် ပြောစကား နားမထောင်ရင် မေမေကြီးစန္ဒီကို ပြောမယ်"

"မပြောနဲ့နော်"

ကိုသုတ ကြောက်လန့်တကြား ပြောသည်။

ဂျင်မ ထွက်သွားဟန် ပြုတော့ ကိုသုတက အတင်းလိုက်ခေါ်သည်။

"ဂျင်မ ငါ ရေချိုးမယ်၊ မသွားပါနဲ့၊ မမကြီးစန္ဒီကို ဘာမှ သွားမပြောပါနဲ့"

နက်နက် စိတ်ပျက်စွာဖြင့် ကြည့်နေမိသည်။

ဘယ်လို လူတွေလဲ ...

ကိုသုတအပေါ် အိမ်ဖော်မလေးကပင် ကြင်ကြင်နာနာ မဆက်ဆံပေ။

"ဂျင်မ ... ရှင် ထွက်သွားပါ၊ ကိုသုတ ကိစ္စ ၃ ကျွန်မ အားလုံး လုပ်ပေးပါမယ်၊ ရှင်တို့ အကြမ်းပတမ်း လုပ်နေရင် စိတ်ဝေဒနာရှင်က ပိုပြီး စိတ်ရှုပ်ထွေးသွားမှာပေါ့၊ ကျွန်မ လက်မခံနိုင်ဘူး"

နက်နက် ပြောလိုက်သည်။

ကိုသုတအား ကာကွယ်စောင့်ရှောက်ဖို့ သူမမှာ တာဝန်ရှိနေ၏။

ရင်ဆိုင်ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုးဥတနဲ့ ပတ်သက်တာတွေ၊ စားသောက်ရေးကအစ ကျွန်မ လုပ်မယ်၊ ရှင်တို့ မလာပါနဲ့"

"ဘာ"

ဂျင်မ ချာခနဲ လှည့်ထွက်သွားတော့သည်။

"ဂျင်မ"

ကိုသုတ အတိတ်တလန့်နှင့် လှမ်းပြီး ခေါ်နေသည်။

"ကိုသုတ"

"ဟင်"

"မကြောက်နဲ့"

"မမကြီးက ကျုပ်ကို ဒဏ်ပေးမှာ၊ ကျုပ် အမှောင်ထဲမှာ နေရတာ အရမ်းကြောက်တာပဲ"

"မနေရပါဘူး၊ ကျွန်မ ရှိပါတယ်"

"ကျုပ် ကြောက်တယ်၊ မမကြီးကို ကျုပ် အရမ်းကြောက်တာပဲ"

"မကြောက်ပါနဲ့၊ ရှင် ဘာမှ မဖြစ်စေရပါဘူး၊ ကျွန်မ တစ်ယောက်လုံး ရှိပါတယ်"

တဆတ်ဆတ် တုန်ယင်နေတဲ့ သူ့လက်တွေကို ဆုပ်ကိုင်ထားမိသည်။

ကိုသုတအား ကျွန်မ တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေနဲ့ ပြသဖို့ ကြိုးစားမယ်။

သနားစရာကောင်းလိုက်တဲ့ ကိုသုတ။

ချမ်းသာကြွယ်ဝတဲ့ စည်းစိမ်ဥစ္စာတွေကြားထဲမှာ စိတ်သောကတွေ ခံစားနေရသည်။



အားလုံး မတရား လုပ်နေတာပါ။

ကိုနန္ဒ သေဆုံးရတဲ့ ကိစ္စတွင်လည်း ရိုးသားမှု ရှိမရှိ စုံစမ်းရမည်။

မသမာမှုတွေကို ဖော်ထုတ်ရမှာ နက်နက်ရဲ့ တာဝန်ပဲ။

"ကျွိ"

တစ်ခါး ပွင့်လာသည်။

ဒေါ်စန္ဒီ ပါလာ၏။

"နက်နက်နီ"

"ရှင်"

"မောင်လေးသုတကို စည်းကမ်းပျက်အောင် ညည်း မလုပ်ပါနဲ့"

"ကျွန်မတာဝန် ကျွန်မ ထမ်းဆောင်တာပါ ဒေါ်စန္ဒီ၊ ကျွန်မက သူနာပြုဖြစ်တဲ့အပြင် တခြားဝေယျာဝစ္စတွေလည်း စောင့်ရှောက်ပေးဖို့ တာဝန်ပေးလိုက်ပါတယ်"

ဒေါ်စန္ဒီ ...

ရှင်ကြီးက ကိုသုတကို သေစေချင်တာ မဟုတ်လား။

အမွေကိစ္စမှာ ရှင် ပေးရမှာက ကိုသုတပဲ ရှိတော့တာမဟုတ်လား။

နက်နက် ကာကွယ်စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်လိုက်မိသည်။

မတရားလုပ်လို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှေ့မှာ ဘယ်လိုလူမျိုးကိုမှ မတရားလုပ်လို့ မရဘူး။

"ကျွန်မက ကိုသုတကို စောင့်ရှောက်ဖို့ ၄ားထားတဲ့သူပါ"

"ကျုပ်တို့ကလည်း သုတရဲ့ သွေးသားတွေပဲ၊ ကျုပ်က အိမ်ရှင်လေ၊ ညည်း မေ့နေပြီလား"

နက်နက်နီကို ဒေါ်စန္ဒီ သိပ်ပြီး သဘောမကျဘဲ ဖြစ်နေသည်။

ဒီမိန်းကလေး မိမိတို့ကိစ္စတွေကို ဝင်စွက်ဖက်မှာလား။

"ကျွန်မမှာ တာဝန်ရှိလို့ပါ၊ ကိုနန္ဒနဲ့ စာချုပ်ချုပ်ထားတယ်လေ၊ ကိုသုတရဲ့ စားသောက်ရေးကစပြီး ဝေယျာဝစ္စတွေ အားလုံး ကျွန်မ တာဝန်ယူရမယ်လို့"

သုတကို စည်းရုံးထားနိုင်တာတော့ အမှန်ပဲဖြစ်သည်။

အခန်းက ရှင်းလင်းနေ၏။

သုတက ငြိမ်သက်နေသည်။

မိမိကို အရမ်းကြောက်၏။

ဆရာမဆိုတဲ့ နက်နက်ကို ဒေါ်စန္ဒီ စိုက်ကြည့်နေမိသည်။

ဘာကြောင့် ရောက်လာတာလဲ ...

နန္ဒမှာ ဘာအကြံအစည်တွေများ ရှိနေလဲ ...

"ဆရာမ"

"ရှင်"



"ကျုပ်တို့ မိသားစု[illegible] ဝင်မရှုပ်စေချင်ဘူး"

"ကျွန်မ ဘယ်သူ့ကိစ္စမှ ဝင်မရှုပ်ပါဘူး၊ ကိုသုတအတွက် ငွေကြေး လက်ခံထားလို့ပါ"

"စိတ်ဝေဒနာရှင်တစ်ယောက်ကို ညည်း စည်းရုံးသိမ်းသွင်းဖို့ မကြိုးစားပါနဲ့"

"ကျွန်မ ဘာမှ မစည်းရုံးပါဘူး၊ လူနာကို သက်သာပျောက်ကင်းအောင်ပဲ ကျွန်မ ကူညီစောင့်ရှောက်ပေးမှာပါ"

"သုတက တို့မိသားစုဝင်တွေကို ကလန်ကဆန် လုပ်လာတာမျိုးတော့ ကျုပ် လုံးဝလက်မခံနိုင်ဘူးနော်"

သုတကို ဒေါ်စန္ဒီက ဆေးဝါးတွေဘာတွေ ကုသမပေးလိုတော့ပေ။

သူ့အကုသိုလ်နဲ့သူ ရှင်းစေချင်တာပါ။

နက်နက်နီ ...

ညည်း ဘာဝင်ရှုပ်ချင်တာလဲ ...

ဂျင်မက ပြောတော့ အစ်ကိုလေးသုတ အနားကို ဘယ်သူမှ အကပ်မခံဘူးတဲ့။

သင်းက ဘာဆိုင်လို့လဲ ...

"သုတ"

"ဗျာ မကြီး"

"နင် ဆရာမအားကိုးနဲ့ ငါတို့ကို ခုက္ကပေးဖို့ လုံးဝ မကြိုးစားနဲ့နော်"

"ဟုတ်ကဲ့ မကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဂျင်မ လုပ်ပေးတာကိုလည်း လက်ခံ"

"ဟုတ်"

"နင် ပြောစကားနားမထောင်ရင်တော့ ငါ ဒဏ်ပေးမှာနော်"

"ဟုတ်ကဲ့"

"ဆရာမ သူနာပြုက သူနာပြုအလုပ်ကိုပဲ လုပ်ပါ၊ တခြား မလိုအပ်တာတွေပါ မလုပ်ပါနဲ့"

"ကျွန်မ လက်မခံဘူး"

"ဘာ"

"ကိုနန္ဒနဲ့ သဘောတူထားတဲ့ အတိုင်းပဲ ကျွန်မ လုပ်မယ်"

နက်နက် အလျှော့ပေးလို့ မဖြစ်တော့ကြောင်း သိလိုက်သည်။

ကိုသုတ အပေါ် သူတို့ မရိုးသားကြပေ။

အကောက်ကြံဖို့ ကြိုးစားနေကြသည်ဟု နက်နက် ထင်နေမိသည်။

နက်နက် အလျှော့ပေးလို့ မဖြစ်ဘူး။

"ကျွန်မကို ငှားထားတဲ့ ရက်တွေ ကုန်ဆုံးတဲ့အထိ ကိုသုတ တာဝန် ကျွန်မ ယူရလိမ့်[illegible]"

ဒေါ်စန္ဒီ ဒေါသတကြီးနှင့် ထွက်သွားတော့သည်။



## အခန်း(၇)

"ဒီဆရာမကို အလုပ်ကနေ ထုတ်ပစ်ဖို့ လုပ်ရမယ် သွေးရောင်"

ဒေါ်စန္ဒီ နည်းနည်းလန့်ရတာက သားကြီးသွေးရောင်ကိုပဲဖြစ်သည်။

သွေးရောင်က မဟုတ်မခံ။

မမှန်တာကိုလည်း ဘယ်တော့မှ လုပ်ဆောင်တတ်လေ့ မရှိ။

ဦးလေးတွေအပေါ်မှာလည်း သံယောဇဉ်ကြီးမားသူဖြစ်သည်။

ဒေါ်စန္ဒီအတွက် ခက်နေ၏။

နန္ဒလည်း မရှိတော့ပေ။

သုတပဲရှိတော့မယ် ...

အမွေတွေအားလုံး မိမိ တစ်ယောက်တည်း ရဖို့ နီးစပ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒလည်း မရှိတော့ပေ။

အိမ်ထောင်မရှိတဲ့ နန္ဒရဲ့ အမွေတွေကို မိမိနဲ့သုတ ရမှာ။

သုတ မရှိရင် ...

"ဆရာမက သုတအနားကိုတောင် တို့မိသားစုတွေ မကပ်နိုင်အောင် ကြံစည်နေတယ်"

သွေးရှောင် စဉ်းစားနေမိသည်။

ဆရာမက ဘာသဘောလဲ ...

လေးလေးသုတ အနားကို ဘယ်သူမှ အလာမခံတာ ဘာသဘောလဲ ...

မေမေက အစ်မပဲ "

လေးလေးနန္ဒရော လေးလေးသုတအပေါ်ရော မေမေ နည်းနည်း လောဘကြီးတတ်သည်။

ဒါပေမဲ့ ...

သူစိမ်းသူရံစာဖြစ်တဲ့ နက်နက်နီက ဘာကြောင့် ဒီလို လုပ်ရတာလဲ ...

နက်နက်နီ ...

မင်း ဘယ်လို မိန်းကလေးမျိုးလဲ ...

ဘာကြောင့် ...

တို့မြသွေးရောင်စံအိမ်ကြီးထဲ ဝင်လာရတာလဲ ...

"ဆရာမက အရမ်းကို မာကျောနေတာပဲ သား၊ ဘယ်သူ့မှ ဂရုမစိုက်တဲ့ပုံစံပဲ"



"သူက လေးလေးသုတကို ပြုစုပေးဖို့ ခေါ်ထားတာပဲ မေမေ၊ ကောင်းတာပဲ၊ လေးလေး သုတ ဒုက္ခတွေကို မခံစားရတော့ဘူးပေါ့"

"တို့ မြသွေးရောင်စံအိမ်ကြီးထဲကို ဒီသူနာပြုဆရာမ ဝင်လာတာ အကြံအစည်တစ်ခု ရှိရမယ်လို့ ထင်တယ်"

"မင်း ဒီလို မထင်သင့်ဘူး စန္ဒီ၊ ကောင်မလေးက ရိုးသားမဲ့ပုံပါ"

ခင်ပွန်းဖြစ်သူ ကိုကျော့မောင်ကိုတော့ မိမိ စောဒက မတက်ရဲပေ။

ကြောက်ရသည်။

ဟွန်း ...

ရှင်က မိန်းမချောလေးတွေ့ရင် အရောဝင်ချင်တာ မဟုတ်လား။

"ဆရာမက တချုပ်နဲ့ လာတာပဲ၊ မင်း သွားပြီး အလုပ် ထုတ်ရင် ပြဿနာတွေ ရှုပ်ထွေးကုန်လိမ့်မယ်"

ယောက်ျားက ပြောလိုက်တော့ ဒေါ်စန္ဒီ ဘာမှ မပြောတော့။

သွေးရောင် ထွက်လာခဲ့သည်။

အိမ်တွင်းရေးတွေ ရှုပ်ထွေးနေတဲ့ မြသွေးရောင်စံအိမ်ကြီးကို စိတ်ပျက်နေတာတော့ အမှန်ပဲဖြစ်၏။

သူ ...

ပထွေးဖြစ်သူကို အမြင်ကတ်နေမိတာကတော့ အမှန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူရှုပ်လူပွေတစ်ယောက်ပဲ။

မေမေက ကြောက်နေရသည်။

"အစ်ကိုလေး"

"ဟင်"

ဂျင်မ အနားကပ်လာသည်။

"ဆရာမကို အလုပ်ထုတ်ပစ်ပါ"

"ဘာ"

"အစ်ကိုလေးသုတအပေါ် အကောက်ကြံမယ်လို့ ကျွန်မထင်နေတယ်"

နက်နက်နီ ...

ညည်းက လုလည်ကျတာပဲ ...

ရမလား ...

အစ်ကိုလေးသုတကို ငါပဲ ပိုင်ရမှာ။

ဂျင်မနဲ့ ရွယ်တူလောက် ရှိမဲ့ နက်နက်နီကို ကြည့်၊ မိမိက အရိုအသေပြုခဲ့သည်။

ဟွန်း ...

သင်းက အကြံကြီးသည်။

ဂျင်မထက်ပင် အစ်ကိုလေးအပေါ် အကောက်ကြံတော့မည်ဖြစ်၏။

"အစ်ကိုလေးသုတမှာ အန္တရာယ်ရှိမယ် ထင်တယ်"

"ဟင်"

မြသွေးရောင်စံအိမ်ကြီးထဲမှာ အစ်ကိုလေးသွေးရောင် အဓိကဖြစ်သည်။



မိသားစုဝင်တွေအားလုံး ကြောက်ကြရ၏။

အစ်ကိုလေးသွေးရောင်ကို အတို့အထောင် လုပ်ပေးဖို့ လိုအပ်သည်။

"ဆရာမကို အလုပ်ကနေ ထုတ်ပစ်လိုက်ပါ၊ အစ်ကိုလေး စဉ်းစားကြည့်လေ၊ ဒီလောက် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ဒီလောက်ခေါင်းတဲ့ နေရာကို အကြံအစည် မရှိဘဲ ရောက်လာမလား"

ဂျင်မ ပြောတာ စဉ်းတော့ စဉ်းစားစရာပဲဟု သွေးရောင် တွေးမိနေသည်။

နက်နက်နီဆိုတဲ့ နာမည်ကြီးကိုပင် သဘောမကျမိပဲ ဖြစ်နေရ၏။

ရုပ်ရည်ကတော့ ရှင်းသန့်နေသည်။

မဟုတ်တာ လုပ်မည့်ပုံမပေါ်။

မျက်ဝန်းတွေက ထက်ထက်မြက်မြက်နှင့် တာဝန်ကျေမည့်ပုံပဲ။

"ဂျင်မကိုတောင် လာစရာမလိုတော့ဘူး တဲ့"

"ဟာင်"

"အစ်ကိုလေးသုတအတွက် အန္တရာယ် ရှိတယ်နော်"

"ဂျင်မ"

"ရှင်"

"အစ်ကိုလေး သွားကြည့်မယ်၊ မင်းနဲ့ မဆိုင်တဲ့ကိစ္စတွေထဲ ဝင်မပါပါနဲ့၊ မေမေ့ကိုလည်း လေးလေးသုတနဲ့ ပတ်သက်တာတွေ သွားမပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဂျင်က လေးလေးသုတကို မြူစုလာတော့ စိတ်မကောင်းလို့ပါ"

ဟွန်း ...

ရှင်တို့က နက်နက်နီလို မိန်းမချောလေးကျတော့ ဒီကနေ ထွက်မသွားစေချင်ကြဘူး မဟုတ်လား။

ဂျင်မံ ဒေါသတွေနှင့် တင်းနေမိသည်။

ဒီဆရာမကို အမြင်ကတ်နေမိ၏။

ရောက်လာတာတောင် မကြာသေးဘူး၊ နေရာတကာ အုပ်စိုးချင်နေသည်။

အစ်ကိုလေးသုတကရော ...

စိတ်ရောဂါဝေဒနာရှင်ကတောင် အလှအပ ကြိုက်တယ်။

နက်နက်နီနှင့်ကျတော့ အတော်လေး ဟုတ်နေသည်။

"ဂျင်မ"

"ရှင်"

"လေးလေးသုတအလုပ်တွေ နင် မလုပ်ရတော့ဘူးဆိုရင် အိမ်မှုကိစ္စတွေ လုပ်ပေါ့"

"ဟုတ်ကဲ့"

ဂျင်မကိုလည်း သွေးရောင် သိပ်ပြီး ကြည့်လို့မရပေ။

နေရာတကာ ဝင်ပါချင်သည်ဟု ထင်မိနေသည်။

အိမ်မှာ ...

လေးလေးနှ အသုဘရက်မလည်သေးပေ။



ပြဿနာတွေ ထပ်မဖြစ်လိုတော့။

နက်နက်နီဆိုတဲ့ မိန်းကလေးကိုလည်း နည်းနည်း သုလာဖို့ လိုအပ်သည်ဟု ထင်မိသည်။

ဘယ်လို မိန်းကလေးမျိုးလဲ ...

လေးလေးနန္ဒနှင့်တော့ အလုပ်တာဝန်အတွက် ငွေ အေးချေတဲ့စာချုပ်ရှိ၏။

တစ်နှစ်တဲ့ ...

အမွေတွေ ခွဲနေတဲ့ကိစ္စလည်း အိမ်တော်စိုးကြီးက ဆောင့်နေဆဲဖြစ်သည်။

သွေးရောင် ခြေလှမ်းတွေက လေးလေးသုတအခန်း ဆီ ရောက်လာ၏။

လေးလေးသုတကို သွေးရောင် သနားသည်။

ပညာတတ်ယောကျ်ားတစ်ယောက် ဖြစ်ပြီး စိတ် ဝေဒနာတွေ ခံစားနေရ၏။

လေးလေးသုတ စိတ်ဖောက်ပြန်သွားတာ တစ်နှစ် ကျော်ပဲ ရှိဦးမည်။

ဆေးဝါးလည်း ကောင်းကောင်းမကုသရဟု မိမိ ထင်နေမိသည်။

"ကျွိ"

လေးလေးသုတ အခန်းကို အသာဖွင့်ကြည့်လိုက်မိ သည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အရင်ကနှင့်မတူအောင် လေးလေးသုတ အခန်းက သန့်ရှင်းနေသည်။

အံ့သြစရာပဲ ...

လေးလေးသုတ ကိုယ်တိုင်က သူ့အခန်းကို ရှင်းလျှင် သိပ်မကြိုက်တတ်ပေ။

တံခါးပွင့်လာသဖြင့် ဆရာမက နောက်သို့ လှည့်ကြည့်သည်။

လေးလေးသုတက အိပ်နေ၏။

"ရှင်"

သူ ...

အခန်းထဲ ဝင်လာခဲ့သည်။

နက်နက်နီက သူ့ကို ကြည့်၏။

"ကျုပ် လေးလေး အခြေအနေ လာကြည့်တာပါ"

"ထိုင်ပါရှင်"

ကိုသွေးရောင် ...

မျက်နှာက နနလေး ...

ကြမ်းတမ်းတဲ့အသွင် ဆောင်နေသည်။

မဆိုးကြီးတဲ့။

မျက်နှာမှာ အမွေးအမျှင်တွေနှင့် မျက်ဝန်းအကြည်တွေက မာထန်နေသည်။

အပြုံးအရယ် မရှိပေ။

"ဆရာမ"



"ပြောပါ"

"လေးလေး အခြေအနေကတော့ တိုးတက်လာပုံပါပဲ"

"ကိုသွေးရောင်ကို ကျွန်မ နည်းနည်းတော့ ပြောချင်ပါတယ်၊ ကိုသုတအတွက် အစစအရာရာ ကျွန်မ တာဝန်ယူပါရစေလို့"

နက်နက်နီ ဘာသဘောနဲ့ ပြောနေတာလဲ ...

သူနာပြုဆရာမ တစ်ယောက်က လူနာအပေါ် ဒီလောက်အထိပဲ တာဝန်ယူလား။

မင်း သဘောရိုးမှ ဟုတ်ရဲ့လား။

"ကျွန်မ တာဝန်ယူရတဲ့ တစ်နှစ်အတွင်းမှာပေါ့၊ ရှင့် လေးလေးသုတ ဘာမှ မဖြစ်စေရပါဘူး"

ဒီလူ ...

ဘယ်လိုလဲ ...

မြသွေးရောင်စံအိမ်ကြီးရဲ့ ဩဇာအာဏာရှိဆုံး အင်သည်။

"နက်နက်နီ"

"ရှင်"

"လိုအပ်တာတော့ ခင်ဗျား လုပ်ပေးပါ၊ မလိုအပ်ဘဲနဲ့တော့ သူများအလုပ်တွေပါ သိမ်းကျုံးမလုပ်ပါနဲ့"

"ကျွန်မက စေတနာနဲ့ပါ၊ ရှင်တို့ မြသွေးရောင်က လူတွေ တစ်မျိုးပဲ"

"လိုအပ်တာလောက်ပဲ ကောင်းပါတယ်"

"ကိုနန္ဒက"

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးနန္ဒမှ မရှိတော့တာပဲ၊ ခင်ဗျား အဲဒီနာမည်ကို သိပ်အသုံးမပြုပါနဲ့"

"ဘာရှင့်"

ရှင်တို့ ...

အလကားလူတွေ ...

အမွေတွေကို အာသာငမ်းငမ်းနဲ့ မက်မောပြီး သွေးသားရင်းကိုတောင် အကြင်နာတရား မရှိတဲ့ လူတွေ ...

မုန်းစရာကောင်းလိုက်တာ ...

ကိုသွေးရောင် ...

နာမည်ကိုက ရက်စက်ကြမ်းကြုတ်နေသည်။

အလုပ်က ...

မုဆိုး ...

ရှင့်လို လူတစ်ယောက်ဆီမှာ အကြင်နာတရားဆိုတာ ဘယ်မှာရှိမှာလဲ ...

"ဒီမှာ လေးလေးနန္ဒကြောင့် အားလုံး စိတ်သောက ရောက်နေကြတယ်၊ အသုဘလည်း မပြီးသေးဘူး၊ ခင်ဗျား အခုမှ ရောက်လာပြီး အရာအားလုံးကို ဗိုလ်ကျဆိုးဝါးဖို့ မကြိုးစားစေချင်ဘူး ဆရာမ"

"ကျွန်မ"

"လေးလေး အခြေအနေ တိုးတက်လာတာတော့ ကျုပ် ကျေနပ်ပါတယ်၊ ဒါပေမဲ့ ကျန်တဲ့လူတွေနဲ့ ပြဿနာဖြစ်အောင် မဖန်တီးပါနဲ့"



ကိုသွေးရောင်လို လူတစ်ယောက်နှင့် တွဖက်ပြီး မပြောချင်တော့ပေ။

နက်နက် ဒေါသဖြစ်ရသည်။

ပြဿနာကို ဘယ်သူတွေက စပြီး ရှာနေတာလဲလို့။

ရှင်လည်း အတူတူပဲ ...

"မနက်ဖြန် ဆရာဝန်ကြီး လာမယ်၊ လေးလေး ကျန်းမာရေးအတွက် အသေးစိတ် မေးထားပါ"

"ကျွန်မအလုပ် ကျွန်မ သိပါတယ်"

"မင်း ခေါင်းမမာပါနဲ့၊ လေးလေးသုတ ကိစ္စကို မိသားစုနဲ့ ညှိနှိုင်းပြီး လုပ်ပါ"

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ လူနာကို ဖြစ်သလို ထားနေတာမျိုး ကျွန်မ လုံးဝ လက်မခံနိုင်ဘူး"

ဘယ်လိုလူမျိုးကိုပဲဖြစ်ဖြစ် ကိုသုတနဲ့ ပတ်သက်ပြီး ပြတ်သားစွာ ပြောရမှာပဲဖြစ်သည်။

ရှင်တို့ မတရားလုပ်တာတော့ လုံးဝ လက်မခံနိုင်ပါဘူးနော်။

နက်နက်နဲပဲ ...

မကောင်းမှုဒုစရိုက်သမားတွေကို ဖယ်ရှားတဲ့ နေရာမှာ နာမည်တစ်လုံးနဲ့ နေသွားခဲ့တဲ့ သူနော် ...

"ခင်ဗျားကိုရော ကျုပ်တို့ ဘယ်လောက်အထိ ယုံကြည်ရမှာလဲ အမိ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်"

သူနာပြုဆရာမက ဒီလောက်သွက်လက်ထက်မြက်နေတာမျိုးကိုတော့ မကောင်း၍ နက်နက်နီ ပြန်ထိန်းလိုက်ရသည်။

"ရှင် စောင့်ကြည့်ပေါ့"

နက်နက်နီက တော်တော်လေး မာန်မာန ထောင်လွှားသည်ဟု ထင်မိလာသည်။

လေးလေးသုတအတွက် လိုအပ်နေ၍သာ သူ လက်ခံလိုက်ရ၏။

မင်းက အံ့စွမ်းအစရှိတဲ့ မိန်းကလေးတစ်ယောက်လို့တော့ ငါ ထင်ပါတယ်။

စောင့်ကြည့်ရဦးမှာပဲ ...

မေမေ ပြောသလိုပဲ ဒီမိန်းကလေး ဘာကြောင့်ဒီမှာ အနစ်နာခံပြီး အလုပ်လာလုပ်နေရတာလဲ ...

လေးလေးနဲ့ ချစ်သူရဲ့ ညီမတဲ့။

မမဂျယ်လို့အကြောင်းကို လေးလေးနဲ့ ပြောနေတော့ ကြားဖူးသည်။

လက်ထပ်တော့မယ်တဲ့ ...

လေးလေးသုတကြောင့် လက်မထပ်ဖြစ်တာပါ။

"အမိ"

"ပြောပါ"

"ကျုပ် လေးလေးသုတကို စောင့်ရှောက်ပေးတာတော့ ကျုပ် ကျေးဇူးတင်ပါတွယ်၊ ဒါပေမဲ့ ပြဿနာတော့ မရှာပါနဲ့"



"ကျွန်မ"

မပြောချင်တော့ ...

ပြဿနာရှာတာက ရှင်တို့ မိသားစုဝင်တွေဟု ပြောချင်မိသည်။

"မိသားစုဝင်တွေ အပေါ်မှာတော့ ခင်ဗျာ မမောက်မာသင့်ဘူး"

မြသွေးရောင်စံအိမ်မှာ ရှုပ်ထွေးပွေလီနေတဲ့ မိသားစုပြဿနာတွေ ရှိနေသည်။

သွေးရောင် သိ၏။

အမွေတွေ ခွဲပြီးရင်တော့ ကိစ္စတွေ ..င်းသွားမည်ဖြစ်သည်။

ကျုပ်တို့ မိသားစုက ရှုပ်ထွေးနေ...။

မင်း ဝင်မပါစေချင်ဘူး ...

လေးလေးကတော့ နှစ်ခြိုက်စွာ အိ..ပျက်နေသည်။

အရင်က ...

အခန်းထဲ ဝင်ရှင်းတာမျိုး လေးလေးသုတ လက်ခံပေ။

နက်နက်နီနှင့်ကျမှ ရှင်းနေသည်။

အနံ့အသက်တွေလည်း မွှေးကြိုင်နေတာ တွေ့ရ၏။

သွေးရောင် ကျေနပ်မိသည်။

ဒီသူနာပြုဆရာမဟာ လေးလေးသုတ အတွက် လိုအပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးသုတာကို စစ်ဆေးပြီး သူ ထွက်လာခဲ့မိသည်။

တကယ်တော့ ...

မြသွေးရောင်စံအိမ်ဟာ စိတ်ချောက်ချားစရာ သောကရောက်စရာတွေ ပြည့်နှက်နေတဲ့ အိမ်ကြီးတစ်အိမ်ပဲ ဖြစ်နေသည်။

သွေးရောင် စိတ်ပျက်မိသည်။

ထို့ကြောင့်လည်း တောထဲမှာပဲ သွားပြီး နေတတ်၏။

သူ့ကို လူကြမ်းကြီးတစ်ယောက်အဖြစ်ပဲ ထင်မှတ်မနေပါနဲ့ နက်နက်နီ။

မြသွေးရောင်မှာ မနေချင်တော့ပါဘူး။

အိမ်တော်စိုးကြီးက မင်း မရှိရင် မဖြစ်ဘူးဆို၍ နေရခြင်းဖြစ်သည်။

ပထွေးဦးကျော်မောင်ကို မကျေနပ်မိပေ။

သွေးရောင် စိတ်ပျက်မိသည်။

မေမေက ကြောက်ရသည်။

မြသွေးရောင်ရဲ့ အမွေတွေကိုလည်း သုံးဖြုန်းပစ်နေ၏။

ငွေကြေးစည်းစိမ်ဥစ္စာတွေကို သွေးရောင် မမက်မောတာ အမှန်ပါပဲ။

လေးလေးအသုဘပြီးရင်တော့ တစ်ယောက်တည်း တောထဲ၊ သွားနေဖို့ ဆုံးဖြတ်ထားလိုက်မိသည်။



## အခန်း(၈)

"ဆရာမ"

"ဟင်"

"ကျုပ် ညက အိပ်မက်မက်တယ်"

"ပြောပါဦး၊ ဘယ်လိုအိပ်မက်တွေ မက်တာလဲ"

ကိုသုတသည် အရင်ကလောက် စိတ်ဖောက်ပြန်တာတွေ မရှိတော့။

တစ်ရက်နှစ်ရက်အတွင်း သိသာနေသည်။

ဆရာဝန်ကြီး ပေးတဲ့ ဆေးတွေကိုလည်း တိကျစွာ တိုက်နေ၏။

အချိန်မှန်အိပ်၊ အချိန်မှန်စားရ၍ အတော်လေး နေကောင်းနေသည်။

"ကိုကြီးက ကျုပ်ဆီကို လာတယ်"

"ဟုတ်လား၊ ရန်ကုန်ကနေ သူ့ညီကို အရမ်းသတိရနေပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကနိုးလာပြီး ကိုသုတ မျက်နှာသိပ်မကောင်းပေ။

စိတ်ကြည်လင်အောင် အတော်လေး ကြိုးစားပြုစုနေရသည်။

ကိုသုတရယ် ...

မြသွေးရောင်စံအိမ်ကြီးထဲမှာ ရှင် တကယ်ပဲ အထီးကျန်ပြီး ဒုက္ခ သုက္ခတွေ ခံစားနေရရှာတာပဲ။

"ကိုကြီးက ကျုပ်ကို လာပြောတယ်၊ သူ သေပြီတဲ့"

"ဟင်"

နက်နက်က အထိတ်တလန့် ဖြစ်သွားရသည်။

"ညီလေးကို လာနှုတ်ဆက်တာတဲ့၊ ပြောပြီးတော့ ကျုပ်နဲ့ အဝေးကြီးကို ထွက်သွားတယ်"

ကိုသုတအား ဖြေသိမ့်ပေးနိုင်မည့် စကားတွေကို အပြေးအလွှား ရှာရသည်။

"ဆရာမ"

"ဟင်"

"ကျုပ် အစ်ကိုကြီး တကယ်ပဲ သေပြီလား ပြောစမ်းပါ"

"မဟုတ်ပါဘူး၊ မသေပါဘူး၊ ရှင် စိတ်စွဲတာပါ"

"ကျုပ် အစ်ကိုကြီးနဲ့ ဖုန်းပြောချင်တယ်၊ ခင်ဗျား ကျုပ် အစ်ကိုကြီးရှိတဲ့နေရာကို သိလား"

"မသိဘူး၊ ကျွန်မ မေ့လာတယ်၊ ကိုသုတ ရှင် သီချင်းနားထောင်မလား၊ ကျွန်မ ဖွင့်ပြမယ်"



ကိုသုတ စိတ်တွေ အပြောင်းအလဲဖြစ်သွားအောင် ပြောမိသည်။

"နားမထောင်ချင်ဘူး"

"စားဖတ်မလား"

"မဖတ်ဘူး"

အိပ်မက်ရယ် ...

စိတ်ဝေဒနာရှင်တစ်ယောက်ကိုမှ ဒီလို အိပ်မက်မျိုး လာမက်ရလား ...

ကိုသုတ မျက်လုံးတွေက နည်းနည်းကြောင်တောင်တောင် ဖြစ်လာသည်။

ဘုရားရေ ...

နက်နက်နီ ထိတ်လန့်သွားရသည်။

"ကိုသုတ"

"ဟင်"

"ဆေးသောက်ရအောင်"

"ကျုပ် အိပ်ရမှာ ကြောက်တယ်၊ အစ်ကိုကြီး သေပြီလို့ လာပြောမှာ အရမ်းကြောက်တာပဲ ဆရာမ"

"အိပ်ဆေး မဟုတ်ပါဘူး၊ ဆရာဝန်ကြီးက ပေးထားတာလေ"

"ကျုပ် နေကောင်းပါတယ်၊ ဆေးတွေ မသောက်ချင်တော့ပါဘူး"

"ရှင် ကျွန်မစကားသွေ့ကို နားထောင်မယ်ဆို"

www.burmeseclassic.com



"အင်း ... နားထောင်မယ်၊ ကျုပ် အနားကနေ ဘယ်မှ မသွားပါနဲ့နော် ဆရာမ"

"ဒါဆို ဆေးသောက်ပါ"

"အင်း"

ကျုပ် ...

ဆရာမ အနားမှာ ရှိရင် အားရှိသလိုပဲ ...

ဟိုမှာမတွေက အလကားပဲ ...

သူတို့ကို ကြည့်ပြီး ကျုပ် စိတ်တွေ ပိုပြီး ရှုပ်ထွေးလာသလိုပဲ။

ကိုကြီး ...

အိပ်မက်ထဲမှာ သေပြီတဲ့ ...

တကယ်ပဲလား ...

ကိုကြီး မရှိပေမဲ့ ဆရာမ ရှိနေတော့ တော်သေးတာပေါ့။

"ဆရာမ"

"ပြော"

"ကျုပ်ကို ထားခဲ့ပြီး ဘယ်မှ မသွားပါနဲ့"

"အင်း ... ဒါပေမဲ့ ကျွန်မ စကားကိုတော့ နားထောင်ရမယ်နော်"

"နားထောင်ပါ့မယ်"

ကျုပ် စိတ်တွေ အရင်လောက် နောက်ကျုမနေတော့ဘူး ဆရာမ။



အားလုံးကို အမှတ်ရလာတယ် ...

ကျုပ် ပညာသင်ခဲ့တာတွေ ...

ကိုကြီးနဲ့ ...

ပြီးတော့ ...

မကြီးစန္ဒီ ...

"ဆရာမ"

"ဟင်"

"ကျုပ် တစ်ခု အမှတ်ရလာတယ်"

"ဘာလဲဟင်"

"မကြီးစန္ဒီလေ ကျုပ်ကို လှေကားထိပ်ကနေ တွန်းချလိုက်တာ"

"ဟင်"

"ကျုပ် ခေါင်းကို ထိသွားတယ်၊ ကျုပ် ပြောတော့ မကြီးက အတင်းငြင်းဆန်တယ်၊ တကယ်ပဲ ကျုပ်ကို မကြီး တွန်းချတာ"

အဲဒီတည်းက ...

မကြီးကို ကြောက်နေမိသည်။

ကျုပ် ငယ်ငယ်လေးတည်းက အားငယ်စိတ်နဲ့ စိုးရိမ်ထိတ်လန့်စိတ်တွေ သိပ်ရှိတာပဲ။

မေမေက နောက်မိန်းမဆိုတော့ ဖေဖေက အရမ်းနိမ်တာ။

ရိုက်နှက်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အရမ်းကြောက်တယ်။

မကြီးစန္ဒီက အိမ်မှာ မိုလ်ပဲ။

ကျုပ်ကိုလည်း အမြဲတမ်း မလိုလားသလို ဆက်ဆံတတ်တယ်။

"နင်တို့ အမေက ငါ့အမေနေရာကို ဝင်လုဖို့ မာယာတွေနဲ့ ငါ့အဖေကို ဖြားယောင်းသွေးဆောင်ခဲ့တာပဲ၊ ဒီပစ္စည်းတွေက ငါ့အမေ မိဘတွေဘက်က အမွေရလာခဲ့တာဟဲ့၊ နင်တို့ ကြိမ်စာမိလိမ့်မယ်၊ ငါ့အမေက ကြိမ်စာတိုက်ခဲ့တာ"

ကျုပ် ငယ်စဉ်လေးတည်းက ကြားလာခဲ့ရတာပါ။

စိတ်တွေ အမြဲအားငယ်နေရတယ်။

ဖေဖေကလည်း ကျုပ်တို့ကို အကာအကွယ် မပေးနိုင်ဘူး။

မကြီး မျက်နှာအညိုမခံတဲ့ ဖေဖေက မေမေနဲ့ ကျုပ်တို့ကိုပဲ နှိမ်ထားတယ်။

ကိုကြီးနန္ဒက မခံဘူး။

ပြဿနာရှာတတ်တယ်။

ဖေဖေ ဆုံးတော့ အမွေကိစ္စတွေ မျှတအောင် ကိုကြီးက ပြောတယ်။

"ကိုသုတ"

"ဗျာ"

"ရှင် ဘာတွေ စဉ်းစားနေတာလဲ၊ ခေါင်းခြောက်စရာတွေ မစဉ်းစားပါနဲ့"



"ဆရာမ"

"ရှင်"

"ကျုပ်ဘဝအကြောင်းတွေ ကျုပ် တဖြည်းဖြည်း စဉ်းစားမိလာပြီ"

"မစဉ်းစားပါနဲ့"

"မကြီး ကျုပ်ကို တွန်းချလိုက်ပြီးတည်းက ကျုပ် ကြောက်ပြီး မအိပ်နိုင်ဖြစ်ရတာ၊ ကျုပ် စိတ်တွေ အရမ်းချောက်ချားသွားရတာပဲ"

"အဲဒီအကြောင်းတွေ ရှင့် အစ်ကိုကြီးကို ပြောပြလား"

"မပြောပြရဲပါဘူး၊ ကျုပ်ကို မကြီးက ပေါက်ကရတွေ ပြောရင် သတ်ပစ်မယ်တဲ့၊ ကျုပ် ကြောက်ပြီး ကိုကြီးကို ခုထိ မပြောပြရသေးဘူး"

"ရှင် ဆေးသောက်တော့နော်၊ ရှင့်စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားပါ၊ ယောကျ်ားပဲ ဘာအားငယ်စရာရှိလဲ"

"ဆရာမ"

"ဟင်"

"ကိုကြီး ပြန်လာရင်တော့ ဒီအကြောင်းတွေ ပြောပြလိုက်ရမလား"

ရှင့်အစ်ကိုကြီး ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ပါဘူး ကိုသုတ။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မကြီးကို အရမ်းကြောက်တာပဲ၊ ကျုပ် ပေမေရှိစဉ်တည်းက ကျုပ်တို့သားအမိတွေကို အရမ်းနှိပ်စက်တာပဲ"

ကိုသုတာသည် အရင်စိတ်သို့ အတော်လေး ရောက်လာပြီဖြစ်၍ အတိတ်ကအကြောင်းတွေကို အတော်လေး အမှတ်ရလာသည်။

မကြီးစန္ဒီက တွန်းချတာယ်တဲ့။

စိတ်ဝေဒနာရှင်တစ်ယောက်က ပြောတဲ့စကားဖြစ်၍ ယုံရခက်နေသည်။

ဖြစ်လည်းဖြစ်နိုင်သည်။

ကိုနန္ဒနှင့် ပတ်သက်တာတွေ မမဂျယ်လီကို မေးရမယ်။

ဒီအတိုင်းမှန်တယ်ဆိုရင်တော့ ကိုနန္ဒလည်း ဒေါ်စန္ဒီရဲ့ လုပ်ကြံခြင်းကို ခံရတာပဲ ဖြစ်နိုင်သည်။

"ကိုသုတ"

"ဟင်"

"ဆေးသောက်ရအောင်"

"အင်း"

ကိုသုတက ဆေးကို အသာတကြည်ပင် ယူ၍ သောက်နေသည်။

နက်နက်နဲ စကားကို နားထောင်၏။

စိတ်ငြိမ်အောင် အမိကကြိုးစားပေးရမည်ဟု ဆရာက ပြောထားသည်။



"အတိတ်အကြောင်းတွေကို ရှင် ဘာမှ မတွေးနဲ့နော်၊ ရှင့်ကိုကြီး ပြန်လာရင် မိန်းမချောပါလာမှာ၊ ရှင့်ကိုကြီးရဲ့ မိန်းမကို ရှင် တွေ့ချင်တယ် မဟုတ်လား"

"အင်း"

ကိုသုတ မျက်လုံးတွေ မှေးစင်းလာပြီး အိပ်ပျော်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"မနက်နက်ခီ"

"မနက်နက်ခီ"

"ဟင်"

အပြင်မှ အော်ဟစ်ခေါ်သံကြောင့် သူမ အထိတ်တလန့်နှင့် ထွက်လာမိသည်။

"ဘာကိစ္စလဲ"

"မနက်ဖြန် ကိုနန္ဒ ရက်လည်လေ၊ ဘုန်းကြီးဆွမ်းကပ်မလို့ ရှင့်ကို ဖိတ်ခိုင်းတယ်"

"ရှူး"

ကိုသုတ ကြားသွားပြီလားဟု သူမ စိတ်ပူသွားမိသည်။

အထဲမှာ ကိုသုတ ရှိနေသည်။

ဂျင်မ ...



တမင် ...

ဗအော်ခြင်းပင် ...

"ကျွန်မကို မေမေစန္ဒီက အပြောခိုင်းလိုက်လို့လာပြောတာပဲ"

"ကိုသုတ ကြားသွားပါ့မယ်"

"ဟိုမိသားစုကတောင် ဘာမှ မဖြစ်ဘဲ ရှင်က ဒီလောက် အထိ အဖြစ်သည်းမနေစမ်းပါနဲ့"

"ဂျင်မ ရှင်တို့က ကိုသုတကို သတ်သေစေချင်လို့"

"ရှင် ဘာစကားပြောတာလဲ၊ ဂျင်မ တစ်သက်လုံး ပြုစုလာတာပဲ၊ အခုမှ အဖြစ်သည်းမနေနဲ့"

"တော်ပြီ၊ ရှင်နဲ့ ဘာမှ ဆက်မပြောချင်ဘူး၊ ကျွန်မ လာခဲ့မယ်လို့ပဲ ပြောလိုက်ပါ"

ကိုသုတ အိပ်နေလို့ တော်သေးတယ်။

ဘယ်လို လှူကြွလဲ ...

နက်နက်ခီ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ကိုသုတ ...

တကယ် မလွယ်ဘူး ...

စိတ်ဝေဒနာကလည်း အတော်လေး သက်သာလာပြီဖြစ်သည်။

ထပ်ပြီး ...

သောကရောက်စရာတွေနှင့် မကြုံစေချင်တော့ပေ။

ဒေါ်စန္ဒီ ...

ရှင်က မောင်တွေအပေါ်မှာတောင် အကြင်နာတရားကင်းမဲ့တဲ့ မိန်းမပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို မမကြီး တွန်းချတယ်"

ကိုသုတက ပြောခဲ့သည်။

ထိုအကြောင်းကို ဟုတ်မဟုတ် သူမ စုံစမ်းလေ့လာ ချင်မိ၏။

ကိုနန့် သေဆုံးရတာရော ...

"မမကြီးက ခြိမ်းခြောက်ထားတယ်၊ မဟုတ်တာတွေ ပြောရင် သတ်ပစ်မယ်တဲ့၊ ကျုပ် ကိုကြီးတောင် မပြောရသေးဘူး"

ကိုသုတက စိတ်အားငယ်တတ်တဲ့ လူတစ်ယောက်ပဲ။

နက်နက်နဲနဲ စိတ်ဝင်စားလာမိသည်။

စုံစမ်းရမယ် ...

ကိုသုတကို ကယ်တင်ရမယ် ...

အိမ်ဖော်ကအစ ကိုသုတအပေါ် အကောက်ကြံချင် နေသည်။

ကိုသုတကို သနားနေမိ၏။

ကိုသွေးရောင် ...

ရှင်ကတော့ ကိုသုတအပေါ် စေတနာထားသယောင် ပဲ။

မဖြစ်နိုင်ပါဘူး။

လောဘသားကောင်တွေ ...

အတွက်ကြီးနေကြတယ်။

မြသွေးရောင်ရဲ့ အိမ်သူအိမ်သားတွေက စိတ်သဘော ထား မဖြူစင်ကြဟု ထင်နေမိသည်။



ကိုသွေးရောင်ပဲ ...

ကြမ်းတမ်းလိုက်တာ ...

မျက်နှာနုနုလေးပေါ်မှာ ဒီလောက်ကြမ်းတမ်းတဲ့ အမွေးအမျှင်တွေ။

တမင် ...

မရိတ်ဘဲ ထားတာပဲ နေမှာပဲ။

ညက ...

ညဉ့်နက်နေပြီ။

ကိုသုတ အိပ်နေတဲ့ သူမအခန်းကို သူမ ဝင်လာခဲ့မိ သည်။

အိပ်စက်ဖို့ ကြိုးစားနေမိ၏။

"ဒေါက်"

"ဒေါက် ... ဒေါက်"

ခြေသံကြားရ၍ သူမအခန်းတံခါး ဖွင့်ပြီး ကြည့်လိုက် မိသည်။

"ဟင်" ...

မြကလျာ ...

ကိုသုတ အခန်းဘက်ကနေ ပြန်ထွက်သွား သဖြစ်သည်။

ဘာလာလုပ်တာလဲ ...

ကိုသုတ အခန်းသို့ မြကလျာ ရောက်လာတတ်ပြေ ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြသွေးရောင်မှာ မြကလျာက ပို၍ မာန်မာနကြီးသူဖြစ်သည်။

ထူးခြားနေသည်ဟု ထင်မိလာရ၏။

နက်နက်နီ ထွက်လာပြီး ကိုသုတအခန်းကို စစ်ဆေးသည်။

ဘာမှ ခြေရာလက်ရာ မတွေ့။

အခန်းတံခါးကို နက်နက်နီ ကိုယ်တိုင် အပြင်မှ သော့ခတ်ခဲ့သည်။

ဘာမှ မဖြစ်။

တော်သေးတယ် ...

အခန်းတံခါးကို သော့ဖွင့်ကြည့်လိုက်တော့ ကိုသုတ အိပ်နေဆဲပင်။

ဒါဆို ...

ကလျာ ဘာလာလုပ်တာလဲ ...

စိတ်ဝေဒနာရှင် ကိုသုတအတွက်ပဲ စိတ်ပူနေမိသည်။

မနက်ဖြန် ...

အသုဘရက်လည် ...

သူမ သွားရမှာပဲ ...

မြသွေးရောင် မိသားစုဝင်တွေကို သူမ အကဲခတ်ရမည်။

ကိုသုတ အခန်းကို ပိတ်ပြီး သူမ တခြားနေရာတွေကို လှေ့လာချင်လာမိသည်။



မြသွေးရောင်အိမ်ကြီးက သိမ်ပြီး ရှုပ်ထွေးမှုတော့ မရှိ။

အခန်းတွေတော့ များသည်။

ဒေါ်စန္ဒီတို့ မိသားစုဝင်တွေက အောက်ထပ်မှာပဲနေကြ၏။

အခု ...

နက်နက်နီ ရောက်လာတော့ အပေါ်ထပ်မှာ တစ်ခန်းနေရ၏။

ကိုသွေးရောင်က တောထဲမှာပဲ အနေများသည်တဲ့။

နက်နက်နီ စပ်စုချင်၍ အပေါ်ထပ်အခန်းတွေကို လှည့်လာနေမိသည်။

အခန်းတွေက အခန်းတွေမှန်း မသိရဘဲ မျက်နှာဖွင့်တွေက ပြောင်ချောနေ၏။

ဘယ်သူ့လို ဆောက်ထားတာလဲ ...

ကိုသုတ အခန်းနှင့် ကပ်လျက်မှာက ကိုသွေးရောင်နေတာလား ...

ကိုနန္ဒက ဘယ်အခန်းလဲ ...

မနက်ဖြန် ...

အသုဘရက်လည်ဆိုတော့ ကိုသွေးရောင် ရှိနေမှာပဲ။

နက်နက်နီ အောက်ထပ်သို့ ဆင်းဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဟိတ်"

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုထဲမှ ကိုသွေးရောင် အွားခနဲ ပေါ်လာ၍ နက်နက်နီ အထိတ်တလန့် ဖြစ်သွားရသည်။

"ဟင် ... ရှင်"

"မင်း ဘာလုပ်တာလဲ၊ ကျုပ် ခြေသံကြားလို့ ထွက်ကြည့်တာ"

တော်တော်နားပါးတဲ့လူ။

နက်နက်နီ ဒီလောက်အထိ ခြေလှမ်းကို တိုးနိုင်သမျှ တိုးအောင် လျှောက်တာပါ။

ကိုယ်ဖော့ပြီး လျှောက်တဲ့နေရာမှာ နက်နက်နီ အထူးကျွမ်းကျင်သည်။

သူက ခြေသံကို ကြားသည်တဲ့။

"နက်နက်နီ"

"ရှင်"

"မင်း ဘာလုပ်နေတာလဲ၊ အချိန်မတော်ကြီး ဘာလို့ ခိုးကြောင်ခိုးဝှက် လျှောက်နေရတာလဲ ပြောစမ်း၊ မင်း ဘာကြံစည်မလို့လဲ"

"ကျွန်မ ဘာမှ မကြံစည်ပါဘူး၊ စောစောက အပေါ်ထပ်ကို လူတစ်ယောက် တက်လာတယ်၊ ကျွန်မ စိတ်ထဲမှာ မသင်္ကာလို့ ယွက်ကြည့်မလို့ပါ"

နက်နက်နီကို သွေးရောင် မသင်္ကာသလိုကြီး ဖြစ်လာရသည်။

လူတက်လာတယ်တဲ့ ...



အဲဒါ ...

မင်းနဲ့ ဘာဆိုင်လဲ ...

ဒီအိမ်ကြီးအကြောင်းကို မင်း တမင်စပ်စုချင်နေတာ မဟုတ်လား ...

"စောစောက တက်လာတာ ကျုပ် ညီမလေး မြကလျာပဲ"

"ရှင်"

"ကျုပ်ဆီကို မနက် တရားနာဆက်ဆက်လာခဲ့ဖို့ မေမေက ပြောခိုင်းလို့ လာပြောရတာ"

"ဟုတ်လား ... မသိပါဘူး၊ ကျွန်မ ခြေသံကြားလို့ပါ"

"ဒီအိမ်ကြီးမှာ လူစိမ်းမရှိပါဘူး၊ ကျုပ်တို့ မိသားစုဝင်တွေပဲ သွားလာနေကြတယ်၊ အမိပ္ပမ်ပင်စရာ မလိုပါဘူး"

မြကလျာက သူ့အစ်ကိုဆီလာတာပဲ။

ကိုသွေးရောင် အပေါ်ထပ် ဘယ်အခန်းမှာနေမှန်း သူမှ မသိတာပဲ။

"ကျွန်မက စိတ်ပူလို့ပါ"

ပြောပြီး သူမ အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့မိသည်။

ကိုသွေးရောင် ...

တကယ်နားပါးပြီး လျှင်တဲ့လူ ...

နက်နက်နီ ခြေသံက ဒီလောက်အထိ တိုးသက်ညင်သာနေတာပါ။

မလွယ်ဘူး။

ဒီလူ့အကြည့်တွေက နက်နက်နီကို မသင်္ကာတဲ့ ကောင်လေးတွေပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘူး။

မြသွေးရောင်စံအိမ်ကြီးကို လေ့လာမလို့ဟာ။

အခန်းထဲ ရောက်မှ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ပြီး အိပ်ရာပေါ် ပစ်လှဲအိပ်ချပစ်လိုက်မိသည်။

အိပ်တော့မယ် ...

မနက်ကျရင် ...

အသုဘရက်လည်သွားရဦးမယ် ...

မြသွေးရောင်မိသားစုတွေနဲ့ မတွေ့ချင်ပေ။

ဒါပေမဲ့ ...

ဆန့်ကျင်နေလို့လည်း မဖြစ်ပေ။

သူတို့အိမ်မှာ နေရတာပဲ။

အိပ်စက်ဖို့ သူမ ကြိုးစားနေမိသည်။

ခေါင်းချလိုက်တာနဲ့ အိပ်ပျော်အောင် လေ့ကျင့်ထား၍ အခက်မရှိ။

မိုးလင်းတော့ ...

သူမ ...

ကပျာကယာ ထပြီး ရက်လည်ဆွမ်းကပ်အတွက် ထသွားရသည်။

တဘက်လေးကို ယူပြီး သူမ ရောက်သွားတော့ ဘုန်းကြီးဆွမ်းကပ်နေ၏။

"ဟင်"

အံ့သြစရာပဲ ...



ဆွမ်းကပ်နေတဲ့ ဘုန်းကြီးတစ်ပါးတည်း။

ကိုနန္ဒရယ် ...

အဖြစ်ဆိုးလိုက်တာ။

ဒီလောက်ချမ်းသာတဲ့ စည်းစိမ်ဥစ္စာတွေ အမွေရမဲ့ သူ့အတွက် ရည်းစူးပြီး ဆွမ်းကပ်တာက ဘုန်းကြီးတစ်ပါးတည်း။

ဘယ်လိုလူတွေလဲ ...

ကပ်စေးနည်းတာလား ...

ပတ်ဝန်းကျင်က လူတွေနဲ့ မပတ်သက်ချင်တာလား။

သူမ ...

မိသားစုဝင်တွေနောက်မှာ ထိုင်မိသည်။

အိမ်တော်စိုးကြီးဦးဘခေါင်က ရေစက်ခွက်ကို ကိုင်ပြီး ရေစက်ချနေ၏။

ရလိုက်မဲ့ကုသိုလ်တွေ။

ကိုသွေးရောင်လည်း ရှိသည်။

"ဆရာမ"

"ရှင်"

"ထမင်းစားဖို့ ကြွပါ"

ဘုန်းကြီးပြန်ကြွသွားတော့ မိသားစု စားသုံးရန် ထမင်းပွဲပြင်ထားသည်။

"ကျွန်မ အစောကြီး မစားတတ်လို့ပါ"

မြသွေးရောင် မိသားစုဝင်တွေနှင့် အတူမနေလိုင်၍ ဘုံ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှတ်နက်နီ"

"ရှင်"

"မသွားပါနဲ့ဦး။ ကျုပ်တို့နဲ့အတူတူ ထမင်းစားသွားပါဦး လေ"

အိမ်တော်စိုးကြီး အတင်းခေါ်နေသည်။

ဒေါ်စန္ဒီ အကြည့်တွေက တင်းမာခက်ထန်နေ၏။

မြကလျာက အရေးပင် မစိုက်။

ကိုသွေးရောင်ကတော့ သူမအား ကျောခိုင်းထားပြီး မသိချင်ယောင် ဆောင်နေသည်။

သူမ ...

စိတ်မလုံပေ။

ညကြီး ...

အပြင်ထွက်တာကို ကိုသွေးရောင်က သိသွားသည်။

နက်နက် ညံ့တာပါ။

အိမ်ကြီးကို လေ့လာဖို့အတွက် ဒီလောက်အထိ စိတ်မစောသင့်ဟု ထင်မိသည်။

ကိုသွေးရောင်ကိုတော့ လျှော့တွက်လို့မရဘူးဟု တွေးမိနေ၏။

"ဆရာမရယ် ... ကျွန်တော်တို့ မိသားစုအပေါ် မစိမ်းပါနဲ့ ဗျာ၊ မိသားစုဝင်တွေပဲဟာ"

ဦးကျော့မောင်က တရင်းတနှီး ဖော်ရွေနေ၍ နက်နက် သဘောမကျမိ။



မိန်းမကိုလည်း ဂရုစိုက်သည့်ပုံ မရှိ။

ဒေါ်စန္ဒီကလည်း ယောက်ျားကို ပြောရဲပုံမရ။

"ဆရာမ အိုက်တင်ခံမနေပါနဲ့၊ ဖေဖေက မိန်းမချောလေး တွေဆိုရင် ထမင်းစားအရမ်းဖိတ်တာပဲ"

မြကလျာက နှုတ်ခမ်းတွေကို မဲ့ရွဲ့ပြီး ပြောနေသည်။

"ကလျာ"

"ရှင် ကိုကို"

"စကားပြောတာ ဆင်ခြင်ပြီးပြောနော်"

"ဟုတ်တာပြောတာပဲ ကိုကို၊ ဘယ်သူ့မှ အားနာစရာ မလိုပါဘူး"

"ကလျာနော်၊ မင်း ပြောစကားနားမထောင်ရင် မင်း အဆောင်မှာ သွားနေရမယ်"

သွေးရောင် စိတ်ပျက်မိသည်။

လေးလေးနန္ဒအတွက် တစ်ယောက်နှင့်တစ်ယောက် နောလိုဝန်တို ဖြစ်နေတာတွေကို သွေးရောင် သဘောမကျမိပေ။

ပြော၍လည်း မရ။

ကလျာကလည်း နေချင်သလိုနေသည်။

ပထွေးဖြစ်သူကလည်း နေချင်သလိုနေသည်။

ပထွေးဖြစ်သူ ဦးကျော့မောင်ကလည်း နက်နက်နီကို အပ်နေ၏။

ကိုယ်ကျင့်တရားတွေ မကောင်းကြဘူး။

နက်နက်နီ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းရော ဒီကို ဘာဖြစ်လို့ ရောက်လာရတာလဲ။

လေးလေးသုတအနားမှာ နက်နက်နီကို ထားရတာ အန္တရာယ်ရှိနိုင်မလား ...

မင်းကိုတော့ သတိထားကြည့်ရမယ်။

လွှတ်ထားလို့ မဖြစ်ဘူး။

လေးလေးသုတက စိတ်ဝေဒနာရှင်ဖြစ်သည်။

"ဦးလေးဘမောင်"

"ဘာလဲ စန္ဒီ"

"မောင်လေးသုတကို နန္ဒအကြောင်းတွေ ပြောပြလိုက်ရမလား၊ ကျွန်မကတော့ ပြောသင့်တယ် ထင်တာပဲ"

နက်နက် လက်မခံနိုင်ပေ။

ကိုသုတက အစ်ကိုဖြစ်သူကို အစွဲအလမ်းကြီးနေသည်။

"မဖြစ်ဘူး၊ လက်မခံနိုင်ဘူး၊ ကိုသုတ သိသွားရင် အရမ်း စိတ်ထိခိုက်သွားလိမ့်မယ်၊ မလိုအပ်ဘဲ မပြောပါနဲ့"

"ညည်းနဲ့ ဘာဆိုင်လဲ၊ ကျုပ်တို့ မိသားစုကိစ္စ"

"ကျွန်မက သူ့ရဲ့ သူနာပြုပါ၊ ကိုသုတက ကိုကြီး မရှိတော့ရင် သူ့ကိုယ်သူ သတ်သေလိမ့်မယ်"

ကိုသုတကို သိစေချင်၍ ဂျင်မ လာအော်တာလား။

ဒေါ်စန္ဒီ ကိုယ်တိုင်က မရှိသားကြောင်း နက်နက်နီ သိနေသည်။

"ကျွန်မ လက်မခံဘူး၊ မပြောပါနဲ့ဦး၊ ကိုသုတ ကျန်းမာရေး အခြေအနေက တိုးတက်လာပါပြီ"



ဒေါ်စန္ဒီ နှုတ်ခမ်းတွေ တွန့်မဲ့လိုက်တာ နက်နက်နီ တွေ့လိုက်ရသည်။

ဒီမိန်းမကြီး ဝမ်းတွင်းစိတ်မကောင်းတာ နက်နက် သတိထားမိနေ၏။

ကိုသုတကို ကာကွယ်ဖို့ နက်နက် တာဝန်ပဲ။

မနက်စာကို စားဖြစ်သည်။

အိမ်တော်စိုးကြီးက ကိုသုတကိစ္စ အဝဝကို နက်နက် လက်ထဲ အပ်၏။

"မင်းသဘောပဲ နက်နက်နီ၊ မောင်သုတကို မင်း စောင့်ရှောက်ပါ၊ မင်း ရောက်လာမှ အတော်လေး တိုးတက် လာတယ်၊ မောင်နန္ဒ ကွယ်လွန်ပြီးတစ်လပြည့်ကဲ့နေ့ အမွေတွေ အမ်းမယ်"

နက်နက်နီ စိတ်မဝင်စားပေ။

အရေးကြီးတာက ...

မကောင်းမှုဒုစရိုက်တွေ ကျူးလွန်နေတဲ့ လူတွေကို ဖယ်ရှားပစ်ဖို့ပဲ။

ထမင်းစားရတာ အရသာ မရှိဘဲ အတော်လေး ငြီးစားမျိုချနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"နက်နက်နီ"

"ရှင်"

အိမ်တော်စိုးကြီး ...

မြသွေးရောင်ရဲ့ အမွေတွေကို ထိန်းထားရသော ရှေ့နေကြီးဖြစ်သည်။

နက်နက်နီကို လာတွေ့၏။

"လူနာအခြေအနေကို သိချင်လို့"

"အတော်လေး သက်သာနေပါပြီ၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ် အိမ်တော်စိုးကြီး"

သမာသမတ်ရှိသော အိမ်တော်စိုးကြီးအဖြစ် နက်နက်နီ လေးစားမိသည်။

ကိုသုတ အခန်းမှ မဟုတ်။

သုမ ...



လသာဆောင်ကို ထွက်ပြီး ငေးခဲ့နေမိသည်။

"ကျွန်မနဲ့ ဆွေးနွေးချင်လို့လား အိမ်တော်စိုးကြီး"

"အင်း"

နက်နက်နီဆိုတဲ့ မိန်းကလေးက မောင်နန္ဒလူပဲ။

မောင်နန္ဒက ရိုးသားသည်။

လောဘနည်းနည်းကြီးပေမဲ့ မဟုတ်တာတော့ မလုပ်ဘတ်ပေ။

"မင်းကို မောင်နန္ဒက ဘာတွေ ပြောသွားလဲ"

"ရှင်"

"မြသွေးရောင် အိမ်ကြီးရဲ့ အကြောင်းပေါ့"

"မပြောသွားပါဘူး၊ ကျွန်မနဲ့တောင် လူချင်း မတွေ့လိုက်ရပါဘူး၊ မမဂျယ်လီက ကြားထဲကနေ ကျွန်မကိုယ်စား လက်မှတ်ထိုးပေးလိုက်တာပါ"

ကိုနန္ဒနှင့် သုမ လုံးဝ မတွေ့ခဲ့ရဘဲ မမဂျယ်လီက ကြားထဲမှ လက်မှတ်ထိုးလိုက်ခြင်းသာ ဖြစ်သည်။

"ကျုပ်ကတော့ ဘယ်သူမှ ဘက်မလိုက်ဘဲ မျှမျှတတ လုပ်မှာပါ"

"အိမ်တော်စိုးကြီး"

"ပြော"

"ကိုသုတအတွက် တစ်ခုတော့ ထည့်စဉ်းစားပေးစေ ပါပါတယ်"

"ဘာလဲ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ ကိုသုတကို ရန်ကုန်ခေါ်သွားပြီး ဆေးကုသပေးချင်လို့ပါ"

"ကောင်းပါတယ်၊ ကျုပ် အမွေခွဲပြီးရင် မောင်သုတကို မင်းသဘောကျသလို ဆောင်ရွက်ပါ"

"ရှင်"

"မင်း ရောက်လာမှ မောင်သုတ နေကောင်းသွားတာဆိုတော့ မောင်သုတ အနားမှာ မင်း အမြဲတမ်း ရှိနေသင့်ပါတယ်"

"ကျွန်မက ..."

"နက်နက်နီ"

"ရှင်"

"မင်းကို စိတ်ထဲမှာ ယုံကြည်နေသလိုပဲ"

"ကျေးဇူးတင်ပါတယ်"

နက်နက်နီဆိုတဲ့ ကောင်မလေးက ထက်မြက်ပုံပင်။

စိတ်သဘောထား ရိုးသားသူဖြစ်ကြောင်း ကောင်မလေးရဲ့ မျက်ဝန်းတွေက သက်သေခံနေသည်။

"ကျုပ်က မြေသွေးရောင်ရဲ့ မိသားစုဝင်တွေ ယုံကြည်အားကိုးရတဲ့ လူယုံတော်ကြီးပါ"

"ကျွန်မ လေးစားပါတယ်"

နန္ဒတို့ သုတတို့က ကျုပ် လက်ပေါ်မှာ ကြီးပြင်းလာရတာပါ။

စန္ဒ့အကြောင်းကိုလည်း မိမိ သိသည်။

အတ္တကြီး၏။



တစ်ကိုယ်ကောင်းဆန်၏။

ငယ်စဉ်လေးတည်းက အားလုံးအပေါ် အနိုင်ကျင့်ယ်ကျစိုးမိုးချင်သည်။

အလိုရမ္မက်ကြီး၏။

ဒါပေမဲ့ ...

ဦးဘမောင်ကတော့ မတရားတာကို ဘာအလုပ်မျိုးမှ လက်မခံနိုင်ပေ။

"ကျုပ်ကို ယုံကြည်လို့ အပ်နှံသွားတဲ့ကိစ္စ၊ ကျုပ် အမှျတဆုံးဖြစ်အောင် စီစဉ်ပါ့မယ်"

"အိမ်တော်စိုးကြီး"

"အမိန့်ရှိပါ"

"ကိုသုတ အိမ်ပေါ်က လိမ့်ကျဖူးတယ်ဆို"

"ဟင် ... မင်းကို ဘယ်သူပြောလဲ"

"ကိုသုတ ပြောတာ"

"ဟုတ်တယ်"

အိမ်တော်စိုးကြီးက ဘာမှ သိပုံမပေါ် ဖြစ်နေသည်။

"လိမ့်ကျပြီးတည်းက မအိပ်မစား ဖြစ်ပြီး စိတ်ဝေဒနာတွေခံစားရတာပဲ"

"ကိစ္စအတော်များများကို ပြန်သတိရပြီး ပြောနေတာတွေတယ်၊ ကျွန်မ သူ့စိတ်တွေ မှန်မမှန် သိချင်လို့ပါ"

"နောက် ဘာတွေ ပြောလဲ"

"စုံနေတာပဲ၊ သူ ငယ်စဉ်က အရမ်းကြောက်တတ်ပြီး စိတ်အားငယ်ခဲ့ရတဲ့အကြောင်းတွေလည်း ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နန္ဒနဲ့ သုတာက နောက်မိန်းမက မွေးတာဆိုတော့ အဖေက နည်းနည်းနှိမ်ထားတာပေါ့၊ နန္ဒတို့အမေလည်း သိပ်ပြီး မျက်နှာသာမရပါဘူး"

ကိုသုတ ပြောတာ အမှန်တွေပဲ။

ဒေါ်စန္ဒီ တွန်းချလိုက်တာလည်း ဖြစ်နိုင်သည်။

"ကိုသုတ ပြောပြတာတွေ အတော်မှန်တာပဲ၊ နောက်တစ်ခု ပြောသေးတယ်၊ ကိုသုတကို မကြီးစန္ဒီက တွန်းချတာတဲ့"

"ဟင်"

အိမ်တော်စိုးကြီးတို့ မသိပေ။

"လိမ့်ကျတာတွေလောက်ပဲ သိတာပါ၊ ကျန်တာတော့ မသိဘူး"

"စိတ်မမှန်တဲ့ လူတစ်ယောက်ပြောတဲ့ စကားတွေ ဘယ်လောက် မှန်ကြောင်း မေးကြည့်တာပါ"

အိမ်တော်စိုးကြီးက သမာသမတ်ရှိတယ်ဆိုပေမဲ့ သိပ်ပြီး ယုံကြည်၍ မဖြစ်သေးပေ။

ကိုသုတ ပြောတာ အမှန်တွေပဲ။

"ကိုနန္ဒ ဆုံးတော့ အရက်တွေ သောက်ထားတယ်ဆို"

"အင်း"

"မမက ပြောတော့ ကိုနန္ဒက အရက်သိပ်မသောက်တတ်ပါဘူးတဲ့"

"ဟုတ်တယ် မိန်းကလေး၊ မောင်နန္ဒ သိပ်ပြီး အရက်မသောက်တတ်တာတော့ အမှန်ပဲ"



"မသောက်တတ်တဲ့ သူက နည်းနည်းသောက်လိုက်တော့ အတော်လေး မူးသွားမှာပေါ့နော်"

"ဟုတ်တယ်၊ မောင်နန္ဒ အရက်သောက်တာ ကျုပ်တို့ မသိလိုက်ဘူး၊ ကားမောင်းထွက်သွားတဲ့အကြောင်းကတော့ ကျုပ်ကို လာတွေ့ဖို့ပဲ"

အိမ်တော်စိုးကြီးကို လာတွေ့တတ်လေ့ရှိသည်။

"ကျုပ်နဲ့ သီးသန့်ဆွေးနွေးစရာရှိတယ်လေ၊ ဒါကြောင့် ကျုပ် ချိန်းလိုက်တာပါ"

"ကိုနန္ဒမှာ စိတ်ညစ်စရာတွေ ရှိလို့လား"

"ညီက စိတ်ဝေဒနာတွေ ဖြစ်နေတယ်ဆိုတော့၊ နန္ဒ စိတ်ထိခိုက်နေမှာပါပဲ"

အိမ်တော်စိုးကြီးကတော့ သမာသမတ်နှင့် မျှတသူ ဖြစ်နိုင်သည်။

သူမ သိပ်စပ်စုလည်း မကောင်းကြောင်း နက်နက်နဲနဲ သတိထားလိုက်၏။

"သုတက စိတ်အားငယ်တတ်တယ်၊ ကြောက်တတ်တယ်၊ စိတ်သောက ရောက်လွယ်တဲ့ မကောင်းတဲ့အချက်ပဲ"

"ကျွန်မကတော့ ကျွန်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တာပါ၊ အိမ်တော်စိုးကြီးဆီမှာ မေတ္တာရပ်ခံချင်တာက ကိုသုတ ဆေးကုသဖို့ပဲ"

"ကျုပ် စီစဉ်ပေးပါမယ်၊ စန္ဒီက အစ်မကြီးဆိုတော့ ကျုပ် တိုင်ပင်ရမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုသုတ ဆေးကုသခွင့် ရအောင်တော့ ထောက်ခံပေးပါ"

"စိတ်ချပါ နက်နက်နီ"

ဦးဘမောင်က သူ့ခံပြုဆရာမကို လေ့လာနေခြင်းဖြစ်သည်။

စန္ဒီက သဘောမကျပေ။

အကောက်ကြံချင်လို့ ရောက်နေတာဟု ပြောနေခဲ့သည်။

မြသွေးရောင် မိသားစတွေက လောဘရမ္မက်တော့ ကြီး၏။

စန္ဒီက အဆိုဆုံး ...

"နက်နက်နီ"

"ရှင်"

"ကျော့မောင်ကို လုံဝ အရောမဝင်ပါနဲ့"

"ဟုတ်ကဲ့"

ဦးကျော့မောင်

နာမည်ကောင်းရှိမည့် သူတော့ မဟုတ်ပေ။

"မောင်သုတအတွက် ဆရာမက မရှိမဖြစ် လိုအပ်နေတယ်လေ၊ ကျော့မောင်က နုနုမချောလေးတွေ မြင်ရင် အရောတခင် နေတတ်တယ်၊ စန္ဒီက မကြိုက်ပေမဲ့ မပြောရဲဘူး"

နက်နက်နီကတော့ ဦးကျော့မောင်ရဲ့ အကျင့်စရိုက်မျိုး ရှိတဲ့ ယောကျ်ားတွေနှင့် အတော်လေး တွေ့ကြုံခဲ့ဖူးသူဖြစ်နေသည်။



တာဝန်ကို ကျေရာနေရာက ထမ်းဆောင်နေသူဖြစ်နေ၏။

ဒေါ်စန္ဒီက အဓိကပဲ ...

နက်နက်နီ အဓိက လေ့လာရမှာက ဒေါ်စန္ဒီပဲ။

"သွေးရောင်က စိတ်သဘောထား အဖြောင့်မတ်ဆုံးပဲ နက်နက်နီ"

အိမ်တော်စိုးကြီးကတော့ ကိုသွေးရောင်ကို ချီးမွမ်းခန်း ဖွင့်နေသည်။

"အေးအေးဆေးဆေး တောထဲမှာ နေတာ"

လူကြမ်းကြီး ...

သားကောင်တွေကို လိုက်သတ်နေတဲ့ မုဆိုးကြီးကို ရွံမုန်းနေမိသည်။

"သူ့ဦးလေးတွေကိုလည်း မောင်သွေးရောင်က အရမ်းချစ်တယ်"

နက်နက် သိချင်တာက ဒေါ်စန္ဒီအကြောင်းတွေပဲဖြစ်သည်။

မစပ်စုရဲ ...

တဖြည်းဖြည်းတော့ လေ့လာရမှာပဲဖြစ်သည်။

"သုတကို နက်နက်နီ စောင့်ရှောက်ပါ၊ လုံးဝ အကောင်းပကတိ ဖြစ်စေချင်တယ်၊ အမွေခွဲဝေရင်တော့ အမွေထိန်းအဖြစ် သူ့အစ်မကိုပဲ ပေးရမှာ"

ထိုအခြေအနေမျိုးကို ဒေါ်စန္ဒီက ဖြစ်စေချင်တာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီသာ ပါတ်မာကောက်ကျစ်လျှင် ကိုသုတကို ရှင်းပစ်မှာပဲဖြစ်၏။

အခြေအနေကို စောင့်ကြည့်ရမယ် ...

မြသွေးရောင်က မသမာမှုတွေတော့ ရှိနေတာ သေချာသည်။

"ကျုပ် သွားတော့မယ် ဘာပဲဖြစ်ဖြစ် မောင်နန္ဒရဲ့ မိတ်ဆွေဆိုတော့ မောင်သုတ အကျိုးစီးပွားကို မင်း လိုလားမှာပါ"

"ဟုတ်ကဲ့"

"မင်း လိုအပ်တဲ့ အကူအညီရှိရင် ကျုပ်ကို လာပြီး တင်ပြနိုင်ပါတယ်"

အိမ်တော်စိုးကြီး ပြန်ထွက်သွားချိန်တွင် ရောက်လာသူက မြကလျာပင်။

"မနက်နက်နီ"

"ဟင်"

"အိမ်တော်စိုးကြီးက မြေးတွေတောင်ရနေတဲ့ အဘိုးကြီး တစ်ယောက်နော်"

"ဟင်"

မြကလျာ ဘာ သဘောကို ဆိုလိုကြောင်း နက်နက်နီ သိလိုက်သည်။

အဘိုးကြီးကို မမြူဆွယ်ပါနဲ့ဆိုတဲ့ သဘောပင်ဖြစ်၏။

"အိမ်တော်စိုးကြီးနဲ့ ဘာတွေ ပြောနေတာလဲ မနက်နက်နီ"



"ကိုသုတအကြောင်းပါ"

"လေးလေးသုတလို အရူးတစ်ယောက်ကိုတောင် ရှင်က စည်းရုံးသိမ်းသွင်းနိုင်တာပဲကိုး"

မြကလျာနှင့် စကားမပြောချင်တော့သဖြင့် လှည့်ထွက်ဖို့ ပြင်လိုက်သည်။

"နေပါဦး"

"ကိုယ့်မှာ အလုပ်တွေ ရှိနေသေးတယ် မြကလျာ"

"ဒီမှာ ရှင့်ကို ပြောစရာရှိလို့ လာတာ"

မေမေက ပြောတော့ နက်နက်နီက မေမေတို့ စည်းစိမ်ဥစ္စာတွေကို ဖျက်ဆီးပစ်မဲ့ မိန်းမတစ်ယောက်တဲ့။

လေးလေးသုတ မရှိတော့ရင် အမွေတွေအားလုံး ရှမှာတဲ့။

ဒီမိန်းမ ...

ဘာလာလုပ်တာလဲ ...

"မနက်နက်နီ"

"ပြောပါ"

"လေးလေးသုတလို စိတ်ဝေဒနာရှင်ကို ကောင်းအောင် ကုပြီး ရှင် အရယူချင်ယူနော်၊ ကျွန်မ ဖေဖေကိုတော့ လုံးဝ အနားအကပ်မခံပါနဲ့"

"မြကလျာ"

နက်နက်နီ ဒေါသတွေ ပေါက်ကွဲချင်ပေမဲ့ ထိန်းချုပ် ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက တာဝန်အရ လာတာပါ။

ဒီလောက်တော့ ရှိမှာပဲ။

ဒုစရိုက်လောကသားတွေနှင့် ရင်ဆိုင်ရတာက ဒီလောက်အထိ ကြောက်စရာမကောင်းဘူး။

အခု ...

ယုတ်မာကောက်ကျစ်တာကို မသိရဘဲ ယုတ်မာကောက်ကျစ်နေကြတာ။

ကိုသုတလို စိတ်ဝေဒနာရှင်တစ်ယောက်အပေါ်မှာပင် မကောင်းကြံချင်နေကြသည်။

"ကျွန်မကတော့ ပေါ်တင်ပဲနော်၊ ကျွန်မအဖေက လက်သွက်တယ်၊ အချစ်ဆိုတာတွေ ဘာတွေ သိတာ မဟုတ်ဘူး၊ ရှင် ဒုက္ခရောက်မှာဆိုးလို့ပါ"

မြကလျာကတော့ ဒီမိန်းမကို ဘယ်လို တိုက်ထုတ်ပစ်ရမယ်ဆိုတာ စဉ်းစားနေမိသည်။

အိမ်ထဲမှာ လာရှုပ်နေတာပဲ။

ဖေဖေက စိတ်ဝင်စားနေသည်။

ငွေမက်တဲ့ မိန်းမ ဖြစ်နေရင် ဖေဖေ့နောက် ပါသွားမှာပဲ။

နက်နက်နီက ချောမောပုပလွန်းတော့ မြကလျာ စိတ်မချပေ။

ကိုကိုကတော့ ဘယ်လို မိန်းမကိုမှ စိတ်မဝင်စားဘူးဆိုတာ သိနေသည်။



ဖေဖေပဲ ...

နက်နက်နီကို ပိတ်ပြောထားမှ ...

"ဒီမှာနေရင် ဣန္ဒြေသိက္ခာနဲ့ နေပါ၊ လေးလေးကတော့ ဘာသိမှာလဲ၊ အဟဲ ... ရှင်က စည်းရုံးရေးတကယ်တော်တဲ့ မိန်းမတစ်ယောက်ပဲ၊ ဘယ်သူမှ အနားကပ်လို့မရတဲ့ လေးလေးသုတတောင် ပစ်ကျသွားရတယ်"

သူမ ...

ရှောင်ထွက်သွားဖို့ပဲ ကြိုးစားလိုက်မိသည်။

တုံ့ပြန်ပြောဆိုရန် မလိုအပ်ဘူးဟုပဲ သူမ စိတ်ထဲမှာ တွေးထားမိနေ၏။

"မမလေးမြကလျာ၊ ဦးလေးကျော့မောင် ခေါ်နေပါတယ်"

ဂျင်မ ရောက်လာပြီး ပြောသဖြင့် မြကလျာ ထွက်သွားတော့သည်။

နက်နက်နီ သက်ပြင်းမောကြီးကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်၏။

မလွယ်ဘူး ...

ပြောချင်တာပြောကြပါစေ။

မြွေမှန်ရင်တော့ တွင်းဝင်ဖြောင့်ကျရမှာပဲ မဟုတ်လား။

နက်နက်နီ နှုတ်ခမ်းတွေကို တွန့်ကွေးသွားအောင် ပြုံးပစ်လိုက်မိသည်။

မြကလျာ ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျရင် ... နက်နက်နီဟာ ဘယ်လို မိန်းမမျိုးလဲဆိုတာ ညည်း သိလာရမှာပါ။

အခန်းထဲသို့ ခြေလှမ်းသွက်သွက်ဖြင့် ပြန်ဝင်လာခဲ့မိသည်။



## အခန်း(၁၁)

ကိုသုတ လန်းဆန်းနေသည်။

စိတ်ဝေဒနာက အတော်လေးတို တက်ကောင်းမွန်လာပြီဖြစ်၏။

"ကိုသုတ"

"ဟင်"

"ဒီနေ့ အပြောင်းအလဲ ဖြစ်သွားအောင် မုန့်ဟင်းခါး စားရအောင်နော်"

"ဆရာမ မုန့်ဟင်းခါး ဘယ်ကရလဲ"

"ဒရိုင်ဘာကြီးကို မုန့်ဟင်းခါး မှာလိုက်တာလေ၊ ဟင်းရည်က ကျွန်မ ချက်တာပဲ"

"အမိ ချက်တတ်တယ်"

"အင်း"

"စားမယ်လေ၊ မုန့်ဟင်းခါး မစားရတာ ကြာပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



သုတ ...

နက်နက်နဲကို ကြည့်မိသည်။

ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပဲ။

နက်နက်နဲ အနားမှာ နေရတာ စိတ်အတော်လေး ချမ်းသာနေရသည်။

မင်း ...

ကိုယ့်အနားကနေ ထွက်မသွားပါနဲ့ ...

ဆရာမကို ကြည့်ပြီး သုတ စိတ်ထဲကနေ ပြောနေမိသည်။

ကိုကြီးရော ...

မိန်းမယူဖို့ ကိစ္စတွေ လုပ်နေ၍ ကြာသွားတာပဲ ဖြစ်နိုင်သည်။

"ဆရာမ"

"ဟင်"

"ကိုကြီးကို သတိရလိုက်တာ၊ ကိုကြီးနဲ့ တိုင်ပင်စရာတွေ ကျွန်ုပ်ဆီမှာ ရှိနေတယ်"

"ဘာတွေ တိုင်ပင်မလို့လဲ ကျွန်မကို ပြောလေ ကိုသုတ"

ဆရာမကို မပြောရဲပါဘူး။

ကျွန်ုပ် ဆရာမကို ချစ်နေတယ် ...

လက်ထပ်ချင်တယ် ...

ကိုကြီးနဲ့ တိုင်ပင်မှုပါ။

ကျွန်ုပ် ...



အမိကို ချစ်တယ်လို့ မပြောရဲဘူး။

အားငယ်တယ် ဆရာမ ...

"ရှင် သတ္တိနည်းပြန်ပြီလား၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဘာမှ ကြောက်ရွံ့တုန်လှုပ်နေစရာမှ မလိုတာပဲ၊ ကဲ ပြော၊ ရှင် ကိုကြီးကို ပြောချင်တဲ့ အကြောင်းတွေ ရင်ထဲမှာ သိမ်းမထားပါနဲ့"

ဆရာမကို ချစ်တာ ...

မပြောရဲ ...

ကျွန်ုပ်ကို မုန်းသွားလိမ့်မယ် ...

"ဆရာမ"

"ရှင်"

"ဆရာမကို ကျွန်ုပ် လက်ဆောင်တစ်ခု ပေးချင်တယ်"

"ဘာပေးမှာလဲ"

"ဆရာမက လက်ခံမယ်ဆိုမှ ကျွန်ုပ်က ပေးမယ်"

"အင်း"

"တကယ်နော်"

"အင်းပါ"

ကိုသုတက စိတ်ဝေဒနာရှင်ဆိုတော့ နက်နက် အတတ်နိုင်ဆုံး လိုက်လျောပေးဖို့ ဆုံးဖြတ်ထားမိသည်။

"ဆရာမ"

"ရှင်"

"ရော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စိန်လက်စွပ်တစ်ကွင်း။

အဖိုးတန်လွန်းတဲ့ စိန်လက်စွပ်ကို လက်ခံဖို့ တွန့်မိသည်။

"ဒီလက်စွပ်က ကျုပ် အမြတ်နိုးဆုံး လက်စွပ်ပဲ၊ မေမေ ပေးထားတာပါ၊ ကျုပ်ခန္ဓာကိုယ်နဲ့မကွာ အမြဲတမ်း သိမ်းထားတာပါ"

နက်နက် ဘယ်လို ပြောရမလဲ ...

လက်မခံတော့လည်း ကိုသုတ စိတ်မကောင်း ဖြစ်မှာစိုးမိသည်။

နက်နက်က လက်ခံမည်ဟု ကတိပေးခဲ့၏။

"ဆရာမက လက်ခံပါ့မယ်ပြောလို့ ကျုပ် ပေးတာ"

"ကောင်းပါပြီ ပေးပါ"

နက်နက် လက်ခံလိုက်တာ အကောင်းဆုံးဟု ဆုံးဖြတ်လိုက်မိသည်။

နောက်မှ ...

အိမ်တော်စိုးကြီးကို ပြောပြမယ်။

"ကျုပ် ဝတ်ပေးမယ်နော် ဆရာမ"

"အင်း"

နက်နက် လက်ကလေးကို ဆွဲယူလိုက်ပြီး လက်စွပ်ကို ဝတ်ပေးနေသည်။

"ကျွီ"



"ဟင်"

ဝင်လာသူက ကိုသွေးရောင် ...

နက်နက် အထိတ်တလန့် ဖြစ်သွားမိသည်။

"လေးလေးသုတ"

"သွေးရောင် ဒီမှာကြည့်စမ်း၊ ဒီလက်စွပ်လေး မေမေက လေးလေးကို ပေးခဲ့တာ၊ အခု ဆရာမနဲ့ ထိုက်တန်တယ် ထင်လို့လေ"

သွေးရောင် ဘာမှ မပြောလိုပေ။

လေးလေးသုတက စိတ်ဝေဒနာရှင် ...

နက်နက်နီကရော လေးလေးသုတကို အတော်လေး ညီးရုံးသိမ်းသွင်းထားနိုင်တာပဲ။

"သွေးရောင်"

"ဗျာ လေးလေး"

"မင်း ဘယ်သွားမလို့လဲ"

"တောထဲ"

"မသွားပါနဲ့ဦး"

"ဘာဖြစ်လို့လဲ လေးလေးသုတ၊ သွေးရောင် ဒီမှာ နေရတာ မပျော်လို့"

"ကိုကြီး ပြန်လာရင် ငါ ပြောစရာရှိတယ်၊ မင်းလည်း ရှိနေမှ"

"လေးလေး ဘာပြောမလို့လဲ"

"ကိုကြီးလာမှ ပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



လေးလေးသုတကို ကြည့်ရတာ အတော်လေး မနေကောင်းလာပုံပင်။

မျက်လုံးတွေက ကြည်လင်နေသည်။

"သွေးရောင်"

"ဗျာ"

"လေးလေးတို့ မိသားစုထဲမှာ သွေးရောင်ကို လေးလေး အချစ်ဆုံးပဲ"

သွေးရောင်က ကြမ်းတမ်းပေမဲ့ စိတ်သဘောထား မှန်ကန်ဖြောင့်မတ်သူဖြစ်သည်။

"လေးလေး အမွေတွေ ရရင်လည်း သွေးရောင်ကိုပဲ တစ်ဝက်ပေးမယ်"

"သွေးရောင် ဘာမှ မလိုချင်ဘူး လေးလေး၊ ဘာပဲဖြစ်ဖြစ် လေးလေး စိတ်ချမ်းသာသလိုပဲ လုပ်ပါ"

"မင်း မသွားပါနဲ့ဦး"

"သိပ်မကြာပါဘူး၊ လေးလေး ခဏပါ"

သွေးရောင် မနေချင်ပေ။

မေမေက လောဘရမ္မက်တွေကြီးနေသလို မြကလျာ ကလည်း သုန်းဖြုန်းပြီး ဖြစ်ချင်တိုင်း ဖြစ်နေသည်။

ဆိုဆုံးမ၍မရပေ။

အမေပဲ တူပြီး အဖေက မတူတော့ ကလျာက သွေးရောင် စကားကို နားမထောင်လိုပေ။

ဦးကျော်မောင်က တစ်မျိုး ...



ဝိုင်းတကာလှည့်ပြီး ဖဲပဲရိုက်နေသည်။

မေမေ့ကိုလည်း နိုင်၏။

သွေးရောင် မေမေ့ကို မေမေ နိုင်ခဲ့သမျှ ဦးကျော်မောင် အား မလှန်ရဲပေ။

"သွေးရောင်"

"ဗျာ လေးလေး"

"မင်း တောထဲကို မသွားနဲ့ဦးနော်"

"ဟုတ်ကဲ့ လေးလေး"

လေးလေးသုတကိုတော့ စိတ်ချမ်းသာစေချင်မိသည်။

ဒါပေမဲ့ ...

နက်နက်နဲ မာယာတွေနဲ့ လှည့်ဖြားသွားမှာကိုလည်း စိတ်ပူရသေးသည်။

လေးလေးက စိတ်ဝေဒနာရှင် ...

"ကိုကြီး ပြန်လာရင် မင်းရော၊ ကိုကြီးပါ လေးလေး အသိပေးစရာ ရှိနေသေးလို့ပါ"

"ဟုတ်ကဲ့ လေးလေး"

လေးလေးသုတ စိတ်ကျေနပ်အောင် ပြောပြီး သွေးရောင် ထွက်လာခဲ့သည်။

နောက်မှ ...

ခြေသံကြား၍ သွေးရောင် လှည့်ကြည့်မိသည်။

"ကိုသွေးရောင်"

နက်နက်နဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ပြောစရာရှိလို့ပါ"

"ကျုပ်ကို ဘာမှ ပြောစရာမလိုပါဘူး အမိ၊ လေးလေးသုတ စိတ်ချမ်းသာဖို့ပဲ အဓိကပါ"

စိန်လက်စွပ်ကိစ္စ စိတ်မလုံပြီး လာပြောခြင်းဖြစ်သည်။

နက်နက်နီနှင့်လည်း သွေးရောင် စကားပြောချင်စိတ်မရှိပေ။

လူတွေနှင့် ပတ်သက်ဆက်ဆံရမှာ အကြောက်ဆုံးဖြစ်နေသည်။

"ကျွန်မကို သူက ဖွတ်အတင်း ပေးနေလို့ ကျွန်မ လက်ခံရတာပါ၊ ရှင့်စိတ်ထဲမှာ သံသယမရှိစေချင်တာပါ"

"ကျုပ် ဘယ်သူ့အပေါ်မှာမှ သံသယမရှိပါဘူး နက်နက်နီ၊ မင်း စိတ်လုံလုံထားပါ"

"ဒါမှ"

သူ ...

ထွက်သွားသည်။

ဟွန်း ...

ဘယ်လိုလူလဲ ...

လူကို အဖက်မတန်သလို ဆက်ဆံသွားသည်။

မုန်းလိုက်တာ ...

သူမ ...

ပြန်ဝင်လာခဲ့သည်။



"နက်နက်နီ"

"မင်း ဘာတွေ လုပ်နေတာလဲ"

"ကျွန်မ"

မပြောချင်တော့ ...

ကိုသွေးရောင် စိတ်ထဲမှာ သူမကို တစ်မျိုးထင်တော့မည်။

ဘယ်လို ရှင်းပြရမလဲ ...

နားလည်းမထောင်ဘူး။

ကိုသုတကိုလည်း စိတ်ချမ်းသာစေချင်သည်။

ဒုက္ခပါပဲ ...

ဘယ်လိုလူလဲ ...

သူမကရော ဘာလို့ ဒီလောက်အထိ တုန်လှုပ်နေရတာလဲ...

နေပါစေ ...

ထင်ချင်သလိုထင် ...

ကျွန်မက ရှင်တို့ မိသားစုကို ဒုက္ခပေးချင်လို့ ရောက်လာတာပဲဟာ ...

တစ်နေ့ သိမယ် ...

ကျွန်မအကြောင်း ကောင်းကောင်းသိစေရမယ်။

နက်နက်နီက တာဝန်နဲ့ လာတာပဲ။

ဘယ်လိုပဲ ထင်ထင်ပေါ့။

ကိုသွေးရောင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မ လုံးဝ အရေးမစိုက်ဘူး။

နေပေါ့။

"နက်နက်နီ"

"ရှင်"

"ကျုပ် လမ်းလျှောက်ချင်တယ် ဖြစ်မလား"

"လမ်းလျှောက်တာ ကောင်းတာပေါ့၊ လျှောက်လေ"

"ခြံထဲ ဆင်းမယ်"

"ဟင်"

သူမ ...

ခြံထဲဆင်းပြီး ကိုသုတနှင့် တွဲပြီး မလျှောက်လိုပေ။

ဘုရားရေ ...

အရင်ကနဲ့ မတူအောင် ...

မြသွေးရောင်ကလူတွေကို ကျွန်မ ဘာလို့ ဂရုစိုက်နေရတာလဲ ...

မစိုက်ပါဘူး ...

"နက်နက်နီ မင်း ဘာတွေ ဖြစ်နေတာလဲ"

"ဟို ... ဟို ... ဘာမှ မဖြစ်ပါဘူး၊ ကိုသုတနဲ့ အပြင်ထွက်ရင် မြသွေးရောင်ကလူတွေက တစ်မျိုးထင်မှာ စိုးလို့ပါ"

"ကျုပ်လည်း အစကတော့ ဂရုစိုက်တယ်၊ မင်း ပြောထားတယ်မဟုတ်လား၊ ယောကျ်ားဆိုတာ သတ္တိမကြောင်ရဘူး လေ"



"အင်း ဟုတ်သားပဲ၊ စိတ်တွေက အမြဲတမ်း မကျောနေရမယ်၊ ကောင်းတယ် ကိုသုတ၊ ရှင့်စိတ်တွေ တက်ကြွအောင် ကြိုးစားပါ"

"ကျုပ်မှာ အင်အားတွေ ရှိနေဖို့ မင်း အနားမှာ နေပေးပါ"

ကိုသုတ စိတ်ချမ်းသာအောင် နက်နက် လုပ်ဆောင်ဆေးရမည်သာဖြစ်သည်။

အပြင်ထွက်တော့လည်း ကောင်းပါတယ် ...

ရှင်တို့ ထင်ချင်သလိုထင် ...

"ကိုသုတ သွားရအောင်"

"အင်း"

နှစ်ယောက်သား အပြင်ထွက်ခဲ့သည်။

ကိုသုတ အတော်လေး နေကောင်းနေပြီဖြစ်၏။

"ဘယ်သွားမလိုလဲ"

ဂျင်မ ...

မဆီမဆိုင် မျက်နှာထားက တင်းမာခက်ထန်နေသေးသည်။

"လမ်းလျှောက်မလို့"

"မမကြီးက လေးလေးသုတ အပြင်ထွက်တာကို မကြိုက်ဘူးနော်"

ဂျင်မ စပ်စုနေတာကို အမြင်ကတ်လာသဖြင့် သုတ ဆောက်ပစ်လိုက်သည်။

"ငါ လမ်းလျှောက်တာကို ဘယ်သူမှ တားပိုင်ခွင့် မရှိဘူး၊ ဂျင်မ နင် နေရာတကာ ဝင်မပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဂျင်မ လန့်သွားသည်။

အမြဲတမ်း ...

ကြောက်ရွံ့ထိတ်လန့်နေတတ်တဲ့ လေးလေးသုတ လေသံတွေက မာကျောနေသည်။

ယုံကြည်မှုကအပြည့် ...

မျက်ဝန်းတွေကလည်း ရွှန်းလဲ့တောက်ပနေသည်။

"ကိုသုတ သွားရအောင်"

"နက်နက်နီ"

"ရှင်"

"ကျုပ် မင်းကို အရမ်းကျေးဇူးတင်ပါတယ်"

"ကျွန်မက တာဝန်အရ ရှင့်ကို ပြုစုစောင့်ရှောက်ပေးတာပါ"

"မင်းသာ ကျုပ်နားမှာ မရှိရင် ကျုပ် ဘဝတွေ ဆုံးရှုံးမှာ"

"ရှင့်စိတ်ဓာတ်တွေကို မာကျောအောင် ကြိုးစားပါနော် ဘဝကို အဆုံးရှုံး မခံပါနဲ့"

ဂျင်မကတော့ ဒေါ်စန္ဒီတို့ကို ပေါက်ကရ သွားပြောမှာ သေချာသည်။

နက်နက်နီတောင် စိတ်ဓာတ်မာကျောလို့ပါ။

ခြံထဲ ရောက်လာသည်။

သစ်တောကြီးတစ်ခုလို အပင်ကြီးတွေနှင့် အုပ်ဆိုင်းနေ၏။

ကျယ်လိုက်တဲ့ ခြံကြီး။



လမ်းလျှောက်ဖို့အတွက် အကောင်းဆုံးပဲဟု ထင်နေမိသည်။

"အရင်က ဒီခြံကြီးထဲမှာ ကျုပ်တို့ ပြေးကစားခဲ့တာပဲ၊ အဖေက ကျုပ်အမေကို ချစ်ပေမဲ့ မမကြီးကြောင့် နှိပ်စက်ချင်တယ်၊ ကျုပ် အမြဲတမ်း ကြောက်ရွံ့နေခဲ့ရတယ်"

"အဲဒီ စိတ်တွေကို ရှင် မေ့ပျောက်ပစ်လိုက်ပါတော့၊ ရှင့်အဖေလည်း မရှိတော့ဘူး၊ ရှင့် ဘဝကို ရှင် ထူထောင်ရမယ်"

"ကျုပ် သိပါပြီး ကျုပ် စိတ်တွေကို နိုင်အောင် ထိန်းချုပ်မယ်၊ ကျုပ်က ပညာတတ်တစ်ယောက်ပဲ"

"ကောင်းတယ်၊ ရှင် အဲဒီစိတ်တွေကို မွေးပါ၊ ဘဝအတွက် ရှင့်စိတ်ဓာတ်တွေ မာကျောသင့်တယ်"

"နက်နက်ကို ကျေးဇူးတင်ပါတယ်"

မမကြီး ...

သူ့ကို အမြဲတမ်း နှိမ်ချဆက်ဆံပြီး ခြိမ်းခြောက်နေတတ်သည်။

ကြောက်စိတ်တွေက သူ့စိတ်တွေကို အင်အားတွေ ချည့်နဲ့ခဲ့ရ၏။

စိတ်ဝေဒနာတွေ ခံစားရသည်။

"နက်နက်နီ"

"ရှင်"

"မင်း ကျုပ်အနားမှာ နေပေးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"မမကြီးကို ကျုပ် မယုံဘူး၊ ကြောက်တယ်၊ လောဘ အရမ်းကြီးတယ်"

"အတိတ်က အကြောင်းတွေကို ဘာမှ မတွေးနဲ့တော့နော်၊ ကျွန်မတို့ လမ်းလျှောက်ကြမယ်"

အေးစိမ့်နေတဲ့ တောကြီးလို ခြံကြီးထဲမှာ လျှောက်နေမိသည်။



## အခန်း(၁၂)

"ဘာ ... သုတ လမ်းထွက်လျှောက်နေပြီ ဟုတ်လား"

"ဟုတ်တယ်၊ ခြံထဲမှာ မေမေစန္ဒီ လှမ်းကြည့်ပါလား၊ လေးလေးသုတက မာရေကျောရေနဲ့"

"ဟင်"

ဒေါ်စန္ဒီ ဒေါသဖြစ်ရသည်။

ဒီသူနာပြုဆရာမက အစွမ်းထက်လှချည်လား။

သုတကို စည်းရုံးနိုင်သည်။

"သုတ အကောင်းပကတိ ဖြစ်နေပြီလား"

"အင်း ... ဂျင်မကို မဆိုင်တဲ့ကိစ္စ မစပ်စုနဲ့တဲ့"

မဖြစ်ဘူး ...

သုတ နေကောင်းလို့ မဖြစ်ဘူး ...

အမွေကိစ္စက ခွဲဝေတော့မယ် ...

နန္ဒအတွက်ပါ သုတ တစ်ဝက်ရမှာ ...

www.burmeseclassic.com

www.burmeseclassic.com



သုတ ကျန်းမာရေးမကောင်းလျှင် မိမိက အမွေတွေကို ထိန်းရမှာဖြစ်သည်။

နက်နက်နီ ...

ဝင်ရှုပ်ချင်တယ် ...

မောင်လေးသုတကို အပိုင်ကိုင်ဖို့ သင်း ကြံစားနေတာလား ...

"မေမေစန္ဒီ"

"ဟင်"

"နောက်တစ်ခု ပြောရဦးမယ်၊ နက်နက်နီမှာ စိန်လက်စွပ်တစ်ကွင်း ဝတ်ထားတယ်၊ အရမ်းကောင်းတာပဲ၊ ဈေးစိန်ထင်တယ်"

"ဘာ"

"မေမေစန္ဒီ ထွက်ပြီး ကြည့်လိုက်ပါလား"

ဂျင်မ အတို့အထောင်တွေ လုပ်ပစ်လိုက်မိသည်။

နက်နက်နီက လေးလေးသုတကို ဂျင်မလက်ထဲက လုသွားတာ။

"နက်နက်နီက မရိုးသားဘူးနော်၊ လေးလေးသုတကို မြူဆွယ်ပြီး အပိုင်ချိုင်တာပဲ"

"တောက်"

နက်နက်နီ ...

ညည်း တော်တော်သွက်နေပါလား ...

မဖြစ်ဘူး ...



သတိထားမှ ...

သုတကို ကောင်းအောင် လုပ်နေတာကို မိမိ လက်မခံနိုင်ဘူး။

တော်တော်အသက်ပြင်းတဲ့ သုတ ...

ယေစဉ်က ...

မိမိ လေ့ကားပေါ်မှ တွန်းချဖူးသည်။

မသေပေ။

ခေါင်းပဲ ထိသွားသည်။

ဖေဖေ့ နောက်မိန်းမက မွေးတဲ့သားနှစ်ယောက်ကို မိမိ အမွေတွေအားလုံး မပေးလိုပေ။

မိမိပဲ ရသင့်တယ် ...

အားလုံး ယူရမယ် ...

နဲနဲ့ မရှိတော့ဘူး ...

သုတပဲ ရှိသည်။

စိန်လက်စွပ်တောင် ပေးထားတာဆိုတော့ အခြေအနေက အတော်လေး ဟုတ်နေကြပြီပဲ။

"လေးလေးသုတက အရင်နဲ့ မတူတာတော့ အမှန်ပဲ၊ မာကျော့ကျော့နဲ့"

"ငါ သွားမယ်"

"စန္ဒီ"

"ဘာလဲ"

"မင်း မသွားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာလုပ်မလို့လဲ"

"ကိုယ်က အချိုသတ်ပြီး လုပ်သင့်တာတွေ သွေးအေးအေးနဲ့ လုပ်ရမယ်လေ၊ မင်းက စိတ်ထိန်းနိုင်တာ မဟုတ်ဘူး"

"ရှင်က နက်နက်နီဆိုတဲ့ မိန်းမကို အရောဝင်ချင်တာ မဟုတ်လား"

"အဲဒါ ငါ့ကိစ္စပါ၊ မင်း နေရာတကာ ဖွာကျယ်နေရင် တို့ အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ် စန္ဒီ"

ဒေါ်စန္ဒီ ငြိမ်သွားသည်။

ယောက်ျားကို မလွန်ဆန်နိုင်။

မိမိအကြောင်းတွေ အားလုံးကို သိထားသူတစ်ယောက် ဖြစ်နေသည်။

မလုန်ရဲ ...

ကိုကျော့မောင်သည် ရက်စက်ကြမ်းကြုတ်သော ယောက်ျားတစ်ယောက်ဖြစ်သည်။

ဒေါ်စန္ဒီ ဝဋ်လည်နေပြီ။

သားကြီးသွေးရောင်ရဲ့ အဖေကို မိမိ အနိုင်ကျင့်ပြီး နေချင်သလိုနေခဲ့သည်။

ယောက်ျားအပေါ် အနိုင်ကျင့်ခဲ့၏။

အခုတော့ ...

ကိုကျော့မောင် ...

ရှင့်အကျင့်စရိုက်တွေကို ကျွန်မ လုံးဝ မနှစ်သက်တော့ဘူး။



ကွာရှင်းချင်နေပြီ။

ဒါပေမဲ့ ...

"ငါ့ကို ကလန်ကဆန် လုပ်ရင် မင်း ထောင်ထဲကို တန်းရောက်ပြီ စန္ဒီ"

မလှုပ်ရဲတော့ ...

"မင်း စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ စန္ဒီ၊ ခေါင်းအေးအေးထားပါ"

"ဒီကောင်မ အရမ်းလက်သွက်နေတယ် ကိုကျော့မောင်၊ ရိုးရိုးသားသား သူနာပြုဆရာမတော့ မဖြစ်နိုင်ဘူး၊ သုတ စိန်တွေတောင် ဒီကောင်မဆီ ရောက်နေပြီ"

မြသွေးရောင်မိသားစုရဲ့ ကိုယ်ရေးကိုယ်တာတွေကို နှောက်ယှက်နေသည်။

ဘယ်လောက် ဒေါကန်ဖို့ကောင်းလဲ ...

သုတ နေကောင်းသွားရင် အမွေတွေ ခွဲဝေပေးရမယ်။

"မင်း အချိုသတ်စမ်းပါ စန္ဒီ၊ သိမ်မွေ့စမ်းပါ"

ဒေါ်စန္ဒီ ငြိမ်နေရသည်။

နက်နက်နီ ဝင်ရှုပ်နေ၍ အမြင်ကတ်နေမိ၏။

ခြံထဲသို့ ကြည့်လိုက်သည်။

သုတနဲ့ နက်နက်နီ လမ်းလျှောက်နေတာ တွေ့ရ၏။

"သုတ နေကောင်းသွားတာနဲ့၊ ကျွန်မတို့ရမဲ့ အမွေပစ္စည်းတွေ ဆုံးရှုံးသွားမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"

"ရှင်"

"ဦးကျော့မောင်ကို လုံးဝ အနားအကပ်မခံနဲ့နော်၊ ပတ်လည်း မပတ်သက်နဲ့၊ ကျုပ် အနားမှာပဲနေပါ"

"ကိုသုတအတွက် ကျွန်မ လက်ဖက်ရည်ဖျော်ပေးမယ်နော်၊ အနားယူရမယ်"

"ကျုပ် မအိပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"နက်နက်ကို စိတ်မချလို့"

"အဲဒီစိတ်တွေကို ရှင် မထားပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ထားပါ"

"နက်နက် စကားကို နားထောင်မယ်၊ ကျုပ် အနားယူတော့မယ်"

နက်နက့် စကားကို နားထောင်မယ်။

ကျုပ်အနားကနေ ဘယ်မှ မသွားပါနဲ့ မိန်းကလေးရယ်။

မင်းရှိမှ ဖြစ်မယ် ...

နက်နက် မျက်နှာလေး ညှိုးသွားတာကိုပင် သုတ မလိုလားနိုင်အောင် ဖြစ်နေရသည်။

မင်းကို ကျုပ် သိပ်ချစ်တယ် နက်နက်။

ဆေးသောက်ပြီး သုတ အိပ်ပျော်သွားတော့သည်။

❋ ❋ ❋



"အသာနေစမ်းပါ၊ အခုချိန်မှာ ဘာမှ သွားပြောလို့ မရနိုင်ဘူး၊ မေမေ စီစဉ်ပါ့မယ်"

နက်နက်နီ ...

မင်း တကယ် သွက်တာပဲ။

အင်းလေ ...

စွဲမက်စရာကောင်းတဲ့ မိန်းမချောလေးဆိုတော့လည်း အရူးကတောင် စွဲမက်နေမှာပဲလေ။

ဦးကျော့မောင် အကြည့်တွေက နက်နက်နီရဲ့ တစ်ကိုယ်လုံးကို သိမ်းကျုံးရောက်နေသည်။

ချောလိုက်တာ ...

တောင့်ဖြောင့်နေသည်။

အားပါး ...

ရင်တွေတောင် တုန်လာတယ်။

စန္ဒီကို ငွေကြေးကြောင့်ပဲ ပေါင်းသင်းနေမိခြင်းဖြစ်သည်။

အချစ်မရှိ ...

ဦးကျော့မောင် ကြံစည်နေတာက ငွေကြေးစည်းစိမ်အားလုံး မိမိ လက်ထဲသို့ ရောက်ရှိစေခြင်းပင် ဖြစ်သည်။

"ကိုကျော့မောင်"

"ဟင်"

"ရှင် ဘာလို့ ဒီလောက်တောင် ကြည့်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုလို လူကြီးတွေအတွက် မျက်စိအစာကျွေးတာလေ နက်နက်နီက တော်တော်ချောတာပဲ၊ သုတလို သောင်းကျန်းနေတတ်တဲ့ စိတ်ဝေဒနာရှင်တောင် အကောင်းပကတိ ဖြစ်သွားပြီ"

"ဟွန်း"

ဒေါ်စန္ဒီ မကျေမနပ်နှင့် အခန်းထဲ ပြန်ဝင်လာခဲ့မိသည်။

ကျက်သရေမရှိလိုက်တာ ...

မြသွေးရောင်ရဲ့ အတွင်းရေးကိစ္စတွေမှာ ဝင်ရှုပ်ချင်တဲ့ နက်နက်နီ။

တစ်နေ့သိမယ် ...

ကိုကျော်မောင်ကတော့ လသာဆောင်မှာ ရှိနေဆဲပင်။

ရှင်လည်း တစ်နေ့ သိမယ်။

"မေမေ"

"ဟင်"

"ဒီဟာမ ရှိနေတာ ကလျာတို့အတွက် အနှောင့်အယှက် ခလုတ်ကန်သင်းတစ်ခုပဲနော်၊ ရှင်းပစ်သင့်တယ်"

"သမီးက အသက်ငယ်သေးတယ် ဝင်မပါနဲ့၊ ညည်းမေမေ ရှင်းလိမ့်မယ်"

ဒေါ်စန္ဒီ အံသွားတွေကို တင်းကျပ်စွာ ကြိတ်ထားမိသည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ် ...



ကိုကျော်မောင်ကိုပဲ ပြစ်မှုတွေအားလုံး ကျူးလွန်ခိုင်းပြီး ရှင်းပစ်ရမယ်။

ကျွန်မအသေပါမှာ ရှင် အနိုင်ကျင့်ခဲ့သမျှ စန္ဒီ့အကြောင်း ကောင်းကောင်းသိစေရမယ် ကိုကျော်မောင်။

စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

နက်နက်နီက လေးလေးသုတကို အတော်လေး စည်းရုံးနိုင်တာဟု သွေးရောင် စဉ်းစားနေမိသည်။

ခြံထဲမှာ ...

လေးလေးသုတနဲ့ နက်နက်နီ ...

မင်းနာမည်က တစ်မျိုးဆန်းတယ် ...

မိန်းမချောလေးတစ်ယောက်နဲ့ လုံးဝမလိုက်ဖက်တဲ့ နာမည်ပဲ။

သွေးရောင် ...

မင်း ဘာတွေစဉ်းစားနေတာလဲ ...

မိန်းမတွေအကြောင်းကို မင်း ဘယ်တုန်းက စဉ်းစားခဲ့ဘူးလို့လဲ ...

လေးလေးကြောင့် ...

သူ ...



တောနက်ထဲသွားမှလို့ ...

သားကောင်တွေကို သတ်ဖြတ်တာထက် တစ်ယောက်တည်းနေရတာ သဘောကျတာ။

“ကိုကြီး ပြန်လာရင် မင်းနဲ့လည်း တိုင်ပင်စရာရှိတယ် သွေးရောင်”

လေးလေးသုတ ပြောနေသည်။

ဘာပြောမှာလဲ ...

နက်နက်နီကို လက်ထပ်မဲ့ အကြောင်းပဲ ပြောမှာလား ...

လေးလေးသုတလို စိတ်ဝေဒနာရှင်တစ်ယောက်ကို မင်း လှည့်စားလို့ကတော့ သွေးရောင်အကြောင်း ကောင်းကောင်း သိစေရမယ်။

ရိုးရိုးသားသား မိန်းကလေးတစ်ယောက် လေးလေးသုတ အနားမှာ လိုအပ်နေတာတော့ အမှန်ပဲဖြစ်သည်။

တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွယ်တာပြီး ချစ်လို့ကတော့ အကြောင်းမဟုတ်ပါဘူး။

မင်း ...

ဘယ်လို မိန်းမမျိုးလဲ ...

သူ့စိတ်ထဲမှာလည်း တစ်မျိုးကြီး ဖြစ်နေသည်။

နက်နက်နီကို သတိရနေမိသလိုပဲ ...

သွေးရောင် မိန်းကလေးတွေနှင့် ပတ်သက်ဆက်ဆံတာမျိုး မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသွေးရောင် ကျွန်မကို တစ်မျိုးမထင်ပါနဲ့၊ ကိုသုတ ဖွတ်အတင်းပေးနေတာပါ"

သူ့ကို လာရောက်ရှင်းပြခဲ့သည်။

ဘာကြောင့် ရှင်းပြရတာလဲ ...

မတွေးဘူး ...

ဒီမိန်းမအကြောင်းတွေ မတွေးတာပဲ အကောင်းဆုံးဖြစ်သည်။

လေးလေးသုတ အပေါ် အကောက်ကြံလို့ကတော့ မင်း မလွယ်ဘူးမှတ်။

စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

"သား"

"ဗျာ မေမေ"

"မေမေ ပြောစရာရှိတယ်"

"ပြောပါ မေမေ"

မေမေ ရောက်လာသည်။

ခြံကြီးထဲကို ရောက်နေတဲ့ အကြည့်တွေကို ရုပ်သိမ်းပစ်လိုက်ရ၏။

"ဟိုမှာ တွေ့လား သား"

"တွေ့တယ် မေမေ လေးလေးသုတက အတော်လေး နေကောင်းသွားပြီပဲ"

"သုတ နေကောင်းတာက အရေးမကြီးဘူး သား၊ ဟိုနာ့စ်မက သုတကို ဖြားယောင်းသွေးဆောင်ပြီး ဒုက္ခပေးမှာပဲ မေမေ စိတ်ပူတယ် သား"



မြသွေးရောင်မှာ သားကို အားလုံးက လေးစားကြသည်။

အိမ်တော်စိုးကြီးကလည်း သားစကားတွေကို ယက်ခံ၏။

သမာသမတ်ရှိသည်ဟု သတ်မှတ်ထား၍ဖြစ်သည်။

"လေးလေး နေကောင်းနေတာပဲ မေမေ၊ သား အခြေအနေကို ကြည့်နေပါတယ် မေမေ"

"မဟုတ်ဘူးလေ၊ သားရဲ့၊ ဒီဆရာမ အခြေအနေ မဟန်ဘူးလို့ ပြောတာ၊ အလုပ်ထုတ်ပစ်သင့်ရင် ထုတ်ပစ်ရလိမ့်မယ်"

"သူနဲ့က တစ်နှစ်စာချုပ် ချုပ်ထားတာပဲ၊ သားတို့က ထုတ်ပစ်ချင်တိုင်း ထုတ်ပစ်လို့ရမှာ မဟုတ်ဘူး"

လေးလေးသုတအတွက် လိုအပ်နေတယ်ဆိုရင်တော့ ထားရမှာပဲဖြစ်သည်။

"နက်နက်နီ အကောက်ကြံတာတွေ ဘာမှသက်သေမရှိသေးတာပဲ"

"မင်းတို့ ယောက်ျားတွေက နက်နက်နီကို အလုပ်ထုတ်ပစ်ဖို့ အတော်လေး ဝန်လေးနေကြတာပါလား"

မေမေ့ခင်ပွန်း ဦးကျော့မောင် ကိုယ်တိုင်က ထောက်ခံနေ၍ဖြစ်မည်။

နက်နက်နီမှာ အပြစ်မရှိတာပဲ။

"ဒီမိန်းမက မိန်းမလည်၊ မိန်းမရှုပ်တစ်ယောက်လို့ မေမေ ထင်တာပဲ သား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ မပြောသာတော့။

မိမိ ပြောဆိုသမျှ မဲအောင်မြင်။

ဒေါ်သတွေ ဖြစ်ပြီး ပြန်ထွက်လာခဲ့မိသည်။

သွေးရောင်ကတော့ မေမေ့ဆန္ဒတွေကို သိပ်မလိုက်လျော့ချင်ပေ။

ပထွေးကြောင့်ပင် ...

လေးလေးသုတ အမွေပစ္စည်းတွေကို အရယူချင်နေ၍ ကြိုးစားနေကြသည်ဟု သူ့စိတ်ထဲမှာ ထင်မိနေ၏။

မြသွေးရောင်ကို စိတ်ပျက်တယ် ...

ရှုပ်ထွေးနေတာပဲ ...

လောဘရမ္မက်တွေ တက်နေကြသည်ဟု ထင်မိနေသည်။

မြသွေးရောင်မှာက သူ့သွေးသားတွေပဲ အတ္တကြီးနေကြတာပဲ။

ခြံကြီးထဲကို ကြည့်မိနေသည်။

လေးလေးသုတနဲ့ နက်နက်နီတို့ ယှဉ်တွဲပြီး လျှောက်နေကြ၏။

သူ့စိတ်တွေ လှုပ်ရှားလာရသည်။

ဘာဖြစ်တာလဲ ...

နက်နက်နီ ...

မင်းနဲ့ ပတ်သက်ပြီး ငါ မတွေးချင်တာတော့ အမှန်ပါပဲ။



ရိုးသားတဲ့ နက်နက်နီရဲ့ မျက်ဝန်းတွေကို သူ တစ်စက်တလေမှ မယုံသင်္ကာ မဖြစ်မိ။

ဘာကြောင့်လဲ ...

မေမေ ပြောသလိုပဲ ချောမောတဲ့ မိန်းကလေးဖြစ်နေလို့လား ...

ဒီမိန်းကလေးအကြောင်းတွေကို ဘာလို့ တွေးနေရတာလဲ ...

အလုပ်ရှုပ်တယ် ...

မတွေးတာအကောင်းဆုံးပဲ ...

သူ ...

အခန်းထဲ ပြန်ဝင်လာခဲ့မိသည်။

နက်နက်နီကတော့ ကိုသွေးရောင် ပြန်ဝင်သွားတာကို တွေ့လိုက်ရ၏။

မြသွေးရောင်က လူတွေ ကြည့်ကွက် ကြည့်ကွက်လုပ် ဖြစ်နေကြသည်။

သူမကိုတော့ တစ်မျိုးထင်မှာပဲ။

တခြားသူတွေ ထင်တာကို သူမ ဘယ်လိုမှ မဖြစ်ပေမဲ့ ကိုသွေးရောင် ထင်တာကိုတော့ နက်နက်နီ စိတ်ထဲက တစ်မျိုးကြီး ဖြစ်နေရသည်။

ညည်း စိတ်တွေ ဘာဖြစ်နေတာလဲ နက်နက်နီ။

တာဝန်နဲ့ လာတာလေ။

ဘာလို့ ဒီလူ့ကို စိတ်ဝင်စားနေရတာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



လှကြမ်းကြီး ...

မာကျောလိုက်တာ ...

သူမကိုပင် အဖက်မတန်သလိုနှင့် အေးစက်စက်နေတဲ့ လူတစ်ယောက် ...

မုန်းစရာကောင်းလိုက်တာ ...

မတွေးဘူး ...

ရှင့်အကြောင်းတွေ မတွေးဘူး ...

"မြသွေးရောင်မှာ သမာသမတ်အရှိဆုံးက အိမ်တော်စိုးကြီးနဲ့ သွေးရောင်ပဲ"

ကိုသုတက ပြောနေသည်။

"အမွေတွေ ရရင်တော့ ကျုပ်တို့ကို တစ်ဝက်ပေးရမယ်"

တောလမ်းလေးအတိုင်း လျှောက်သွားနေမိကြသည်။

ခြံဝန်းကြီးက အကျယ်ကြီး။

ဆယ်ဧကလောက်တောင် ကျယ်မည်။

"နက်နက်နဲ"

"ရှင်"

"ဒီခြံကြီးရဲ့ အစွန်းဘက်မှာ ကျုပ်တို့မိသားစုသချိုင်း ရှိတယ်"

"ရှင်"

"မင်းကို ခေါ်သွားမလို့"

သူမ ...

သတိရသွားမိသည်။



မဖြစ်ဘူး ...

အဲဒီဘက်ကို သွားလို့ မဖြစ်ဘူး ...

ကိုနန္ဒရှိတယ်။

"ကျုပ် အမေ့ဂူလည်း ရှိတယ်၊ ကျုပ်အမေဆီကို မင်းကို ခေါ်သွားမလို့"

ကိုသုတရဲ့ အကြံအစည်တွေကို သူမ လိုက်လျှော၍ မဖြစ်ပေ။

"အမေ့ကို ပြမလို့"

ကျွန်မကို ရှင် ဘာကြောင့် ပြမယ်ဆိုတာ ကျွန်မ သိပါတယ်။

ကိုသုတရဲ့ မျက်ဝန်းတွေက သူမအား စူးစိုက်စွာ ကြည့်နေသည်။

ကျွန်မကို စိတ်ဝင်စားနေပြီ။

ကိုသုတနဲ့ သိပ်ရင်းနှီးအောင် မနေသင့်ဘူးဆိုတဲ့ အတွေးဝင်လာမိသည်။

တော်ကြာ ...

ချစ်စကားတွေ ပြောလာလျှင် အခက်ပဲ။

"အိမ်ထဲ ပြန်ဝင်ကြရအောင်နော် ကိုသုတ"

"မဝင်ချင်သေးဘူး၊ ကျုပ် အပြင်မှာ နေရတာ စိတ်ချမ်းသာတယ်၊ အမေ့ဆီ သွားရအောင်၊ မင်းကို ပြချင်လို့ပါ"

"ကိုသုတ စိတ်တွေကို ထိန်းချုပ်စမ်းပါ၊ အဲဒီလို ခပ်ကြောင်ကြောင် အပြုအမူတွေ မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အမေကို ပြချင်လို့ပါ၊ ကျုပ် အနားမှာ မင်းရှိနေတာ အမေသိရင် တမလွန်မှာ စိတ်ချမ်းသာနေမယ်လေ"

"ကျွန်မတို့ အိမ်ထဲဝင်ကြရအောင်နော်"

ကိုနန္ဒ ရှိတယ်။

အသစ်စက်စက်ကြီး။

မိသားစုသချိုင်းကို သွားလို့မဖြစ်သေး၍ ဖွတ်အတင်း အိမ်ထဲဝင်လာခဲ့သည်။

"မနက်မှ အေးအေးဆေးဆေး သွားကြတာပေါ့နော်"

နက်နက်တို့ အိမ်ထဲ ဝင်လာတဲ့အချိန်တွင် ဦးကျော့မောင်က လာတွေ့သည်။

"အပြင်ထွက်ပြီး လမ်းလျှောက်တာ ကောင်းတယ် ဆရာမ၊ သုတလည်း အာရုံသစ် ဖြစ်တာပေါ့"

"ဒီခြံကြီးက ကျုပ် ကြီးပြင်းလာတာပါ ကိုကျော့မောင်၊ ဘာအာရုံအသစ်မှ မရပါဘူး၊ အညောင်းပြေ လျှောက်တာပါ"

နက်နက် အားနာသွားရှ၏။

"သုတ ပြောချင်တာ ပြောပါစေ ဆရာမ၊ သူတို့ မိသားစုဝင်တွေက ကျွန်တော့်ကို အမြင်စောင်းနေတာပါ၊ ဆရာမအခုလို စောင့်ရှောက်ပေးတာတော့ ကျေးဇူးတင်ပါတယ်"

"နက်နက် သွားမယ်"

ကိုသုတက ရှေ့မှ ထွက်သွားသဖြင့် သူမ နောက်အပြေးအလွှား လိုက်ရသည်။

"နက်နက်"



"ရှင်"

"ဒီလူကို လုံးဝ အရောမဝင်နဲ့နော်၊ လူရှုပ်လူပွေ၊ မကြီးကို မတရား အနိုင်ကျင့်နေတာ"

ကိုကျော့မောင်ဆိုတဲ့ လူက လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ နက်နက် အကဲခတ်မိပြီးသား ဖြစ်နေသည်။

နက်နက်ကိုလည်း အရောလိုက်ဝင်နေ၏။

မြသွေးရောင်အိမ်ကြီးထဲမှာ ဦးကျော့မောင်ကိုလည်း သတိထားရမည်ဖြစ်၏။

ကိုနန္ဒ သေဆုံးမှုမှာ ဦးကျော့မောင်လည်း ပါဝင်ပတ်သက်နိုင်သည်။

ဦးကျော့မောင်သည် အရက်ကို အလွန်အကျွံ သောက်တတ်သူဟု သူမ ကြားထား၏။

"မကြီးလည်း ဝင့်လည်တာပဲ နက်နက်၊ သွေးရောင်တို့ အဖေကို အရမ်းနိုင်တာပဲ"

"ကိုသုတ"

"ပြော"

"ရှင့်အစ်ကို ရန်ကုန်က ပြန်လာပြီး အရက်သောက်တတ်လား"

"မသောက်ပါဘူး၊ ကျုပ် သိပ်မမှတ်မိဘူး၊ ဟုတ်တယ်၊ တစ်ခေါက် ပြန်လာတယ်၊ ငါ နှာစိမ ခေါ်ထားတယ်တဲ့၊ မင်းအတွက်တဲ့၊ အရက်ကတော့ ကိုကြီး သိပ်မသောက်ပါဘူး၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com



"မမက သူ့ချစ်သူက အရက်မသောက်တတ်ဘူးလို့ အရမ်းအမွှန်းတင်လို့ပါ"

"တစ်ခါတလေတော့ ဦးကျော့မောင်က ကိုကြီးကို အရက်သောက်ဖို့ လာဆွယ်ရင်တော့ သောက်လေ့ရှိတယ်လေ"

သဲလွန်စရပြီ။

ဦးကျော့မောင်နဲ့ ကိုနန္ဒ အရက်သောက်တတ်ကြတာပဲဖြစ်သည်။

"ကိုနန္ဒနဲ့ ဦးကျော့မောင်ကတော့ သင့်မြတ်ကြလား"

"ကိုကြီးက အားနာတတ်တယ်၊ ဦးကျော့မောင်က အရောတဝင်လုပ်ရင်လည်း အလိုက်အထိုက် ဆက်ဆံတတ်တယ်လေ"

"ဟင်း ဟင်း ... စောစောက ရှင် ဦးကျော့မောင်ကြီးကို ဟောက်လိုက်တာ၊ အရင်ကကော ဟောက်ရဲလား"

"ဦးကျော့မောင်နဲ့တော့ ကျုပ်က ကင်းအောင်နေတယ်၊ ကျုပ် စိတ်ဝေဒနာတွေ ခံစားနေရတော့ ကျုပ်ဆီလည်း မလာကြပါဘူး၊ ပစ်ထားကြတာလေ၊ မင်းကို လာရောတာတွေ့လို့ ကျုပ် ဒေါသဖြစ်သွားတာပါ"

"ရှင် မကြောက်တော့ဘူးလား ကိုသုတ"

"ယောက်ျားဆိုတာ အမြတ်မ်း အားမာန်တွေအပြည့်နဲ့ အရာအားလုံးကို ရင်ဆိုင်နိုင်တဲ့ သတ္တိတွေ ရှိရမယ်ဆို"

"ကောင်းတယ်၊ ရှင့်မှာ ဒီလို စိတ်ဓာတ်ရှိတာ ကောင်းတယ်"

သုတ ...

စိတ်တွေ တက်ကြွနေသည်။



မင်းကြောင့်ပါ။

ကျုပ် ...

အမြဲတမ်း တွေဝေနေပြီး အရာအားလုံးကို ရင်ဆိုင်ဖို့ ကြောက်ရွံ့နေတတ်တယ်။

အစက ...

မမကြီးစန္ဒီပဲ ...

ကျုပ်ကို ငယ်ငယ်လေးတည်းက နှိပ်စက်ပြီး ခြိမ်းခြောက်အနိုင်ကျင့်လာတာလေ။

အခုတော့ ...

ဘာကိုမှ မကြောက်တော့ဘူး။

ရင်ဆိုင်မယ် ...

အမွေတွေ ခွဲဝေပြီးရင် စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်။

ပြီးတော့ ...

မင်းကို လက်ထပ်မယ် ...

နက်နက်နီရယ် ...

မင်းကို ကျုပ် အရမ်းချစ်မြတ်နိုးနေမိပြီ။

မိန်းမချောလေး နက်နက်နီကို သုတ ငေးစိုက်ကြည့်နေမိသည်။

ချစ်တယ်လို့ ဘယ်လိုပြောရမလဲ ...

မင်း လက်ခံမှာလား ...

သွေးရောင်က ရီးသားတည်ကြည်ပေမဲ့ ဦးကျော့မောင်ဆိုတဲ့ လူကို သုတ စိတ်မချနိုင်အောင် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"

"ရှင်"

"ဦးကျော့မောင်ကို လုံးဝ အနားအကပ်မခံနဲ့နော်၊ ပတ်လည်း မပတ်သက်နဲ့၊ ကျုပ် အနားမှာပဲနေပါ"

"ကိုသုတအတွက် ကျွန်မ လက်ဖက်ရည်ဖျော်ပေးမယ်နော်၊ အနားယူရမယ်"

"ကျုပ် မအိပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"နက်နက်ကို စိတ်မချလို့"

"အဲဒီစိတ်တွေကို ရှင် မထားပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ထားပါ"

"နက်နက် စကားကို နားထောင်မယ်၊ ကျုပ် အနားယူတော့မယ်"

နက်နက် စကားကို နားထောင်မယ်။

ကျုပ်အနားကနေ ဘယ်မှ မသွားပါနဲ့ မိန်းကလေးရယ်။

မင်းရှိမှ ဖြစ်မယ် ...

နက်နက် မျက်နှာလေး ညှိုးသွားတာကိုပင် သုတ မလိုလားနိုင်အောင် ဖြစ်နေရသည်။

မင်းကို ကျုပ် သိပ်ချစ်တယ် နက်နက်။

ဆေးသောက်ပြီး သုတ အိပ်ပျော်သွားတော့သည်။



## အခန်း(၁၄)

"နက်နက်နီ"

"ဟင်"

ဒေါ်စန္ဒီ ...

ကိုသုတ အိပ်သွားသဖြင့် နက်နက် ကိုယ့်အခန်းထဲကိုယ် ပြန်လာခဲ့သည်။

အနားယူဖို့ ပြင်ဆင်တုန်း ဒေါ်စန္ဒီ ဝင်လာတော့၏။

"ထိုင်ပါ ဒေါ်စန္ဒီ"

"ညည်းက အတော်သွက်နေတာပါလား နက်နက်နီ"

"ရှင်"

"ကျုပ်မောင် အခြေအနေ အတော်လေးတိုးတက်နေပြီပဲ"

ဒေါ်စန္ဒီရဲ့ အကြည့်တွေက မလိုလားတဲ့အကြည့်တွေ ဖြစ်ကြောင်း သိသာနေသည်။

ကိုသုတအပေါ်မှာ စေတနာမေတ္တာ ကင်းမဲ့ကြောင်း သိသာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လောဘရမ္မက်ကြီးတဲ့ မျက်ဝန်းတွေကို ပျောက်ဖျက်လို့မဖြစ်နိုင်ခဲ့ပေ။

"ညည်းကို သတိပေးစရာ ရှိလို့ ကျုပ် လာခဲ့တာပဲ နက်နက်"

"ပြောပါ"

နက်နက်နီ ...

ညည်း လူလည်ကျတာပဲ ...

ကျုပ် သိကယ် ...

ညည်းဟာ အကြံအစည်နဲ့ ဒီကို ရောက်လာတာ မဟုတ်လား ...

သုတကို အပိုင်ဖမ်းဖို့ ...

ရမလား ...

ကျုပ်အဖေနဲ့ အမေပဲ ပိုင်ဆိုင်တဲ့ အမွေပစ္စည်းတွေကို မဆီမဆိုင် နောက်မိန်းမကမွေးတဲ့ သားသမီးတွေလက်ထဲ အရောက်မခံနိုင်ပါဘူး။

ဖေဖေ့ကြောင့်ပေါ့။

နောက်မိန်းမက မွေးတဲ့ သားတွေကို မချစ်ဘူး မချစ်ဘူးနဲ့ အမွေတွေ ညီတူမျှတူ ပေးဖို့ စီစဉ်ခဲ့သည်။

မကျေနပ်ပါဘူး။

ဘယ်သူ့မှ မပေးနိုင်ဘူး။

အမွေတွေအားလုံး မိမိ လက်ထဲ ကောက်အောင် ကြိုးစားရမှာပဲဖြစ်သည်။



"ကျုပ်မောင်လေးက စိတ်ဝေဒနာရှင်၊ ညည်း လိုအပ်တာထက် စေတနာပိုမထားမိအောင် ဆင်ခြင်ပါ၊ ကျုပ်ကတော့ သဘောတူ ကြည်ဖြူမှာ မဟုတ်ဘူးနော်၊ ရှင်းအောင် ပြောထားတာ"

"ကျွန်မက ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ ဒေါ်စန္ဒီ၊ စိတ်ချပါ၊ စိတ်ဝေဒနာရှင်တစ်ယောက်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ပါဘူး"

"ကောင်းတာပေါ့အေ၊ စိတ်ဝေဒနာရှင်ကို ဆေးကုပြီးလက်ထပ်မယ်လို့တော့ နည်းနည်းမှ မကြံစည်ပါနဲ့"

နက်နက် ဒေါသတွေကို ထိန်းချုပ်ထားပစ်လိုက်မိသည်။

ရှင်ကြီး တော်တော်အတ္တကြီးတယ် ...

ကိုနန္ဒ သေဆုံးသွားရတာကိုလည်း ဒေါ်စန္ဒီတို့ မိသားစုအပေါ် အဓိက သက်သေမကောင်း ဖြစ်နေမ်၏။

သက်သေအထောက်အထား ရအောင် စုံစမ်းရှာဦးမည် ဖြစ်သည်။

ကိုသုတ နေကောင်းမှ ဖြစ်မယ် ...

ဒါမှ ...

ရသင့်ရထိုက်တာတွေ ရမှာ။

"ကျုပ်က ပြတ်ပြတ်သားသားပဲ ပြောထားမယ်၊ ကျုပ်ယောကျ်ားကလည်း မိန်းမချောလေးတွေ မြင်ရင် အမြဲး အရောဝင်ချင်တယ်၊ ဒီမှာရှိတဲ့ ယောကျ်ားတွေရဲ့ စိတ်ဓာတ်ကို အပွင့်လင်းဆုံး ပြောပြထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နက်နက်နီ စိတ်အဝင်စားဆုံးကလည်း ဦးကျော့မောင်

ပဲ။

ကိုနန္ဒ ...

အရက်သိပ်မသောက်တတ်။

ဦးကျော့မောင်က နေ့စဉ် သောက်သည်။

အရက်မူးပြီး ကားမောင်းလေ့မရှိတဲ့ ကိုနန္ဒ။

ဘာကြောင့် အရက်မူးရတာလဲ ...

"နက်နက်"

"ရှင်"

"ညည်းက တာဝန်ကို တစ်နှစ်အထိ ထမ်းဆောင်မှာလား"

"ဟုတ်ကဲ့"

"မလိုပါဘူး၊ ညည်း အလုပ်ထွက်မယ်ဆိုရင် ကျုပ် ငွေထပ်ပေးမယ်"

"ကျွန်မ ငွေအတွက် လာလုပ်တာ မဟုတ်ပါဘူး၊ ကိုနန္ဒက သေသေချာချာ မှာလို့ပါ၊ ကျွန်မ အစ်မကလည်း တစ်နှစ်ပြည့်လို့ ကိုသုတ နေကောင်းမှ ပြန်ရမယ်တဲ့"

"ကျုပ် အစ်မတစ်ယောက်လုံးရှိတာပဲ၊ ညည်းတို့က အဖြစ်သည်းမနေစမ်းပါနဲ့"

"ကျွန်မကတော့ ကျွန်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမှာပဲ"

"နက်နက် ညည်း ဝတ်ထားတဲ့ စိန်လက်စွပ်ရော"

"ရှင်"



ကိုသုတ ပေးတဲ့ စိန်းလက်စွပ်ကို နက်နက် သိမ်းထားလိုက်သည်။

မဝတ်ချင်ပေ။

ကိုသုတ မေးမှ ကောက်ဝတ်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"ကျုပ်မောင် ပေးထားတဲ့ လက်စွပ် ကျုပ်ကို ပြန်ပေးပါ"

ဒေါ်စန္ဒီကိုတော့ မပေးနိုင်ပေ။

ကိုသုတကိုပဲ ပေးရမယ် ...

"မရှိပါဘူး"

"ဘာအေ့"

"ကျွန်မကို ဘယ်သူမှ လက်စွပ်မပေးပါဘူး"

"ဘာလို့ မပေးရမှာလဲ၊ မနက်ကတောင် ညည်း ဝတ်ထားတာပဲ"

"ဒေါ်စန္ဒီ အမြင်မှားတာပါ၊ ကျွန်မမှာ မရှိပါဘူး"

"ညည်း"

မနက်က စိန်လက်စွပ် ဝတ်ပြီးခြံထဲ ထွက်နေသေးသည်။

ဗြောင်လိမ်တာပဲ။

"ညည်း မလိမ်ပါနဲ့၊ စိန်လက်စွပ်ကို ညည်း ဝတ်ထားတာ ကျုပ် မြင်တယ်"

"မရှိပါဘူး"

တမင် ...

www.burmeseclassic.com

www.burmeseclassic.com



မပေးတာ ...

ကိုသုတ ပစ္စည်းပဲ။

ဒေါ်စန္ဒီ့ကို နည်းနည်းမှ အယုံအကြည်မရှိ။

လောဘရမ္မက်ကြီးတဲ့ မိန်းမကြီးတစ်ယောက်ပဲဖြစ်သည်။

"ညည်း ကျုပ်မောင်ရဲ့ ပစ္စည်းတွေကို မတရား ယူတာပဲ နက်နက်၊ ညည်း ပေးမလား မပေးဘူးလား"

"မရှိဘူး"

"ညည်း"

နန္ဒနင့်သုတကို သူတို့ အမေက ပေးထားခဲ့တာပဲ ဖြစ်နိုင်သည်။

သင်းတို့က လှျို့ဝှက်ထား၏။

ဖေဖေကလည်း နောက်မိန်းမကို ဆင်မြန်းပေးထားတာတွေ ရှိနေသည်။

မကျေနပ်လိုက်တာ ...

အားလုံး ပြန်ယူရမှာပဲ ...

"ညည်း မတရားယူရင်တော့ အိမ်တော်စိုးကြီးကတစ်ဆင့် သက်ဆိုင်ရာကို တိုင်ရမယ်"

နက်နက် ဘာမှ မပြောတော့ ...

ဒေါ်စန္ဒီ မကျေမနပ် ဖြစ်နေသည်။

"နက်နက်နီ ညည်း အခန်းတစ်ခန်းလုံးကို ရှာရမယ်၊ ကျုပ်မောင်က စိတ်ဝေဒနာရှင်၊ ညည်းမတရား စည်းရုံးသိမ်းသွင်းယူတာတော့ ကျုပ် လုံးဝ လက်မခံနိုင်ဘူး"



"ကျွန်မ အခန်းကို ရှာခွင့်မပြုနိုင်ဘူး၊ ကျွန်မက သူနာပြု ဆရာမတစ်ယောက်ပါ"

ဒေါ်စန္ဒီ့ မတရားလုပ်နေတာကို နက်နက် သတိထားမိသည်။

"ဘာအေ့ ညည်းက ကျုပ်မောင် စိတ်ဝေဒနာရှင်အနားကပ်ပြီး ချချင်နေတာ မဟုတ်လား"

"ဒေါ်စန္ဒီ ကျွန်မရဲ့ ကိုယ်ကျင့်တရားတွေကို မစော်ကားနဲ့"

"ကျုပ် ရှာမယ်၊ ညည်းတရားခံ လက်စွပ်ပေးထားတာ ကျုပ် မြင်တာပဲ"

ဒေါ်စန္ဒီ အကြီးအကျယ် ပြဿနာရှာနေတဲ့အချိန်တွင် ကိုသွေးရောင် ရောက်လာသည်။

"မေမေ ဆရာမကို သွားပြီး အနှောင့်အယှက် ပေးမနေပါနဲ့"

သွေးရောင် ဝင်တားလိုက်မိသည်။

လေးလေးသုတကို လာကြည့်ရင် ဆရာမအခန်းထဲမှ မေမေ့ အသံ ကြား၍ ဝင်လာမိခြင်းပင်ဖြစ်သည်။

"မေမေ"

"သွေးရောင် မင်း ဘာသိလို့လဲ သား၊ ဒီဆရာမက သုတဆီက လက်ဝတ်ရတနာတွေ ချူယူနေတာ"

မေမေ့စကားကြောင့် နက်နက်နီကို သွေးရောင် အားနာသွားမိသည်။

လေးလေးသုတ နေကောင်းသွားတာ နက်နက်နီကြောင့်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ သွားပါတော့"

"ဒီဆရာမ အခန်းကို ရှာရမယ် သွေးရောင်၊ သူ့ဝတ်ရုံ အရှုံ၊ ဒီကောင့်ဆီက ဘာတွေ ချုပ်ယူထားသေးလည်း မသိဘူး"

"မေမေ ထားလိုက်ပါတော့၊ လေးလေးသုတ ပစ္စည်းတွေပဲ၊ လေးလေး စိတ်ချမ်းသာသလို လုပ်ပါစေ"

ဒေါ်စန္ဒီ မကျေမနပ်နှင့် ထွက်သွားတော့သည်။

"ကျုပ် တောင်းပန်ပါတယ် နက်နက်နီ၊ ကျုပ် မေမေက စိတ်ပူတတ်တာပါ"

"ကိုသွေးရောင်"

"ပြော"

"ကျွန်မကို စိန်လက်စွပ်တစ်ကွင်း ပေးထားပါတယ်၊ ကျွန်မ အခုပဲ အိမ်တော်စိုးကြီးဆီကို သွားအပ်မှာပါ"

"ဟင်"

မေမေ့ကို ဘာလို့ မပေးတာလဲ ...

နက်နက်နီ အပေါ် လေးလေး အတော်လေး စိတ်ဝင်စားပုံပင်။

"ကျွန်မ ကိုသုတ ပစ္စည်းဖြစ်လို့ အိမ်တော်စိုးကြီးကိုပဲ အပ်ချင်တယ်၊ ရှင် တစ်မျိုးမထင်ပါနဲ့၊ ကိုသုတ မှတ်အတင်းကြီးပေးလို့"

နက်နက် ...

ရှင်းပြနေမိသည်။



သူ့အကြည့်တွေက အေးစက်တည်ငြိမ်နေ၏။

ကိုသွေးရောင် ...

ရှင် အထင်သေးမှာကို ကျွန်မ စိတ်ပူနေမိသလိုပဲ။

"ကျွန်မ အိမ်တော်စိုးကြီး လက်ထဲ ထည့်တာ မမှားပါဘူး နော်"

"မင်းကို လေးလေး ပေးတာပဲ၊ တော်ကြာ မင်းဆီမှာ မရှိရင် လေးလေး စိတ်အနှောင့်အယှက် ဖြစ်လိမ့်မယ်"

စိတ်သက်သာရာ ရသွားသည်။

ရှင် နားလည်မှု ရှိထား၏။

ကြမ်းတမ်းခက်ထန်သော လူတစ်ယောက်ရဲ့ ဖြူစင်တဲ့ စိတ်သဘောထားကို လှစ်ခနဲ သူမ တွေ့မြင်လိုက်ရသည်။

"အမိ"

"ရှင်"

"ကျုပ် တောထဲ သွားမလို့"

"ရှင့် လေးလေးက"

"ကျုပ် ဒီမှာ မနေချင်လို့ပါ၊ လေးလေးကို ခင်ဗျား စောင့်ရှောက်ပေးထားပါ",

"စိတ်ချပါ၊ အဲဒါ ကျွန်မ တာဝန်ပဲဟာ"

"မင်းကိုလည်း ကျုပ် သတိပေးရဦးမယ်၊ ဦးကျော့မောင်ကို လုံးဝ အရောမဝင်ပါနဲ့"

"ဟုတ်ကဲ့"

"ကျုပ် တောထဲသွားတဲ့အကြောင်း လေးလေးကို အသိပေးပါနဲ့၊ ကျုပ် ပြန်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူ ...

ထွက်သွားသည်။

နက်နက် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားမိသလိုပင်။

ဘယ်လို ဖြစ်နေတာလဲ နက်နက် ...

ညည်း စိတ်တွေ မာကျောရမယ် ...

ကြီးမားတဲ့ တာဝန်တစ်ခုနဲ့ မြသွေးရောင်အိမ်ကြီးထဲကို ရောက်လာတာပဲ။

ဒီမှာရှိတဲ့ လူတွေအားလုံးကို တစ်ယောက်မှ အယုံအကြည် မရှိပေ။

ကိုသုတအား ဝိုင်းပြီး အကောက်ကြံနေကြခြင်းသာဖြစ်သည်။

ကိုသွေးရောင် ထွက်သွားသည်။

နက်နက် ...

ခြံထဲ ဆင်းလာခဲ့၏။

အိမ်တော်စိုးကြီးကို သွားပြီး တွေ့လိုက်သည်။

"ကိစ္စရှိလို့လား နက်နက်ရီ"

"ကျွန်မ ပစ္စည်းတစ်ခု အပ်ချင်လို့ပါ အိမ်တော်စိုးကြီး"

"ဘာလဲ"

"ကိုသုက ကျွန်မကို စိန်လက်စွပ်တစ်ကွင်း အတင်းပေးထားပါတယ်"



"ဟင်"

အိမ်တော်စိုးကြီး လက်ထဲသို့ စိန်လက်စွပ်ကို အပ်လိုက်သည်။

"မင်းကို ပေးတာပဲ နက်နက်၊ မင်း သိမ်းထား"

"ဒေါ်စန္ဒီက အတင်းလာတောင်းနေတယ်၊ ကျွန်မ သူ့တို့ကို မပေးချင်ဘူး အိမ်တော်စိုးကြီး"

အိမ်တော်စိုးကြီးကလည်း စန္ဒီ လောဘတက်တာ သိသည်။

မောင်နန္ဒနှင့် မောင်သုတတို့အပေါ် မတရားလုပ်ချင်နေမိသည်။

ဦးဘခေါင် လက်မခံနိုင်။

စန္ဒီတို့ မိသားစုတစ်ခုလုံး အတ္တကြီးလောဘရမ္မက်တွေ ကြီးမားနေကြသည်။

အမွေခွဲဖို့ပဲ။

"နက်နက်ရီ"

"ရှင်"

"မောင်သုတ နေကောင်းမှဖြစ်မယ်၊ အမွေတွေကို ထိန်းသိမ်းနိုင်တဲ့အင်အားရှိမှ"

မောင်သုတ စိတ်ဝေဒနာရှင် ဖြစ်နေလျှင် အစ်မဖြစ်သူကို အမွေထိန်းအဖြစ် ပေးအပ်ရမည်သာ ဖြစ်သည်။

မိမိက အသက်ကြီးပြီ။

သေလူ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီစိန်လက်စွပ်ကိုလည်း မင်းပဲ ထိန်းသိမ်းပေးပါ နက်နက်၊ နောက်ဆိုရင် မောင်သုတ ကိစ္စအဝဝ မင်းပဲ တာဝန်ယူရလိမ့်မယ်"

"ရှင်"

"မင်းကို အားကိုးပါတယ်"

အိမ်တော်စိုးကြီးကတော့ သမာသမတ်ရှိနေသည်။ မြွေဆွေးရောင်မှာ မသင်္ကာစရာက ဒေါ်စန္ဒီတို့မိသားစုပဲ။

သူမ ...

အဓိက လှေ့လာရမည်။

ဦးကျော့မောင် ...

ကိုနန္ဒနှင့် ဦးကျော့မောင် အရက်အတူတူ သောက်တတ်သည်။

"ကိုကြီးက အရမ်းအားနာတတ်တော့ ဦးကျော့မောင် အရက်ခေါ်တိုက်ရင် သောက်တတ်တယ်"

ကိုသုတ ပြောခဲ့သည်။

"အမွေတွေ မခွဲဝေခင် မောင်သုတ စိတ်ဝေဒနာ ပျောက်ကင်းအောင် မင်း ကြိုးစားပေးပါ"

ဦးဘခေါင်ကတော့ နက်နက်နီကို ယုံကြည်နေမိသည်။

မောင်သုတကို သနားတယ် ...

"အိမ်တော်စိုးကြီး"



"ပြောပါ"

"ဒေါ်စန္ဒီတို့ မိသားစုတွေ ကျွန်မကို မနှောင့်အယှက်ပါစေနဲ့နော်"

"စိတ်ချပါ၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"မင်းကို ယုံကြည်ပါတယ်"

အိမ်တော်စိုးကြီးစကားကြောင့် နက်နက် အားတက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

သွေးရောင် တောတက်ဖို့အတွက် ယူစရာရှိတာတွေ ယူဆောင်နေမိသည်။

မြသွေးရောင် ခြံကြီးထဲမှာ သူ နေထိုင်ရတာ မပျော်မိပေ။

တောထဲမှာက အေးချမ်းတယ် ...

စိတ်ချမ်းသာတယ် ...

အကြောင်းကိစ္စရှိမှ မြသွေးရောင်ကို သူ ပြန်လာတတ်သည်။

အခုလည်း ...

လေးလေးနန္ဒဆုံးလို့ ...

ဦးကျော့မောင်ရဲ့ ပယောဂမကင်းဘူးဟု သွေးရောင် ထင်နေမိသည်။

ဂျင်မ ပြောတော့ ...



လေးလေးနန္ဒကို ဦးကျော့မောင်က အရက်တွေ အတင်းတိုက်တယ်တဲ့။

သွေးရောင် ...

မတွေးချင်တော့ ...

လေးလေးသုတလည်း အတော်လေး နေကောင်းသွားပြီပဲ။

သူ ...

ဘာအမွေပစ္စည်းမှ မက်ပါဘူး။

အေးချမ်းမှုပဲ လိုအပ်တယ် ...

မေမေ နောက်အိမ်ထောင်ပြုတည်းက သူ့ဘဝ ကြမ်းတမ်းခက်ထန်ပြီး သောကဝေဒနာတွေပဲ ရှိနေခဲ့သည်။

ပထွေးဦးကျော့မောင်ကို သူ နည်းနည်းမှ သဘော မကျမိပေ။

မေမေ့အပေါ် အနိုင်ကျင့်လွန်းသည်ဟု ထင်နေမိသည်။

မပြောချင် ...

အိမ်တွင်းရေးကိစ္စတွေနှင့် လွတ်ကင်းအောင်ပဲ နေမိသည်။

နက်နက် ...

ကျုပ် စိတ်မချတာ မင်းပဲ ...

ဦးကျော့မောင်ရဲ့ ရန်ကို ကြောက်နေရသည်။

မိန်းမတွေနဲ့ ပတ်သက်လာလျှင် မိန်းမကျွမ်းကျင်သူ။

www.burmeseclassic.com

www.burmeseclassic.com



နက်နက် ဘဝလေးကို ပျက်စီးသွားမှာ သွေးရောင် စိတ်ပူနေမိသည်။

အရင်ကနှင့် မတူ။

တောထဲ သွားရတာမပျော်။

သွေးရောင် အံ့သြနေမိသည်။

မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် အကင်းရှင်းဆုံး နေလာခဲ့သူပါ။

နက်နက်ကိုကျတော့ သွေးရောင် စိတ်ထဲမှာ စွဲလမ်းနေမိသည်။

မေ့ပစ်ရမယ် ...

မင်းကို တမ်းတနေလို့ မဖြစ်ဘူး။

ငါ ...

ရင်မောနေရတယ် ...

မင်းအတွက်ပဲ နက်နက် ...

တောထဲကိုပဲ ထွက်သွားဖို့ ဆုံးဖြတ်ထားလိုက်မိသည်။

"သား"

"ဟင် မေမေ"

"မင်း သွားတော့မလား"

"ဟုတ်ကဲ့"

"မင်း လေးလေး တစ်လပြည့်တဲ့နေ့မှာ မေမေတို့ အမွေခွဲမှာနော်"



"သားကတော့ အမွေတွေကို လုံးဝ စိတ်မဝင်စားဘူး မေမေ"

"ဘာလို့ စိတ်မဝင်စားရမှာလဲ၊ မင်း လေးလေးသုတက မင်းကို ချစ်တယ်၊ အမွေတစ်ဝက် ပေးမယ်လို့ မေမေ သတင်းကြားတယ်"

ဒေါ်စန္ဒီ မကျေမချမ်းနိုင်အောင် ဖြစ်နေမိတာက သုတ နေကောင်းနေတာပဲ။

စိတ်ဝေဒနာရှင်ဆိုလျှင် မိမိက အမွေထိန်း ဖြစ်ရမည်။

ဟိုဟာမကြောင့် ...

နက်နက်နီဆိုတဲ့ ကောင်မမှာ အကြံအစည်တစ်ခုခုတော့ ရှိနေမှာ သေချာနေသည်။

"နက်နက်နီကို မေမေ မယုံဘူး"

"လေးလေးသုတ စိတ်ရောဂါသက်သာသွားတာပဲ ဝမ်းသာရမယ် မဟုတ်လား မေမေ"

မေမေ့ကြောင့်ခက်သည်။

မြသွေးရောင်ရဲ့ စည်းစိမ်ဥစ္စာတွေအားလုံး တစ်ယောက်တည်း ရယူချင်နေ၏။

သူ ...

မကြိုက်ပေ။

မေမေက လောဘကြီးနေသလောက် ဦးကျော့မောင်က သုံးဖြုန်းနေသည်။

"မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကလျာရော"

"ရန်ကုန်သွားတယ်"

"မေမေ ဒီကောင်မလေးကို အရမ်းလွှတ်ထားတာ မကောင်းဘူး ထင်တယ်"

ကလျာကလည်း ထင်တိုင်းကြဲနေတာကို မေမေတို့က အလိုလိုက်ထားသည်။

"တစ်ဦးတည်းသောသမီးလေးပဲ၊ စိတ်ချမ်းသာသလို နေပါစေ၊ ဓမမေတို့မှာ စည်းစိမ်တွေ အပြည့်ရှိနေတာပဲ"

သွေးရောင် ဘာမှ မပြောတော့တာပဲ အကောင်းဆုံးဟု ထင်မိလိုက်သည်။

နေချင်သလို နေကြတော့ ...

"သွေးရောင်"

"ဗျာ ဖေဖေ"

"မင်းလေးလေး သုတ အနားမှာ နေသင့်တယ်၊ တောထဲမှာ အကြာကြီး မနေနဲ့တော့နော်"

သွေးရောင် တစ်သက်လုံး တောထဲမှာ နေလာတာကို မေမေ မတားဆီးခဲ့ပေ။

မေမေ့ စိတ်ထဲမှာ ငွေကြေးဥစ္စာဓနပဲ ရှိနေသည်။

ဖေဖေလည်း မေမေ့ကြောင့်ပင် စိတ်သောကတွေ ရောက်ပြီး ကွယ်လွန်ခဲ့သည်။

သွေးရောင် ထလိုက်၏။



"မင်း အမြန်ဆုံး ပြန်လာခဲ့နော် သွေးရောင်"

ပစ္စည်းတွေကို ယူပြီး သွေးရောင် ထွက်လာခဲ့မိသည်။

မေမေက နောက်မှ လိုက်လာ၏။

"မင်း လေးလေးနဲ့ တစ်လပြည့်တဲ့နေ့မှာ လေးလေးသုတ ရသင့်တဲ့အမွေတွေ"

"သားက ဘာမှ စိတ်မဝင်စားဘူး မေမေ၊ လေးလေးသုတလည်း နေကောင်းနေပါပြီ၊ သူ့ဟာသူ ထိန်းသိမ်းထားနိုင်စွမ်း ရှိမှာပါ"

"သွေးရောင်"

"တစ်လပြည့်တဲ့နေ့တော့ သား ရောက်ချင်မှ ရောက်လိမ့်မယ်"

"မင်း ပြန်မလာလို့ မဖြစ်ဘူးနော်"

"အမွေတွေအားလုံး မေမေပဲ ထိန်းသိမ်းထားပေါ့၊ သားကတော့ ရှုပ်ရှုပ်ယှက်ယှက်ထဲမှာ ဝင်မပါချင်ဘူး"

"အဲဒီလို မလုပ်ပါနဲ့သား၊ မင်း ပြန်လာခဲ့ပါ၊ သုတ အနားမှာ မင်းနေပါ"

သူ ...

ဘာမှ မပြောတော့ ...

တောထဲသွားတဲ့ ဂျစ်ကားပေါ် ပစ္စည်းတွေ တင်သည်။

မေမေ နောက်မှ လိုက်လာ၏။

ခြံထဲမှာ ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်စိုးကြီးနဲ့ နက်နက် ...

နက်နက်ကို တွေ့ရတော့ သွေးရောင် ရင်တွေ ထိတ်ထိတ်ခုန်သွားသလို ဖြစ်သွားရသည်။

အမြဲတမ်း ...

မာကျောနေတဲ့ သွေးရောင် ...

မင်း ဘာဖြစ်နေတာလဲ ...

နာမည်နဲ့ တခြားစီပဲ ...

ဖြူဝင်းအိနေတဲ့ အသားအရေက မင်း ဝတ်ထားတဲ့ လိမ္မော်ရောင် တောက်တောက်အင်္ကျီလေးနဲ့ အရမ်းလိုက်ဖက်နေတာပဲ။

သွေးရောင် အကြည့်ကို လွှဲပစ်လိုက်မိသည်။

ဒီမိန်းကလေးကျမှ သွေးရောင် စွဲလမ်းနှစ်သက်နေမိ၏။

အင်းလေ ...

သူ ...

မိန်းမတွေနဲ့မှ အနီးကပ်မနေဘူးတာပဲဟာ။

တောနက်ထဲက လင့်စင်ပေါ်မှာ အိပ်ပြီး တောကောင်တွေကိုပဲ စိတ်ဝင်စားသူ ...

အမြဲတမ်း ...

စိတ်တွေက ကြမ်းတမ်းမာကျောနေသူ ...

"သွေးရောင်"

"ကျွန်တော် သွားတော့မယ်နော် အဘခေါင်"



"မင်း လေးလေးနန္ဒ တစ်လပြည့်ဆွမ်းကျွေးတဲ့နေ့မှာတော့ မင်း ပြန်လာပါ"

အိမ်တော်စိုးကြီး စကားကိုတော့ အားလုံး လေးစားနာခံကြရသည်။

"ကျွန်မလည်း အဲဒါပဲ ပြောနေရတာပေါ့၊ အိမ်တော်စိုးကြီး လူကို တောထဲမှာ အကြာကြီးမနေဖို့ ပြောပေးစမ်းပါဦး"

"မဖြစ်တော့ဘူး၊ သွေးရောင်ကို မိန်းမပေးစားမှ ဖြစ်တော့မယ် စန္ဒီ"

"အဘခေါင် သင့်တော်မဲ့ မိန်းကလေး ရှာပေးထားဦး၊ တချို့ မိန်းကလေးတွေက ကြောက်ရတယ်၊ ချမ်းသာတဲ့ ယောက်ျားတွေဆိုရင်"

နက်နက် ထွက်လာခဲ့သည်။

ဒေါ်စန္ဒီ ဘယ်သူ့ကို စောင်းမြောင်းပြောနေကြောင်း သိ၏။

မတုံ့ပြန်လိုပေ။

ကိုသွေးရောင် ...

ရှင့်လို ကြမ်းတမ်းခက်ထန်ပြီး သားကောင်ကို သတ်နေတာ မကြိုက်ပါဘူး။

ဝေးသေးတယ်။

နက်နက်တို့ အလုပ်နဲ့ တာဝန်က ယောက်ျားလေးကို စိတ်ဝင်စားလို့ မရပါဘူး။

အိမ်ထောင်ပြုရင် ကျွန်မတို့ အလုပ်ကို စွန့်လွှတ်ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဒီအလုပ်ကို ဝါသနာကြီးပြီး သယောဇဉ် အရမ်းတွယ်တာ။

အိမ်ထဲ ဝင်သွားသော နက်နက်နီကို သွေးရောင် မကြည့်မိအောင် အတော်လေး ထိန်းချုပ်ထားလိုက်မိသည်။

မေမေ့စကားကြောင့်လည်း နက်နက်နီကို အားနာ သွားရ၏။

တောင်းပန်ပါတယ် ...

မင်းရဲ့ ရိုးသားမှုတွေကို ကျုပ် ယုံကြည်လက်ခံ ပါတယ်။

လေးလေးသုတဘာဝအတွက် မင်း တကယ်ပဲ လိုအပ် နေတာပဲဟာ။

"ကျွန်တော် သွားတော့မယ် အဘခေါင်"

ကားပေါ် တက်လိုက်သည်။

"အမွေခွဲတဲ့နေ့ကြရင် မိသားစုစုံရမယ်နော် သွေးရောင် မင်း ပြန်လာပါ"

"ဟုတ်ကဲ့"

အဘခေါင်ရဲ့ဆန္ဒကိုတော့ သူတို့တွေအားလုံး လိုက် နာကြရသည်။

သွေးရောင်တို့မိသားစု အလေ့အကျင့်ပဲ။

သူ ...

ကားကို မောင်းထွက်လာခဲ့မိသည်။

နက်နက် ...



မင်းကိုတော့ ငါ အရမ်းသတိရတယ်ကွာ။

ဒုက္ခပါပဲ ...

ကျုပ် မဖြစ်စေချင်ဘူး။

မင်းအပေါ် လေးလေးသုတကလည်း နှစ်သက်စွဲလမ်း နေမှာပါ။

စိတ်ဝေဒနာရှင် လေးလေးသုတအတွက် မင်း တကယ် လိုအပ်ပါတယ်ကွာ။

နက်နက်နီကို တမ်းတနေမိသည်။

ထူးထူးခြားခြား ...

လွမ်းဆွတ်နေ၏။

ကျုပ် ဘယ်တုန်းကမှ တောထဲကို ထွက်သွားမိပြီး ရင် မြသွေးရောင်ကို မပြန်ချင်ခဲ့ဘူး။

တမ်းတမ်းတတလည်း မရှိဘူး။

တကယ်ပါပဲ နက်နက် ...

ကျုပ် အခု အနေရအထိုင်ရ ခက်နေတယ်။

တောနက်ကြီးထဲမှာ ကျုပ် အထီးကျန်သလို ခံစား နေရတယ်။

လင့်စင်ပေါ်မှ ထိုင်ပြီး သစ်တောကြီးကို ငေးစိုက် ကြည့်နေမိသည်။

သူ ...

အမြဲတမ်း ...

မြင်တွေ့နေတဲ့ မြင်ကွင်း ...

www.burmeseclassic.com

www.burmeseclassic.com



တောတက်တဲ့ မုဆိုးကြီးတွေ တစ်ယောက်စ နှစ်ယောက်စ ဖြတ်သန်းသွားတာ တွေ့ရသည်။

ငေးစိုက်စွာ ကြည့်နေဆဲပင်။

"သွေးရောင်"

"ဦးဖိုးထေ"

"သွားမယ်လေကွာ"

သူ ...

လေးလံနေသည်။

မိတ်ဆွေကြီး ဦးဖိုးထေက တောတက်ရန် ခေါ်နေ၏။

"မင်း အဆင်သင့် ဖြစ်ပြီလား"

"အင်း"

"မင်း ဘာဖြစ်နေတာလဲ"

ဦးဖိုးထေက ဝါရင့်နေသော မုဆိုးကြီးတစ်ယောက် ဖြစ်သည်။

မိသားစုနှင့် နေသည်။

ဆင်းရဲနွမ်းပါးသော မိသားစုတွေ ဖြစ်၏။

သွေးရောင်က အပျော်လိုက်တာဖြစ်ပြီး မိသားစု အတွက် မလိုအပ်ပေ။

ဦးဖိုးထေကိုပဲ ပေးသည်။

"ဦးဖိုးထေ"

"ဝေ"

"ခင်ဗျား ထွက်လာတာ မိသားစုကို သတိမရဘူးလား"



သူ ...

မေးမိသည်။

"သတိရတာပေါ့၊ ဝမ်းရေးအတွက်ဆိုတော့ ဒီလိုပဲ ထွက်ရတာပဲလေ၊ မောင်ရင်ကတော့ သူဌေးသားဖြစ်ပြီး တောထဲမှာ လာနေတာ အံ့သြတယ်"

ဦးဖိုးထေက လင့်စင်ပေါ် တက်လာသည်။

"သွေးရောင်"

"ဗျာ"

"မင်းက လူချောလေး၊ သူဌေးသား၊ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်ပြီး လူ့လောကရဲ့ စည်းစိမ်တွေကို ခံစားရမှာကွာ"

ကျုပ် ...

အခု ...

ခံစားချင်လာတယ် ...

ကောင်မလေးတွေ အများကြီးနဲ့တော့ ကျုပ် မပတ်ချင်ပါဘူး။

နက်နက်နဲနဲ ...

"သွေးရောင်ကို ကြည့်ရတာ တစ်မျိုးပဲ၊ ဒီနေ့ မျက်နှာ သိပ်ပြီး မရွှင်ပါလား"

"သွားမယ်"

"နေပါဦး"

တောတက်တာပဲ အကောင်းဆုံးဟု သူ တွေးမိ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နက်နက်ကို သတိရနေတော့ရော မိန်းမတစ်ယောက်နဲ့ အရောဝင်ဖို့ အခက်ဆုံးဖြစ်နေ၏။

"သွေးရောင်"

"ဗျာ"

"မောင်ရင့်လေးလေးနန္ဒ ဆုံးသွားတော့ မောင်ရင် စိတ်ထိခိုက်နေမှာပါပဲလေ၊ ဘယ်တတ်နိုင်မလဲ၊ ဒီနေ့ စိတ်မရွှင်ရင်လည်း မင်း မလိုက်နဲ့လေ၊ အနားယူလိုက်"

"လိုက်မယ်"

"စိတ်မပါဘဲ လိုက်ရင် အန္တရာယ်တစ်ခုခု ကြုံတွေ့ရတယ်နော် ကောင်လေး"

"လိုက်မယ်ဗျာ"

နက်နက်နှီ အကြောင်းတွေ စဉ်းစားနေမဲ့အစား တောတက်တာပဲ အကောင်းဆုံးဟု သွေးရောင် တွေးနေမိသည်။

ဦးဖိုးထေနှင့် လိုက်ခဲ့သည်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့တောကြီးထဲမှာ သွေးရောင် လျှောက်နေပေမဲ့ စိတ်ထဲမှာ လေးလေးလံလံကြီး ဖြစ်နေသည်။

မြသွေးရောင်ကို ပြန်သွားရင် ကောင်းမလားဟု တွေးနေမိ၏။

နက်နက်ကို စိတ်မချဘူး။

လေးလေးသတုက စိတ်ဝေဒနာရှင်ဖြစ်သလို ဦးကျော်မောင်ဆိုတဲ့ လူကလည်း လူယုတ်မာကြီးတစ်ယောက်ဖြစ်သည်။



နက်နက်ကို အကောက်ကြံနေရင် ...

"ကောင်လေး မင်း နောက်မှာ တောဝက်တစ်ကောင် ပြေး"

သူ ...

အတွေးတွေ ကျော်နေပြီး တောဝက်ကြီးအနား ရောက်လာတာ မသိပေ။

ပြေး၍ ရှေ့မှာရှိတဲ့ သျှိုကြီးထဲ ခုန်ဆင်းလိုက်ရတော့သည်။

"အား"

တောဝက်ကြီးက ပြန်လှည့်ပြေးသွားပြီး သူ့နောက် မလိုက်တော့ပေ။

"အား ... ကျွတ် ... ကျွတ်"

သစ်ကိုင်းခြောက်တစ်ခုက သူ့လက်မောင်းကို ထိုးစိုက်ဝင်သွားသည်။

"ကောင်လေး ... ဒါကြောင့် ငါ ပြောတာပေါ့၊ စိတ်မပါရင် မလိုက်နဲ့လို့"

ဦးဖိုးထေ အကူအညီနှင့် လင့်စင်ပေါ် ပြန်ရောက်လာသည်။

လက်မောင်းမှာ ဒဏ်ရာ ပြင်းထန်စွာ ရနေ၏။

"ကောင်လေး မင်း အိမ်ပြန်တော့၊ ငါ လိုက်ပို့မယ်"

ဒဏ်ရာနှင့်မို့ သွေးရောင် ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

သွေးရောင် ဒဏ်ရာကို နက်နက်က လာပြီးကြည့်သည်။

ဆေးထည့်ပေးဖို့အတွက် ပြင်ဆင်နေ၏။

ဆရာဝန်က မရှိ။

နက်နက်ပဲ ရှိသည်။

မေမေကတော့ စိတ်ပူနေပေမဲ့ နက်နက် လာကြည့်တာ သဘောမကျပေ။

အိမ်တော်စိုးကြီးရဲ့ အမိန့်ပဲ။

"ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့်တာလောက်တော့ နက်နက် လုပ်ပါစေ၊ ဆရာဝန် စောင့်နေရင် စနှိုးသားအနာ ပုတ်သွားလိမ့်မယ်"

အိမ်တော်စိုးကြီး အမိန့်ကို ဘယ်သူမှ လွန်ဆန်နိုင်ခြင်း မရှိပေ။



မေမေ့ မျက်နှာ တင်းနေသည်။

ပြန်ထွက်သွား၏။

"နက်နက်"

"ရှင်"

"မင်း စောင့်ရှောက်လိုက်ပါ"

"ဟုတ်ကဲ့"

နက်နက်က သူနာပြုသင်တန်း တက်ထား၍ တော်သေးသည်။

သူနာပြုဆရာမလေးကနေ မမဂျယ်လီနှင့်တွေ့ပြီး သူမ ဝါသနာပါတဲ့ အလုပ်မှာ လုပ်ခွင့်ရသွားခြင်းပေ။

"ရှင့်ဒဏ်ရာကို ကျွန်မ ဆေးထည့်ပေးမယ်နော်"

"အင်း"

ပတ်တီးကို ဖြစ်သလို စည်းထားသဖြင့် ဖြေလိုက်သည်။

"ဟင် ... ဒဏ်ရာက အတော်များတာပဲ၊ ဘယ်လို ဖြစ်တာလဲ"

မင်းကြောင့်ပဲ နက်နက်ရဲ့ ...

ကျုပ် ...

မင်းကို သတိရနေတယ်။

စိတ်တွေက မင်းဆီပဲ ရောက်နေတော့ အန္တရာယ်ကို မမြင်တော့ဘူးပေါ့။

"ကိုသွေးရောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အနာကို ဆေးမယ်နော်"

"အင်း"

သွေးစတွေနဲ့ ပေကျံနေတဲ့ အနာကို ဆေးကြောဖို့ ပြင်လိုက်သည်။

အရက်ပြန်နှင့် အနာကို ပွတ်လိုက်၏။

"အား"

ဒဏ်ရာက ရင်းနေပြီး ပြည်တည်နေ၍ ဖျစ်ညှစ် ထားလိုက်မိ၏။

"အို"

"ဟာ ဆောရီးနော်"

အားနာသွားရသည်။

စိတ်တွေ အတော်လေး တုန်လှုပ်ချောက်ချားသွား ရတော့၏။

နက်နက်ကို မကြည့်ရဲတော့ ...

ဒဏ်ရာက ရင်းနေတယ်ဆိုတော့ ထိလိုက်တိုင်း နာကျင်နေသည်။

"ရှင် အရမ်းနာနေလားဟင်"

"အင်း"

"ပြီးတော့မှာပါ၊ ပြည်တွေကို နည်းနည်းညှစ်ပေးမယ်"

တောထဲကနေ မြသွေးရောင် အထိ လာရတော့ လမ်းမှာ ကြာသွားသည်။



ဆေးခန်းတွေ ဘာတွေပြဖို့ထက် နက်နက်ကို ပြဖို့ပဲ စိတ်စောနေ၏။

သူ့ကိုယ်သူလည်း အရမ်းအံ့သြတုန်လှုပ်နေမိသည်။

နက်နက်နီဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အပြု အစုတွေကို သာယာနေမိ၏။

တကယ်ပါ ...

ကျုပ် ...

ဘယ်မိန်းကလေးကိုမှ ပတ်သက်ဆက်ဆံတာတွေ မရှိပါဘူး။

မင်းပဲ ...

နက်နက်သည် ကျွမ်းကျင်စွာဖြင့် ဒဏ်ရာကို ဆေးထည့်ပြီးသွားသည်။

"ကျေးဇူးပဲ နက်နက်"

"ရှင် ဆေးသောက်ရမယ်"

"အင်း"

"ကျွန်မ ကော်ဖီတစ်ခွက် ဖျော်ပေးရမလား"

"အင်း"

ကိုသွေးရောင် ...

ရှင် ...

တကယ့်ကို ပေတေနေတဲ့ လူတစ်ယောက်ပဲ။

ချမ်းသာတဲ့ စည်းစိမ်ဥစ္စာတွေကို မခံစားဘဲ တောထဲ မှာပဲ သွားနေတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"သွေးရောင်က အမွေတွေ ဘာတွေ မမက်ဘူး၊ သူ့အဖေလိုပဲ စိတ်ထားဖြောင့်မတ်တယ်"

အိမ်တော်စိုးကြီးက သူမအား ပြောပြထားခဲ့သည်။

ရှင့်ကို လေးစားပါတယ်။

နက်နက် တွေ့ကြုံဖူးတဲ့ ယောကျ်ားတွေထဲတွင် ကိုသွေးရောင်က တည်ငြိမ်ပြီး ချောမောတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေသည်။

ကော်ဖီဖျော်ပြီး သူ့အနား ရောက်လာ၏။

"ကိတ်မုန့်လေးရော နည်းနည်းစားနော်"

"အင်း"

"ကိုသွေးရောင်"

"ဟင်"

"ရှင်က မုဆိုးတစ်ယောက်ဖြစ်ပြီး သားကောင်တွေရဲ့ အသားတွေ ခေါင်းတွေ အရိုးတွေ ဘာမှ မရှိဘူးနော်"

မုဆိုးကြီးတစ်ယောက်ရဲ့ အခန်းနှင့် မတူဘဲ သေသပ်ပြောင်လက်နေသည်။

နံရံမှာ သားကောင်တွေ ချိတ်ထားတာမျိုးတွေ ဘာတွေ မရှိ။

"ကျုပ်က တောထဲမှာ နေချင်လို့နေတာပဲ၊ သားကောင်တွေ ရလည်း မိတ်ဆွေမုဆိုးတွေကို ပေးလိုက်တာပဲလေ"

ကိုသွေးရောင်နဲ့ ကျန်တဲ့မိသားစုတွေ အစေးကပ်ပုံမရပေ။



"နက်နက်"

"ရှင်"

"လေးလေးရော"

"အိပ်နေတယ်"

"ကောင်းတယ်"

"ရှင် ရောက်လာတာတောင် လေးလေး မသိသေးဘူး"

"ကျုပ် လေးလေးက စိတ်ပူတတ်တယ်၊ မပြောပါနဲ့ဦး"

"ရှင် ဆေးသောက်နော်"

"အင်း"

ဆေးတိုက်လိုက်သည်။

"တစ်နေ့သုံးကြိမ် သောက်နော် ကိုသွေးရောင်၊ ဒဏ်ရာကိုတော့ မနက်ဖြန်မှ ကျွန်မ ဆေးလာထည့်ပေးမယ်၊ မသက်သာရင် အကြောင်းကြားပါ"

"နက်နက်"

"ရှင်"

"ကျေးဇူးပဲ"

မေမေ ရောက်လာသည်။

"ညည်းကိစ္စ မပြီးသေးဘူးလား နက်နက်ရဲ့"

မေမေ့စကားကြောင့် နက်နက်ကို အားနာသွားမိသည်။

"မေမေ"

"သားက အတွေ့အကြုံရှိတာ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်နဲ့ အနေမနီးသင့်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



မေမေက စိတ်ပူလို့ပါ။

နက်နက် ခေါင်းကန်ပြီး အခန်းထဲကနေ ပြန်ထွက်လာခဲ့သည်။

တော်ပြီ။

နောက်နေ့ ဆေးသွားပြီးထည့်မပေးတော့ဘူး။

ဒေါ်စန္ဒီဆိုတဲ့ မိန်းမကြီးကိုက အတ္တတွေကြီးနေသည်။

ကိုသုတ နေကောင်းသွားတာကိုပင် နက်နက်အား မကျေမနပ် ဖြစ်နေပုံပင်။

ဒီမိန်းမကြီး စိတ်ထားမမှန်ဘူး။

အကောက်ကြံချင်နေတဲ့ မိန်းမကြီး။

ကိုသွေးရောင်နဲ့တော့ တခြားစီပဲဟု နက်နက် စိတ်ထဲမှာ တွေးနေမိသည်။

"နက်နက်"

"ဟင်"

ဂျင်မ ...

တော်တော်မွေချင်တဲ့ ဂျင်မပဲ။

"ရှင်က အရမ်းစွန်တာပဲနော် နက်နက်"

ဂျင်မက ခက်ထန်မာကျောတဲ့ မျက်လုံးတွေနှင့် ကြည့်နေသည်။

"မေမေကြီးက ရှင့်ကို မလိုလားဘူးနော်၊ ရှင်က အရှက်မရှိ နေနေတာပဲ၊ တော်တော် မျက်နှာပြောင်တာပဲ မြသွေးရောင်က ယောကျ်ားတွေကို အလုနဲ့ မြူဆွယ်ဖြားယောင်းစည်းရုံးနေတာပဲ"



ဂျင်မလို မိန်းမတစ်ယောက်နဲ့ တုဖက်ပြိုင်ပြီး မပြောလိုတော့ပေ။

နက်နက်မှာ လုပ်စရာတွေက အများကြီး ရှိနေသည်။

မြသွေးရောင်က ဒေါ်စန္ဒီတို့ မိသားစုအကြောင်း ထုတ်ဖော်ရမယ်။

မတရားမှုတွေ။

ကောက်ကျစ်ယုတ်မာတဲ့ အကြံအစည်တွေကို ဖော်ထုတ်ရမည်ဖြစ်သည်။

"နင့်ကို ဒီမှာ ကြာကြာမနေနိုင်အောင် လုပ်ပြမယ်"

ဂျင်မ ကြိမ်းဝါးပြီး ကျန်ခဲ့သည်။

မြသွေးရောင်မှာ ရှိတဲ့ လူတွေအားလုံး စိတ်ကောင်းရှိကြတာ နက်နက် သိလိုက်ပြီဖြစ်သည်။

ကိုသွေးရောင်ရဲ့ ဒဏ်ရာအတွက်တော့ နက်နက် စိတ်ပူမိနေ၏။

ကိုယ့်အလုပ် ကိုယ်လုပ်တာပဲကောင်းပါတယ်လေ။

ကိုသွေးရောင်ကို မေ့ပစ်ဖို့ နက်နက် ကြိုးစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

သုတ ...

အိပ်ရာမှ နိုးနေသည်။

မျက်လုံးတွေကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်မိ၏။

နက်နက်ရော ...

သုတ အိပ်ရာက နိုးတာနှင့် ဒီမိန်းကလေးကို တွေ့ချင်နေမိသည်။

မင်း ဘယ်ရောက်နေလဲ ...

သူ ...

ထလိုက်သည်။

အခန်းထဲမှာ လျှောက်ရှာတော့ နက်နက်ကို မတွေ့ရပေ။

နက်နက် ...

မင်း ဘယ်ရောက်နေလဲ ...



ကျုပ် ...

မင်းကို တွေ့ချင်တယ် ...

အခန်းထဲမှာ မရှိ၊ အပြင်ထွက်ရှာဖို့ သုတ စိတ်ကူးလိုက်မိသည်။

"သုတ"

"ဟင်"

မမကြီးစန္ဒီ ...

"မမကြီး"

နက်နက်ကြောင့် အင်အားတွေ သတ္တိတွေ ရှိနေပေမဲ့ မမကြီးကိုတော့ ငယ်ကြောက်လို ဖြစ်နေသည်။

"မင်း နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

မမကြီးကို ကြောက်တယ် ...

နှစ်ယောက်တည်း နေရတာ ကျောထဲမှာ စိမ့်နေသလိုပဲ ...

မောင်နှမ ဆိုပေမဲ့ စိမ်းလွန်းသည်။

မမက ရက်စက်၏။

သုတကို ငယ်ငယ်က လှေကားထိပ်မှ တွန်းချပြီး သေကြောင်းကြံခဲ့သည်။

"နင်တို့ဟာမကို သိပ်ပြီးအားကိုးမနေနဲ့နော် သုတ"

ကျုပ် ...

နက်နက်ကို လက်ထပ်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေမိပြီ ...

မမကြီးရဲ့ အေးစက်မာကျောတဲ့ အကြည့်တွေကို ရင်ဆိုင်နေရသည်။

နက်နက်က ပြောတယ် ...

ယောကျ်ားဆိုတာ အရာရာကို ရင်ဆိုင်ရဲတဲ့သတ္တိ ရှိရမယ်တဲ့ ...

မကြောက်ရဘူးတဲ့ ...

ကျုပ် ရင်မဆိုင်ရဲရင် နက်နက်က အထင်သေးမှာ သေချာသည်။

"သုတ"

"ဗျာ"

"နင့်အမွေပစ္စည်းတွေကို မမကြီး ထိန်းသိမ်းပေးထားမယ် နော်"

"ကျွန်တော် နေကောင်းနေပါပြီ မမကြီး၊ အသိဉာဏ်တွေ လည်း ပြည့်ဝနေပါပြီ၊ ကျွန်တော် စီးပွားရေးလုပ်မယ်၊ မမကြီး ထိန်းပေးစရာ မလိုတော့ပါဘူး"

"ဘာ"

သုတ စကားကြောင့် ဒေါ်စန္ဒီ ဒေါသတွေနှင့် ပေါက်ကွဲသွားရသည်။

အရူးက ကြီးကျယ်နေလိုက်တာ ...

စီးပွားရေး လုပ်မယ်တဲ့ ...

မလုပ်ရဘူး ...



နင့်လက်ထဲကို ငါ့မိဘအမွေတွေ လုံးဝမထည့်ပေး နိုင်ဘူး ...

"မဖြစ်ဘူး၊ နင်က ကျန်းမာရေးကောင်းတာမှ မဟုတ်တာ ပဲ၊ အမွေတွေ ငါတစ်ယောက်တည်း ထိန်းသိမ်းထားပေး ရမယ်"

"မဖြစ်ဘူး မမကြီး"

"ဘာ"

"ကျွန်တော် စီးပွားရေးလုပ်မယ်၊ သွေးရောင်ကို တစ်ဝက် ပေးမယ်၊ ကျန်တာ ကျွန်တော့် အနာဂတ်ကို ကျွန်တော် ဖန်တီးမယ်"

"နင်က ကြီးကျယ်နေလိုက်တာ၊ ငါ့ကို သေသေချာချာ ကြည့်စမ်း သုတ"

မမကြီးရဲ့ မျက်လုံးတွေက ကြောက်စရာကောင်း လောက်အောင် ဝင်းဝင်းတောက်နေသည်။

သုတ ...

အရမ်းကြောက်ခဲ့ရတဲ့ မျက်ဝန်းတွေ။

"နင်က စီးပွားရေးလုပ်ရလောက်အောင် အသိဉာဏ်မဖွံ့ဖြိုး သေးတဲ့ ကောင်ပဲ"

"မမကြီး"

"ငါ့ကို အာခံဖို့ ကြိုးစားတာလား သုတ"

"ကျွန်တော့်ကိစ္စကို ကျွန်တော် ဆုံးဖြတ်မယ် မမကြီး"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



သုတ ...

နင်က ဟိုကောင်မကြောင့် ငါ့ကိုတောင် အာခံတတ်နေပြီလား။

အမြဲတမ်း ...

ကြောက်ရွံ့ တုန်လှုပ်နေတတ်သော သုတ။

"ငါ့ကို ကလန်ကဆန်လုပ်နေရင် နင့်ကို သတ်ပစ်ရမယ်"

"ဟင်"

မမကြီး လက်ထဲမှာဓား။

သုတ အရမ်းကြောက်တဲ့အရာတွေပဲဖြစ်သည်။

"နင် ငါ့စကားကို နားထောင်ရမယ်၊ နားမထောင်ရင် နင့်အစ်ကိုရဲ့ လမ်းကို နင်ပါ လိုက်သွားရမယ်"

နင့်အစ်ကိုရဲ့ လမ်းစဉ်တဲ့။

ကိုကြီး သေပြီဆိုတဲ့သဘောလား ...

သုတ ...

တုန်လှုပ်ချောက်ချားသွားရသည်။

"ကိုကြီးရော၊ ကိုကြီး ဘယ်မှာလဲ"

"သေပြီ"

"ဟင်"

ကိုကြီး သေပြီ။

နက်နက်က ပြောတော့ ရန်ကုန်မှာတဲ့။

ကိုကြီး လူ့လောကကြီးထဲမှ မရှိတော့ဘူး။

သူ့ကို ထားခဲ့ပြီ။



"အစ်ကိုကြီး သေပြီ ဟုတ်လား"

"ဟုတ်တယ်၊ ကားအက်စီးဒင့်ဖြစ်ပြီး သေတာ"

"ဟင်"

ကားအက်စီးဒင့်ဖြစ်ပြီး သေပြီတဲ့။

"နင် မယုံရင် မီသားစုသင်္ချိုင်းကို သွားကြည့်"

သုတကို စိတ်သောကရောက်အောင် တမင်ပြောလိုက်ခြင်းဖြစ်သည်။

ဒါမှ ...

နက်နက်နီက မပြောရန် တားမြစ်ထားသည်။

ပြောမယ် ...

သုတ စိတ်ကယောက်ကယက်ဖြစ်မှ အမွေတွေကို လက်ဝါးကြီးအုပ်ရမယ်။

"နင် သွားကြည့်လေ၊ သင်္ချိုင်းကုန်းမှာ နင့်အစ်ကိုနဲ့ အုတ်ဂူကြီး ရှိတယ်"

သုတ ...

ပြေးထွက်လာခဲ့မိသည်။

အိမ်ကြီးထဲကနေ တစ်ရှိန်ထိုး ထွက်လာ၏။

"ကိုသုတ"

နက်နက် လန့်သွားသည်။

ကိုသုတ ဘာဖြစ်သွားရတာလဲ ...

ခြံထဲသို့ ပြေးထွက်သွားသည်။

"ကိုသုတ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတသည် လှည့်မကြည့်တော့ဘဲ ခြံထဲသို့ ပြေးထွက်သွားသည်။

နက်နက် သိလိုက်၏။

ဟိုသွားတာ ...

သချိုင်း ...

ဘုရားရေ ...

ကိုသုတ သိသွားပြီ။

ဘယ်သူ သွားပြောလိုက်တာလဲ ...

အိမ်ပေါ်ထပ်မှ ဒေါ်စန္ဒီ ဆင်းလာသည်။

"ဒေါ်စန္ဒီ"

"နန္ဒဆုံးတာ သုတ သိသွားပြီ နက်နက်နီ"

"ဟင်"

"ကျုပ် အမှတ်တမဲ့ ပြောလိုက်မိတယ်"

ဒေါ်စန္ဒီ တမင် ပြောလိုက်တာပဲ ဖြစ်နိုင်သည်။

ရှင် ...

ကိုသုတ စိတ်တွေဖောက်ပြန်သွားအောင် လုပ်လိုက်တာ မဟုတ်လား။

မဖြစ်ဘူး ...

ကိုသုတဆီ လိုက်သွားမှ ...

နက်နက် ခြံထဲ ပြေးလိုက်ခဲ့သည်။

မိသားစုသချိုင်းရှိရာသို့ ပြေးပြီး လိုက်လာခဲ့မိ၏။

ထင်ထားတဲ့အတိုင်းပင်။



သချိုင်းဝမှာ ကိုသုတ ...

"အဟင့် ... ဟင့် ... အဟင့်၊ ကိုကြီး ညီကို ပစ်ထားလိုက်ပြီလား၊ ညီလေး အပေါ် 'ကိုကြီး ရက်စက်တယ်"

"ဟီး ... ဟီး"

ကိုသုတ ကြေကွဲစွာဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေသည်။

"ကိုသုတ"

"ဟင်"

သုတ ...

ထလိုက်သည်။

"ဆရာမ ... ခင်ဗျား ပြောတော့ ကိုကြီး ရန်ကုန်မှာဆို၊ ဆရာမ ကျုပ်ကို လိမ်ညာတာပဲ"၊

"ကိုသုတ"

"ဟင်"

"စိတ်ကို ဖြေပါ၊ ကိုနန္ဒမှ မရှိတော့တာပဲ"

"ကိုကြီး ကျုပ်ကို ထားခဲ့ပြီ၊ ကျုပ် ဘယ်လိုဖြေရမလဲ၊ ဖြေနိုင်တော့မှာ မဟုတ်ဘူး"

"ရှင် ယောကျ်ားပဲ ကိုသုတ၊ ဘဝကို အလွယ်တကူ အရှုံးမပေးချင်ပါနဲ့၊ သတ္တိရှိရှိ ရင်ဆိုင်နိုင်ရမယ်လို့ ကျွန်မ ပြောထားတယ် မဟုတ်လား"

"ဆရာမ"

"ရှင်"

"ကိုကြီးနန္ဒကို မမကြီးစန္ဒီ သတ်လိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျုပ်ကို ပြောတယ်၊ နင်လည်း နန္ဒလမ်းစဉ် လိုက်ရမယ်တဲ့"

ဒေါ်စန္ဒီ ...

ရှင်ကြီး တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမကြီးပဲ။

ကိုနန္ဒ သေဆုံးရတာ ဒေါ်စန္ဒီ့ပရောဂကြောင့်လား။

သက်သေက မရှိ။

ကိုသုတ ပြောစကားအရဆိုလျှင် စိတ်ဝေဒနာရှင်တစ်ယောက်က ပြောတာဆိုပြီး လက်ခံနိုင်စရာ မရှိပေ။

"ပြန်ကြစို့"

"ကျုပ် ဒီမှာ နေဦးမယ်"

"အဲဒီလို မလုပ်ပါနဲ့ ကိုသုတ၊ ရှင့်စိတ်တွေ ပြန်ပြီးဖွေညံ့သွားပြန်ပြီလား"

"ကျုပ် ဘဝမှာ အားကိုးတွယ်တာရာ ကိုကြီး မရှိတော့ဘူး ဘယ်လို လုပ်ပြီး ကျုပ်ဘဝကို ရပ်တည်ရမလဲ နက်နက်"

"ကျွန်မ ရှိတာပဲ"

နက်နက်ကို သူ စူးစိုက်ကြည့်မိသည်။

မင်းကို ကျုပ် ချစ်တယ် ...

လက်ထပ်ချင်တယ် ...

ကျုပ် ဘဝကြီးတစ်ခုလုံးကို မင်းလက်ထဲပဲ အပ်ထားလိုက်ချင်တယ်။



"နက်နက်"

"ရှင်"

"မင်း ကျုပ် အနားမှာပဲ ထာဝရ နေပေးပါနော်"

"ကျွန်မ ကိုနန္ဒရဲ့ စာချုပ်အတိုင်း စည်းကမ်းလိုက်နာမှာပါ"

"ကိုကြီး ကျုပ်ကို အရမ်းချစ်တဲ့ ကိုကြီး အဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်လိုက်ရတယ်ဗျာ၊ ကျုပ်တို့ညီအစ်ကိုတွေကို ကျိန်စာတိုက်ထားကြလား မသိဘူး"

သုတ ...

ကြေကွဲနေမိသည်။

"ကျုပ် ဘယ်လို ဖြေရမလဲ၊ ကိုကြီး နောက်ကို ကျုပ် လိုက်သွားချင်တယ်"

"အဲဒီ စိတ်တွေ မထားပါနဲ့ ကိုသုတ၊ ရှင် ယောက်ျားမဟုတ်လား၊ လောကဓံတရားတွေ စိတ်တွေ ကယောက်ကယက် ဖြစ်ရတာပဲ"

"ကိုကြီး"

တောကြီးဟိန်းသွားအောင် ကိုကြီးအား အော်ဟစ်ခေါ်မိသည်။

"ပြန်ကြစို့"

"နက်နက်"

"ရှင်"

"ကျုပ် အနားမှာ နေပေးပါနော်၊ မင်းပါ ကျုပ်အနားမှာ မရှိရင် ကျုပ် ရပ်တည်နိုင်စွမ်း ရှိမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နက်နက် လက်မောင်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

လက်ဖျားတွေ အေးစက်နေ၏။

"ကျွန်မ ရှင့်အနားမှာ နေမှာပါ"

အိမ်ကြီးထဲ ဝင်လာခဲ့သည်။

"လေးလေးသုတ"

"လေးလေး စိတ်မကောင်းဖြစ်နေလား"

"လေးလေးဘဝမှာ အရာအားလုံး ဆုံးရှုံးလိုက်ရပြီပဲ"

သွေးရောင်မှာ ဒဏ်ရာတွေ့တော့ သုတ စိတ်ပူသွားသည်။

"သွေးရောင် တူလေး၊ မင်းမှာ ဒဏ်ရာနဲ့ပါလား၊ ဘာဖြစ်တာလဲ"

သုတက တူလေးသွေးရောင်ကို အချစ်ဆုံးဖြစ်သည်။

မမကြီးက သူ့အပေါ် စိတ်ကောင်း မရှိပေမဲ့ သွေးရောင်ကိုတော့ သုတ ချစ်မြတ်နိုးမိ၏။

"သွေးရောင် ... လေးလေးနဲ့ မရှိတော့ဘူး၊ လေးလေးသုတအတွက် အကြီးမားဆုံး ထိခိုက်နစ်နာရတာပဲ"

"နက်နက်"

"ပြောပါ ကိုသွေးရောင်"

"လေးလေးသုတကို လေးလေးနဲ့ ဆုံးသွားတဲ့ကိစ္စ ဘယ်သူ ပြောတာလဲ"

"ဒေါ်စန္ဒီ"



"မမေ"

"အင်း"

"ခက်တာပဲ"

"ကျွန်မတို့ သွားတော့မယ်နော်"

"နက်နက်"

"ရှင်"

"ကျုပ်ကိုလည်း လာပြီး ကြည့်ပေးပါဦး"

"ဟုတ်ကဲ့"

သွေးရောင် မေမေ့ဆီကို ရောက်သွားသည်။

"မေမေ"

"ဘာလဲ သွေးရောင်"

"လေးလေးသုတက အခုမှ စိတ်ဝေဒနာ ပြန်ကောင်းကာစရှိသေးတယ်၊ မေမေ ဘာလို့ လေးလေးနဲ့ ဆုံးသွားတာ အသိသွားပေးရတာလဲ"

ဒေါ်စန္ဒီကတော့ သုတ စိတ်သောကရောက်အောင် တမင် လုပ်တာပါပဲ။

သုတ စိတ်ဖောက်နေမှ မိမိ လက်ဝါးကြီးအုပ်ချင်တိုင်းအုပ်ရမည်ဖြစ်သည်။

"မေမေက အမှတ်တမဲ့ ထွက်သွားတာပဲ သား"

"လေးလေးသုတကို သနားပါတယ်"

သွေးရောင်ကို သုတက ချစ်သည်။

အမွေတစ်ဝက်ပေးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ စိတ်ပူနေမိတာက ဟိုမိန်းမ လက်ဝါးကြီး အုပ်သွားမှာပဲ။

"သား"

"မေမေ"

"မင်း လေးလေး အနားမှာ မင်း ကပ်နေစမ်းပါ၊ ဟိုဟာမလေးကို မေမေ လုံးဝ မယုံကြည်ဘူး၊ သူတာက စိတ်မှန်တာ မဟုတ်ဘူးနော်"

"နက်နက်နီက ယုံကြည်ရတဲ့ မိန်းကလေးပါ မေမေ၊ လေးလေးအပေါ်မှလည်း စိတ်ကောင်းစေတနာထားပါတယ်"

"မင်းကပါ ဒီဟာအပေါ် အကောင်းမြင်နေပြန်ပြီလား သွေးရောင်၊ မေမေကတော့ လုံးဝသဘောမကျဘူး၊ တို့ မိသားစုဝင်တွေကို ဒုက္ခပေးဖို့ ရောက်လာတာ"

"ဘာပဲဖြစ်ဖြစ် မေမေ လေးလေးသုတ စိတ်တွေ ပုံမှန် ပြန်ရောက်လာဖို့ အဓိကပဲ မဟုတ်လား"

နက်နက်နီကြောင့် သုတ နေကောင်းသွားတာပဲ ဒေါ်စန္ဒီ မကျေမနပ် ဖြစ်ရသည်။

မိမိ လက်ဝါးကြီးအုပ်ချင်တိုင်း အုပ်မရဘဲ သင်းက မာကျောကျော ဖြစ်နေ၏။

"လေးလေးသုတ သူ့ကံကြမ္မာ သူ ဖန်တီးနိုင်တော့မှာပါ၊ မေမေလည်း ဝမ်းသာပါ၊ စည်းစိမ်ဥစ္စာဆိုတာ ရသင့်မှ ရတာပဲ မေမေ၊ လေးလေးနန္ဒဆို ဘာအမွေပစ္စည်းမှမရဘဲ သေသွားရတာ"



သင်းတို့နှစ်ယောက်လုံး သေရမှာ။

ဒေါ်စန္ဒီ့စိတ်ထဲမှာတော့ ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

ရအောင်ယူပြမယ်။

သုတကို ရှင်းပစ်ဖို့အတွက် ဒေါ်စန္ဒီ အကြံအကျယ် ကြံစည်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ဦးကျော့မောင်ကတော့ သူနာပြုဆရာမလေးကို သဘောကျနေမိသည်။

ချောလိုက်တာ။

အိစက်နေတာပဲ။

ကျိတ်ပြီး နှစ်သက်နေမိသည်။

သုတ အရွှး ...

သွေးရောင်က အခြောက်တိုက် ဘဝင်မြင့်ပြီး သွေးနား ထင် ရောက်နေတဲ့လူ။

သင်းတို့တွေအားလုံးကို ပထုတ်ရမယ်။

နက်နက်နီလို ချောမောလှပပြီး အိစက်နေတဲ့ မိန်းမချောလေးနဲ့ မြသွေးရောင်စံအိမ်ကြီးထဲမှာ နေရရင် ...

စန္ဒီ ...

အလကားမိန်းမ ...



အသက်အရွယ်ကြီးနေပြီ။

နက်နက်နီနှင့် ယှဉ်လိုက်လျှင် အိမင်းရင့်ရော်လွန်းသည်ဟု ထင်မိနေသည်။

ဦးကျော့မောင်ရဲ့ ဝါသနာပဲ။

ကောင်မလေးချောချော မြင်ရင် အရောတဝင်မနေဘဲ မနေနိုင်။

အကွက်ချောင်းနေမိသည်။

"ဒေါက်"

"ဒေါက်"

အခန်းတံခါးကို အသာလေး ခေါက်လိုက်သည်။

"ဟင်"

နက်နက် လန့်သွားသည်။

တံခါးဖွင့်လိုက်တော့ ဦးကျော့မောင် **ပြုံးရှင်း၏**၊

အပြင်ထွက်လာသည်။

"ဦးကျော့မောင်"

"မင်းကို စကားပြောစရာရှိလို့ လာတာပါ"

"ရှင်"

ဦးကျော့မောင် ...

နက်နက် တွေ့ချင်နေတာနဲ့ အတော်ပဲ။

"လသာဆောင်မှာ စကားပြောကြရအောင်"

"ဟို ... ဟို ... ကျွန်မ"

နက်နက် ရှက်ရွံ့ဟန်ဆောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော့မောင်နှင့် အရောတဝင် နေပြီး မြသွေးရောင် အိမ်ကြီးအကြောင်း စုံစမ်းထောက်လှမ်းဖို့ပဲ ဖြစ်၏။

"ဒေါ်စန္ဒီ တွေ့သွားရင် ကျွန်မကို တစ်မျိုးထင်မှာ"

"ဂရုစိုက်စရာ မလိုပါဘူး နက်နက်၊ ကိုယ်တို့က ရိုးရိုးသားသားပဲဟာ"

ကိုယ်တဲ့ ...

သူ့အသက်အရွယ်ကိုမှ မထောက် ....

နက်နက်ကတော့ အကြောင်းရှိနေ၍ တမင်အရောဝင်နေလိုက်သည်။

"ဟုတ်ကဲ့"

လသာဆောင်ဘက် ထွက်လာခဲ့သည်။

ဒေါ်စန္ဒီ မရှိပေ။

"ခဏနေရင် ကျွန်မ ကိုသွေးရောင်ဆီကို သွားရမယ်"

"ဘာလုပ်ဖို့လဲ"

"ဆေးထည့်ဖို့လေ"

ဦးကျော့မောင်ကတော့ နက်နက်ကို လိုက်လာ၍ ဝမ်းသာနေမိသည်။

လသာဆောင်မှာ ထိုင်မိ၏။

"နက်နက်"

"ရှင်"

"အရင်ဆုံး ပြောချင်တာက ကိုယ့်ကို မစိမ်းဖို့ပါပဲ။ လိုအပ်တဲ့ အကူအညီရှိရင် အားမနာဘဲ တောင်းခံနိုင်ပါတယ်"



"ကျွန်မအတွက် အားလုံး ပြည့်စုံပါတယ် ဦးကျော့မောင်၊ အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်နော်"

နက်နက် သိချင်တာက ကိုနန္ဒအကြောင်းပဲ ...

ရှင်နဲ့ အရက်သောက်ခဲ့လား ...

"ကိုယ်က နက်နက် စိတ်အားငယ်နေမှာကို အရမ်းစိတ်ပူနေမိတာပဲကွာ"

အကြည့်တွေကို မုန်းမိသည်။

ဒေါ်စန္ဒီသာ သိလျှင် ဘယ်လောက်အထိ ဒေါသတွေ ပေါက်ကွဲလိမ့်မလဲ။

အကျင့်မကောင်းတဲ့လူကြီး။

"နက်နက်"

"ရှင်"

"ငွေရော ရှိလား၊ ကိုယ် ကူညီမယ်၊ လိုသလောက် ပြောနော်"

"ဟင့်အင်း"

နက်နက် သိချင်တဲ့အကြောင်းအရာတွေကို ရောက်အောင် ဘယ်လို မေးရမလဲ ...

"ဦးကျော့မောင်"

"ပြောလေ နက်နက်"

"ကိုနန္ဒ ဘာဖြစ်လို့လဲ"

ဦးကျော့မောင် မျက်နှာ ကွက်ခနဲ ပျက်သွားတာ တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒကိစ္စ ဦးကျော့မောင် ဆက်နွယ်နေတာ သေချာနေ၏။

"ကိုနန္ဒက အရက်အရမ်းသောက်တတ်လားဟင်"

"မသောက်ပါဘူး"

"ဟင် ... ကိုနန္ဒ သေတော့ အရက်တွေ သောက်ထားတယ်ဆို"

"ဟုတ်လား၊ ကိုယ် လုံးဝ မသိပါဘူး၊ တစ်ခါတစ်ရံ ကိုယ်နဲ့ သောက်တာမျိုးတော့ ရှိတယ်၊ ညဘက်တွေမှပါ"

ဦးကျော့မောင် လိမ်နေတာ။

ကိုနန္ဒ ကားအက်စီးဒင့် ဖြစ်တာက နေ့ခင်းကြောင်တောင်ကြီးဖြစ်သည်။

အကြောင်းတစ်ခုခုကြောင့် ကိုနန္ဒရ နေ့ခင်းဘက်မှာ အရက်သောက်ခြင်း ဖြစ်နိုင်၏။

ထိုအချက်က အဓိကပဲ ...

ဦးကျော့မောင်နှင့် ဒေါ်စန္ဒီတို့တွေ ကိုနန္ဒနှင့် ကိုသုတအား အကောက်ကြံခြင်း ဖြစ်နိုင်သည်။

"ကိုနန္ဒကို ကျွန်မရဲ့ မမက လူရိုးလူကောင်းတစ်ယောက်လို့ ထင်ထားတာ"

"ရိုးပါတယ်"

"အရက်သောက်ပြီး ကားအက်စီးဒင့် ဖြစ်ရတဲ့အဆင့်ဆိုတော့ လူရိုးလူကောင်းတစ်ယောက် ဘယ်ဖြစ်နိုင်တော့မှာလဲ"



ဦးကျော့မောင် မျက်လုံးတွေက မလုံမလဲနှင့် အကြည့်ကို လွှဲနေသည်။

သေချာတာက ကိုနန္ဒ လုပ်ကြံမှုတစ်ခုနဲ့ ဆုံမိခဲ့တာပဲ။

"နက်နက်"

"ရှင်"

"နန္ဒအကြောင်းထက် ကိုယ့်အကြောင်းတွေကို ပြောပြချင်တာပဲ"

"ဦးကျော့မောင်အကြောင်းတွေလား"

"အင်း"

"ပြောလေ"

"အဓိကအကြောင်းရင်းက ကိုယ့်အိမ်ထောင်ရေး အစဉ်မပြေဘူး"

"ဒေါ်စန္ဒီက ဦးကျော့မောင်တို့ ကြောက်ရတာပဲ မဟုတ်လား"

"ကြောက်ချင်ယောင်ဆောင်နေတာပါ။ ကိုယ့်ကို ကြောက်ရမဲ့အကြောင်းတစ်ခု ရှိနေလို့"

"ဟင် ဘာအကြောင်းလဲ"

"နက်နက် မသိချင်ပါနဲ့၊ ကိုယ် အရမ်းစိတ်ညစ်နေတယ်၊ မြသွေးရောင်မှာ တကယ်မနေချင်တာပဲ"

သေလိုက်ပါလား ...

ရှင်ကြီးရဲ့ အကျင့်စရိုက်တွေကို ကျွန်မ အသိဆုံးပါပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



မြသွေးရောင်မှ ကိုသုတနှင့် ကိုသွေးရောင်ကလွဲပြီး တခြားသူတွေက ကောက်ကျစ်ယုတ်မာကြသူတွေ ဖြစ်နေသည်။

"နက်နက်ကို ကိုယ် လက်ဆောင်တစ်ခုပေးချင်လို့"

"ရှင်"

"ဒီမှာ"

ဆွဲကြိုးလေးတစ်ကုံး။

"အို ... နက်နက် လက်မခံပါရစေနဲ့နော် ကိုသုတ၊ စိန်လက်စွပ်နဲ့တောင် ပြဿနာတွေက အရမ်းရှုပ်ထွေးနေပါတယ်"

"နက်နက် သိမ်းထားပေါ့၊ ဘယ်သူမှ မမြင်အောင် နက်နက် သိမ်းထားလိုက်"

"ကျွန်မ လက်မခံပါရစေနဲ့နော်၊ ဒေါ်စန္ဒီ ကျွန်မကို ဒီကနေ မောင်းချမှာပါ"

"နက်နက်"

"ရှင်"

"ဒေါ်စန္ဒီ မရှိရင် မင်း ကိုယ့်ကို လက်ထပ်မလား"

"ရှင်"

နက်နက် လိုက်လိုက်လျောလျော ဆက်ဆံဖို့အတွက် ဆုံးဖြတ်လိုက်သည်။

ဒေါ်စန္ဒီ့ကို ဦးကျော့မောင် ဘယ်လို ရှင်းပစ်မလဲ၊

"အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်ကိုတော့ နက်နက် မပတ်သက်မဆက်ဆံရဲတာ အမှန်ပဲ"



နက်နက် ရေလာမြောင်းပေးစကားတွေလို ခပ်သွယ်သွယ်လေး ပြောလိုက်မိသည်။

"ကျွန်မ သွားတော့မယ်"

"နက်နက်"

"ရှင်"

"မင်း ကျုပ်နဲ့ ပူးပေါင်းပါ"

"ကျွန်မ ဘာပူးပေါင်းရမှာလဲ"

"ငွေကြေးတွေ စည်းစိမ်ဥစ္စာတွေ အများကြီးရမဲ့ ပူးပေါင်းဆောင်ရွက်မှုပဲ"

နက်နက် စိတ်ဝင်စားသွားသည်။

ဦးကျော့မောင်ရဲ့ မျက်ဝန်းတွေက နက်နက်ကို အလိုရမ္မက်ကြီးတဲ့ အကြည့်တွေဖြစ်၏။

"နက်နက် စည်းစိမ်ချမ်းသာတွေနဲ့ မနေချင်ဘူးလား"

ဦးကျော့မောင်ရဲ့ အကွက်ကို လိုက်နင်းနေရပေမဲ့ ကိုသွေးရောင်ဆီ နက်နက် စိတ်တွေက ရောက်နေရသည်။

နက်နက်ကို အထင်သေးသွားမလား ...

ဦးကျော့မောင်နဲ့ မပတ်သက်ဖို့ ကိုသွေးရောင် လာသတိပေးထားသည်။

"နက်နက်ကို ဦး စည်းစိမ်ချမ်းသာတွေ အပြည့်နဲ့ ထားနိုင်တယ်"

"ဒေါ်စန္ဒီတို့ မြကလျာတို့ကရော ဦး"

ဦးကျော့မောင်ရဲ့ မျက်ဝန်းတွေက အရောင်တွေ ဝင်းဝင်းတောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေအတွက် မပူနဲ့၊ ဦး ရှင်းမယ်"

"ဦး ဘယ်လိုရှင်းမလဲ"

"နက်နက်သာ ဦးနဲ့ ပူးပေါင်းလိုက်ရင် မြသွေးရောင်ရဲ့ စည်းစိမ်ဥစ္စာတွေ အားလုံး ရမှာပဲ"

မြသွေးရောင်ကို အဓိက ရှုပ်ထွေးစေတာက ဦးကျော့မောင်။

ဒေါ်စန္ဒီနှင့် ပေါင်းပြီး မြသွေးရောင်ကို အပိုင်စီးဖို့ ကြိုးစားခြင်း ဖြစ်နိုင်သည်။

"နက်နက် စဉ်းစားပါရစေဦး၊ ကြောက်တယ် ဦးရယ်၊ မြသွေးရောင်က လူတွေကို ကျွန်မ အရမ်းကြောက်တာပဲ"

"နက်နက်"

"ဟင်"

ဦးကျော့မောင်က သူမ လက်တွေကို လာကိုင်၍ နက်နက် အထိတ်တလန့်နှင့် ရုန်းပစ်လိုက်မိသည်။

"ဦးကို မကြောက်ပါနဲ့၊ မင်းအတွက် လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးချင်တယ်၊ စန္ဒီလို သက်ကြီးရွယ်အိုကြီးနဲ့"

"ကျွန်မ သွားတော့မယ်"

နက်နက် ထမိသည်။

ကိုသွေးရောင်ကို ဆေးထည့်ပေးဖို့ နက်နက် ပြောထား၏။

အတွေ့အကြုံတွေ ရှိနေတဲ့ နက်နက်အတွက် ဘာမှ မဖြစ်ပေမဲ့ ကိုသွေးရောင် တွေ့မှာတော့ စိုးရိမ်နေမိသည်။



ဦးကျော့မောင်နှင့် ဆက်ပြီး မထိုင်ချင်တော့၍ ဖြစ်၏။

"နက်နက်"

"ရှင်"

"ဦးကို မုန်းသွားပြီလား"

"ဟင်အင်း"

"ဒါဆို နက်နက် ဦးနဲ့ ပူးပေါင်းမှာပေါ့၊ စိတ်ကူးမလွဲနဲ့နော် နက်နက်၊ သူတက အရူး၊ သွေးရောင်က အမဲလိုက်ဖို့ကလွဲပြီး ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး"

"ကျွန်မ စဉ်းစားပါ့မယ်၊ ဦးကို ကျွန်မ ယုံကြည်အားကိုးမိပါတယ်"

နက်နက်အတွက် ထောင်ချောက်ပဲ။

ဦးကျော့မောင်နှင့် ပူးပေါင်းဟန်ပြပြီး အရှုပ်အထွေးတွေကို ဖြေရှင်းရမည်ဖြစ်သည်။

"ဖျပ်"

"ဖျပ် … ဖျပ်"

ခြေသံကြောင့် နက်နက် ကြည့်လိုက်တော့ ဂျင်မ ဖြစ်နေသည်။

"ဘာမှ ဂရုစိုက်စရာ မရှိဘူး နက်နက်၊ ဒီကောင်မလေးက စပ်စုတယ်"

ကိုသွေးရောင်ကို သွားပြောလိုက်မှာပဲ နက်နက် စိတ်ပူနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နက်နက်ကို အထင်မသေးစေချင်ဘူး။

"နက်နက်"

"ဟင်"

"နောက်နေ့ ထပ်တွေ့မယ်နော်"

"ဟုတ်"

ဂျင်မ ...

မျက်ထောက်နီကြီးနှင့် သူမအား စူးစိုက်စွာ ကြည့်နေသည်။

ဦးကျော့မောင် ထွက်သွား၏။

"နက်နက်နီ"

"ဟင်"

"မင်း ရှုပ်လှချည်လား"

"ကျွန်မတို့ ရိုးရိုးသားသား ခင်မင်ကြတာပါ"

"ဒေါ်စန္ဒီ ရောက်လာရင်တော့ ညည်း ဒီကနေ ထွက်သွားဖို့သာ ပြင်ထားတော့"

နက်နက်နီကို မောင်းထုတ်ဖို့အတွက် ဂျင်မ့ အကွက်တွေ့သွားသည်။

လေးလေးသုတ အနားကပ်ပြီး ဂျင်မရဲ့ အခွင့်အရေးတွေ တစ်ခုမှ မရတော့ဘဲ ဖြစ်နေရ၏။

သင်းကြောင့် ...

အမြင်ကတ်တယ်။

အခုလည်း ကြည့်လေ ...



ဦးကျော့မောင်နှင့် လသာဆောင်မှာ နှစ်ယောက်တည်း စကားပြောနေသည်။

"နင့် ဒီကို အကြံနဲ့ ရောက်လာတာမဟုတ်လား နက်နက်နီ"

"ကျွန်မကို ချောက်မချခင် ရှင့်ကို ဦးကျော့မောင်က မောင်းထုတ်တာကိုလည်း ခံနေရဦးမယ်နော် ဂျင်မ"

နက်နက် အမြင်ကတ်ကတ်နှင့် ပြောပစ်လိုက်မိသည်။

ကိုသွေးရောင်ကို သွားပြောမှာပဲ နက်နက် အကြောက်ဆုံးဖြစ်သည်။

ကျွန်မက တာဝန်အရ လုပ်ဆောင်ရတာပါ ကိုသွေးရောင်ရယ် ...

ဘယ်လိုရှင်းပြရမလဲ ...

ဂျင်မကတော့ သူမကို ချောက်တွန်းတော့မှာ သေချာသည်။

မတတ်နိုင်ဘူး။

နက်နက်က တာဝန်အရပဲ။

ကိုသွေးရောင်ကို ဆေးထည့်ပေးဖို့အတွက် ပြင်ဆင်နေမိသည်။

သွားလို့ဖြစ်ပါ့မလား ...

ဂျင်မ ...

ကိုသွေးရောင်ကိုပဲ သွားပြောနေပြီလား။

နက်နက် အခန်းထဲ ရောက်လာပြီး ဆေးသေတ္တာယူရင်း စိတ်တွေ ပူနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းနေ၏။

နက်နက် စိတ်တွေ အတော်လေး လှုပ်ရှားနေမိသည်။

ကိုသွေးရောင်ဆိုတဲ့ လူတစ်ယောက်အပေါ် ဒီလောက်ပဲ ခံစားနေမိတာပါလား။

"နက်နက်နီ"

အပြင်မှာ ဂျင်မ စောင့်နေသည်။

"ဘာကိစ္စလဲ ဂျင်မ"

"အပေးအယူတစ်ခု လုပ်မလို့"

"ပြော"

"ကိုသုတ ဝေယျာဝစ္စတွေကို ကျွန်မ လုပ်ပေးမယ်"

"ရှင့်ကို လက်ခံရင် သွားလုပ်လေ"

ကိုသုတအပေါ် ဂျင်မ အကောက်ကြံမယ်ဆိုတာ သိနေသည်။

မြသွေးရောင်ရဲ့ အရှုပ်အထွေးတွေကို နက်နက် ရှင်းပစ်ချင်နေမိ၏။

မကြာခင် ...

ရှင်းတော့မှာပါ။

ဆေးအိတ်ဆွဲပြီး ကိုသွေးရောင်အခန်းထဲ ဝင်လာခဲ့မိသည်။



## အခန်း(၁၉)

"မင်း ထွက်သွားတော့ နက်နက်နီ၊ မင်းဟာ ကိုယ်ကျင့်တရား မကောင်းတဲ့ မိန်းမတစ်ယောက်ပဲ၊ မင်း ... မင်းကို ဦးကျော့မောင်နဲ့ မပတ်သက်ပါနဲ့လို့ သတိပေးထားတာပဲဟာ"

သွေးရောင် ဒေါသဖြစ်နေမိသည်။

ဦးကျော့မောင်လို ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ဆက်ဆံတာကိုက ဒီမိန်းမ ကိုယ်ကျင့်တရား မကောင်းတော့ဘူး။

"မင်းဟာ ဟန်ဆောင်နေတာပဲ၊ မင်းမှာ ဘာမှ အထင်ကြီးစရာမရှိဘူး"

"ကိုသွေးရောင်"

"ငါ ဆေးမထည့်တော့ဘူး"

"အဲဒီလို မလုပ်ပါနဲ့၊ ကျွန်မက လူမှုရေးအရ ဆက်ဆံတာပါ၊ သူကလည်း အိမ်ရှင်တစ်ယောက်ပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မင်း ပတ်သက်စရာအကြောင်း မရှိဘူး၊ ကျုပ်မင်းကို ဒီလောက် သတိပေးထားတာပဲ နက်နက်"

"ကျွန်မ"

ကျွန်မ ...

တာဝန်အရ ပတ်သက်ဆက်ဆံရတာပဲ ...

ရှင့်ကို ရှင်းပြလို့ မဖြစ်ဘူး။

ကိုသွေးရောင်အား ဂျင်မ သွားပြောတာပဲ ဖြစ်နိုင်သည်။

မတတ်နိုင်ဘူး ...

"ရှင် ဆေးထည့်ပါ၊ အနာ အရမ်းရင်းသွားမယ်"

"မလိုတော့ဘူး၊ မင်း ကျုပ် အခန်းထဲက ထွက်သွားပါ"

သူ့ဒဏ်ရာအတွက် နက်နက် စိတ်ပူမိတာတော့ အမှန်ပဲဖြစ်သည်။

"ကျွန်မ ဆေးထည့်ပေးပါရစေ"

"မလိုတော့ဘူး၊ မင်းကို လေးလေးသတအနားမှာ ထားရတာတောင် ငါ စိတ်အရမ်းပူနေပြီ"

နက်နက်နီ ...

မင်းကို ငါ အထင်ကြီးမိတာ အလကားပဲ။

ဦးကျော့မောင်နဲ့ ပတ်သက်တာကို သွေးရောင်လက်မခံနိုင်ပေ။

သူ ...

နက်နက်နီကို သတိရတမ်းတပြီး သူ ပြန်ရောက်လာခြင်းဖြစ်သည်။



မင်း ...

ဦးကျော့မောင်ကို အထင်ကြီးတာလား ...

ငွေမက်တဲ့ မိန်းမ ...

"မင်း ... မင်း ... ဦးကျော့မောင်ဆီက စည်းစိမ်ဥစ္စာကိုမက်မောတာ မဟုတ်လား၊ ဦးကျော့မောင်လို အဘိုးကြီးတစ်ယောက်၊ အိမ်ထောင်ရှိတဲ့ လူတစ်ယောက်ကိုမှ"

သူမ ...

ထွက်လာခဲ့သည်။

ရှင် ...

ပြောချင်တာပြောပါ ကိုသွေးရောင် ...

ရှင်းပြနိုင်တဲ့ အင်အားတွေ နက်နက်မှာ လုံးဝမရှိပါဘူး။

တာဝန်အရ ကျွန်မ အနေနဲ့ ဦးကျော့မောင်ကို ပူးပေါင်းရမှာပဲ။

ဦးကျော့မောင်က သူမ ထောင်ချောက်ထဲ ဝင်လာတာပါ။

ဥပဒေကို ကျူးလွန်သူတွေကို ဘယ်လိုလူမျိုးကိုမှ ကျွန်မ အလွတ်မပေးနိုင်ဘူး။

တစ်နေ့ ...

ရှင် ကျွန်မကို မုန်းတီးသွားမှာပါ။

ကျွန်မရဲ့ အစိုက ပစ်မှတ်က ရှင်တို့မိသားစုပဲ။

ရှင် မပါရင်တောင် ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီကတော့ ပါရမှာပဲ။

ကိုနန္ဒ သေဆုံးရတာ ရှင့်မိသားစုကြောင့်ပဲ ...

ဒဏ်ရာကို ဆေးထည့်တာ လက်မခံပေ။

အနာရင်းလိမ့်မယ်။

"ရှင် ဆေးတော့သောက်ပါ"

"မင်း ထွက်သွားပါ"

ကိုသွေးရောင် လေသံတွေက မာထန်နေ၍ သူမ ပြန်ထွက်လာခဲ့မိသည်။

လေးလံတဲ့ ခြေလှမ်းတွေနှင့် သူမ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့မိ၏။

ကိုသွေးရောင် ...

ကျွန်မကို အထင်မသေးပါနဲ့ ...

တာဝန်အရပါ။

အဲဒါကို ...

ကျွန်မ ဘယ်လို ရှင်းပြရမလဲဟင် ...

"ကျွီ"

တံခါး ပွင့်လာသည်။

"ဟင် ကိုသုတ"

"မင်း ... မင်း ... ဘယ်ပျောက်နေတာလဲ နက်နက်၊ ကိုသုတ နိုးနိုးချင်း မင်းကို တွေ့ချင်နေတာပါ"

နက်နက်နီကို စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်မ ကိုသုတ အိပ်နေတယ်ထင်လို့ပါ"



"ကျုပ် အိပ်နေတာပါ၊ ဒါပေမဲ့ အိပ်ရာက နိုးနိုးချင်း မင်းကို တွေ့ချင်တယ်"

ကိုသုတ မျက်လုံးတွေက နက်နက်အား ချစ်ခင်နှစ်သက်နေပုံပင်။

"ကိုသုတ"

"ဟင်"

"ရှင် ဆေးသောက်ရအောင်နော်"

"ကျုပ်ကို ဘာလို့ ဆေးတွေပဲ တိုက်နေရတာလဲ၊ ကျုပ် ဘာမှ မဖြစ်ပါဘူး"

သုတ စိတ်ထဲမှာ နက်နက်ကို မျက်စိအောက်ကပင် အပျောက်မခံနိုင်ပေ။

ချစ်နေမိသည်။

"ကျုပ် ကိုကြီး မရှိတော့ ကျုပ်ရဲ့အားကိုးတွယ်တာရာက မင်းပါပဲ"

ကို... စိတ်တွေ ပြန်ပြီး ဖောက်ပြန်ချင်သလို ဖြစ်နေသည်။

"ကျွန်မ ကိုသုတ အနားမှာ အမြဲနေမှာပါ"

"တကယ်လားဟင်"

"အင်း"

"န က်နက်"

"ရှင်"

"မင်းကို လက်ထပ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နက်နက် လန့်သွားမိသည်။

ကိုသုတသည် စိတ်ဝေဒနာရှင်တစ်ယောက် ဖြစ်နေ၏။

ဒုက္ခပါပဲ ...

ဦးကျော့မောင်ကို သူမ ပတ်သက်ရတာလည်း တာဝန်အရ ...

အခု ...

ကိုသုတနှင့် ဆက်ဆံနေရတာလည်း တာဝန်အရပဲ ဖြစ်လေသည်။

"ကိုသုတကို နက်နက် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပါ"

မမဂျယ်လီက မှာလိုက်သည်။

မြသွေးရောင် မိသားစုဝင်တွေရဲ့ အရှုပ်အထွေးကိုလည်း ဖြေရှင်းပေးရန်ဖြစ်၏။

သဲလွန်စက ရနေပြီ။

ဦးကျော့မောင် ...

"နက်နက်"

"ရှင်"

"မင်းကို လက်ထပ်ပါရစေ"

ကိုသုတက ဒီကိုကျတော့လည်း ပြောတတ်သားပဲ ဟု တွေးမိလိုက်သည်။



"နက်နက် ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်၊ ကိုယ့်မှာ အမွေတွေ အများကြီးရမှာ၊ နက်နက်ကိုပဲ ပေးမယ်၊ ကိုယ့်ကို လက်ထပ်ပါနော်"

"ကျွန်မ စဉ်းစားပါ့မယ်နော် ကိုသုတ၊ အခု ကော်ဖီသောက်ပြီး ဆေး ..."

"ကျုပ် ကော်ဖီ လုံးဝမကြိုက်ဘူး"

"ဟုတ်သားပဲ၊ ကျွန်မ မေ့သွားလို့၊ ရှင်ကြိုက်တာက လက်ဖက်ရည်ချိုချိုလေးပဲ"

နက်နက် စိတ်တွေဝင် မမှန်ချင်တော့ပဲ ယောက်ယက်ခတ်နေမိသည်။

မေ့နေ၏။

ကိုသွေးရောင်က ကော်ဖီကြိုက်တာ ...

ဒီလူ့အကြောင်း မတွေးတာပဲ ကောင်းပါတယ်လေ။

နက်နက်ကို အထင်သေးတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေခဲ့သည်။

"နက်နက်"

"ဟင်"

"လက်ဖက်ရည်ဖျော်လေ"

"ဟုတ်"

"ကျုပ် မင်းရဲ့အယုအယ အပြုအစုတွေကို အရမ်းခံချင်တာပဲ၊ မင်း ကျုပ်အနားမှာ အမြဲနေပါနော်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လက်ထပ်ခွင့်ရရင် ကျုပ်ဘဝ အရာအားလုံး ပြည့်စုံပြီပဲ"

နက်နက် စိတ်တွေ အတော်လေး မွန်းကျပ်နေမိသည်။

ကိုသွေးရောင် ဒဏ်ရာအတွက်လည်း စိတ်ပူမိသည်။

တော်တော်ပေတေတဲ့လူ ...

အနာရင်းရင် ဒုက္ခပါပဲ ...

"နက်နက်"

"ရှင်"

"မင်း ဘာဖြစ်နေတာလဲ"

"ကျွန်မ"

"စိတ်တွေ ဘယ်ရောက်နေလဲ၊ မင်း သွေးရောင်အခန်းက ပြန်လာတာ မဟုတ်လား နက်နက်"

ကိုသုတ အကြည့်တွေက ချက်ချင်း တင်းမာခက်ထန်သွားသည်။

"ကိုသွေးရောင်နဲ့ မဟုတ်ဘူး လေးလေးသုတ"

"ဟင်"

ဂျင်မ ဝင်လာသည်။

"ဘဘကြီး ကျော့မောင်နဲ့"

"ဘာ"

"ဂျင်မ ... နင် မဟုတ်တာတွေ မပြောနဲ့နော်၊ ကိုသုတက နေကောင်းသေးတာ မဟုတ်ဘဲနဲ့"

"ပြောမယ်၊ ဘာဖြစ်လဲ၊ နင့်အကြောင်းတွေ အားလုံး ပြောပြလိုက်မယ်"



ဒုက္ခပါပဲ ...

ဂျင်မက တစ်မျိုး ...

စိတ်ဝေဒနာရှင် တစ်ယောက်ကို စိတ်ကယောက်ကယက်ဖြစ်အောင် ပိုပြီး လုပ်ဆောင်နေတော့သည်။

"ဂျင်မ ... ရှင် ထွက်သွားပါ"

"မသွားဘူး"

"အိမ်တော်စိုးကြီးကို ခေါ်ပြီး မောင်းထုတ်ပစ်လိုက်ရမလား"

နက်နက် ဒေါကန်လာမိသည်။

ကိုသုတ နေကောင်းအောင် အတော်လေး ကြိုးစားပြီး ဆေးကုထားရတာပါ ...

"ဘဘကြီးကျော့မောင်နဲ့ ရှင် ဖောက်ပြန်နေတာ လူသိမှာစိုးလို့ပဲ မဟုတ်လား"

"ဂျင်မ"

"လေးလေးသုတ အညာခံနေရတာ"

ဂျင်မ ထွက်သွားသည်။

ကိုသုတ အကြည့်တွေက နက်နက်ထံ တင်းမာစွာ ရောက်သွား၏။

"မင်း ... မင်း ... ဟိုလူယုတ်မာ ကျော့မောင်နဲ့"

"ကိုသုတ ... သူတို့ မတရားပြောတာပါ၊ ကျွန်မနဲ့ ရှင့် အဆင်ပြေနေတာကို မကျေနပ်လို့ ပြောနေတာပဲ၊ ရှင် မယုံပါနဲ့နော်"

"ဟုတ်လား ... သူတို့က တကယ်ပဲ မကျေနပ်တာလား၊ ဂျင်မ ဆိုတဲ့ မိန်းမက ကောင်းကာမဟုတ်ဘူး"

www.burmeseclassic.com



ကိုသုတ စိတ်အေးအောင် နက်နက် အတော်လေး ပြောယူရသည်။

ဂျင်မ ...

အကျင့်ယုတ်တာပဲ ...

ကိုသုတ အနားကပ်ပြီး လုပ်ချင်တာတွေ မလုပ်ရ၍ ဖြစ်သည်။

"နက်နက်"

"ရှင်"

"ကိုယ်တို့ လက်ထပ်လိုက်ရအောင် အိမ်တော်စိုးကြီးကို သွားပြောမယ်"

"နေပါဦး ကိုသုတ၊ အရမ်းသွားပြောလို့ မဖြစ်ဘူး၊ နက်နက်က မိန်းကလေး၊ စဉ်းစားပါရစေဦး"

"မင်း ... မင်း ... ကျော်မောင်နဲ့ ဖောက်ပြန်မလို့လား"

အကြည့်တွေက တင်းမာ ခက်ထန်နေသည်။

မြသွေးရောင်စံအိမ်ကြီးရဲ့ အရှုပ်အထွေးတွေကို အမြန်ဆုံး ထုတ်ဖော်နိုင်မှ ဖြစ်တော့မည်။

နက်နက် စိတ်ပျက်စွာဖြင့် တာဝန်တွေကို ထမ်းဆောင်နေရတော့သည်။



## အခန်း(၂၀)

"နက်နက်"

"ဟင်"

"ကိုယ်ပါ"

ဦးကျော်မောင် ...

ညကြီးမိုးချုပ်မှ နက်နက်ဆီသို့ ရောက်လာသည်။

"ကိုယ် ပြောစရာရှိလို့"

သူမ ...

အပြင်ထွက်လိုက်သည်။

မြသွေးရောင်ကို ရှင်းပစ်ဖို့ အတွက် ဦးကျော်မောင်က အစီကပဲ ...

လသာဆောင်ဘက် ထွက်လာခဲ့သည်။

မြသွေးရောင် တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေ၏။

"ပြောလေ ဦးကျော်မောင်"

www.burmeseclassic.com

www.burmeseclassic.com



"နက်နက်"

"ရှင်"

"နက်နက်ကို သုတကရော၊ သွေးရောင်ကရော လက်ထပ်ခွင့် တောင်းနေကြတယ် မဟုတ်လား"

"အင်း"

"ကိုယ်က စိတ်ပူလို့ နက်နက်ကို လာတွေ့တာ"

အရေးထဲ ...

နက်နက် သိချင်တာက ဦးကျော့မောင်ရဲ့ အကြံအစည်တွေကိုပင် ...

အလိုက်အထိုက် ဆက်ဆံဖို့ နက်နက် ဆုံးဖြတ်လိုက်မိသည်။

"ဦးကျော့မောင်"

"လေးလေးမောင်လို့ ခေါ်ပါလား နက်နက်"

"အင်း ... လေးလေးမောင်မှာ ဘာအကြံတွေ ရှိလဲဟင်"

"အကြံ"

"အင်း"

"နက်နက်က လေးလေးမောင်ကို လက်ထပ်မလား"

"စဉ်းစားမယ်"

ဦးကျော့မောင် ဝမ်းသာသွားမိသည်။

နက်နက် ...

အလွန်ချောမောတဲ့ မိန်းကလေး ...

အားပါး ...



လက်ထပ်ဖို့ စဉ်းစားမယ်တဲ့ ...

"မြသွေးရောင်မှာ လေးလေးမောင်က ခံစားခွင့်ရှိလို့လား"

သမီးက အကြောင်းမဟုတ် ...

စန္ဒီပဲ ...

မကြာခင် ...

အမွေတွေ ခွဲတော့မည်။

"မကြာခင် အမွေတွေ ခွဲတော့မယ် နက်နက်"

"အင်း"

"အမွေတွေ ခွဲပြီးရင် ကိုယ့်မှာ အကြံအစည်တွေ အများကြီးရှိတယ်"

"နက်နက် သိချင်တယ်"

"ပြောလို့ မဖြစ်သေးဘူးလေ၊ နောက်တော့ သိရမှာပဲ နက်နက်၊ လေးလေးမောင်ကို အားကိုးစမ်းပါ"

လူယုတ်မာကြီး ...

နက်နက်က အသံဖမ်းဖို့အတွက် ပြင်ဆင်ထားပြီးသား ဖြစ်သည်။

"ဒါဆိုလည်း နက်နက် သွားတော့မယ်၊ ဒေါ်စံကြီး နိုးလာရင် ဒုက္ခပဲ"

"မနိုးပါဘူး လေးလေးမောင်၊ အိပ်ဆေးတိုက်ထားတာပါ"

"လေးလေးမောင် ပြောချင်တာတွေ ပြောပြီးပြီ မဟုတ်လား"

"နက်နက်"

www.burmeseclassic.com

www.burmeseclassic.com



“ရှင်”

“ဟိုလူတွေကို လုံးဝ စိတ်မဝင်စားနဲ့နော်”

“အင်းပါ”

“သုတက အရူး၊ ဆွေစဉ်မျိုးဆက် ဒုက္ခရောက်မှာပဲ၊ သွေးရောင်က အတ္တကြီးပြီး မာန်တက်နေတာ”

“ကိုသွေးရောင်က အတ္တကြီးတယ် ဟုတ်လား”

“အလကားကောင်ပါ၊ လေးလေးမောင် အပေါ် အရမ်းအထင်သေးတာပဲ”

“လေးလေးမောင်”

“ပြော”

“ငိုသုတ စိတ်ဝေဒနာတွေ ခံစားနေရရင် ဒေါ်စန္ဒီက အမွေထိန်းရမှာလား”

“ဟုတ်တယ်၊ ဒီမိန်းမက လောဘအရမ်းကြီးတာပဲ၊ မြသွေးရောင်ရဲ့ အမွေတွေအားလုံး စန္ဒီက ရအောင်ကြိုးစားနေတယ်လေ”

“ဘယ်လို ကြိုးစားနေတာလဲဟင်”

နန္ဒကို စန္ဒီ့ အကြံအစည်နှင့် ဦးကျော့မောင် လုပ်ကြံခဲ့သည်။

အရက်တွေ တိုက်ခဲ့၏။

အရမ်း အားနာတတ်သော နန္ဒက မိမိကို အားနာပြီး အရက်သောက်ခဲ့သည်။

ပြီးတော့ ...



စန္ဒီက အရေးတကြီးကိစ္စရှိ၍ မိမိကို သာသွေးမှ အပြင်မှ ဖုန်းဆက်ခေါ်သည်။

နန္ဒကိုတိုက်တဲ့ အရက်ထဲမှာ ဆေးတွေထည့်[illegible]

နက်နက်ကို ပြောပြလို့ မဖြစ်ဘူး ...

မိမိပါ ကြံရာပါ ဖြစ်နေသည်။

အခု ...

သုတကို စန္ဒီက ရှင်းပစ်ဖို့အထိ ကြံစည်နေသည်။

နက်နက်က အနီးကပ် စောင့်ရှောက်နေ၍ ခက်နေ၏။

“နက်နက်”

“ရှင်”

“လေးလေးမောင် နောက်မှ ပြောပြမယ်နော်၊ လေးလေး ထောင်ချောက်တွေ အများကြီး ဆင်ထားတယ်၊ မကြာခင် အကွက်ဝင်တော့မှာပါ”

“နက်နက်လည်း စိတ်ဝင်စားတယ်၊ တကယ်တော့ ကိုသုတနား နက်နက် ရောက်လာတာ အကြောင်းရှိတယ်”

“သုတက အရူးပဲ”

“ဟုတ်တယ်နော်၊ လေးလေးမောင်နဲ့ ပူးပေါင်းဆောင်ရွက်လိုက်တာကမှ အကျိုးကျေးဇူး ရှိဦးမယ်”

“စန္ဒီ ဆိုတဲ့ မိန်းမကို ရှင်းပစ်ပြီးရင် လေးလေးမောင်နဲ့ နက်နက် အတူနေကြမယ်”

“ကိုသွေးရောင်တို့ မဂ္ဂလျာတို့က နက်နက်ကို ကြည်ဖြူပါ့မလား”

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ရသင့်တာတွေယူပြီး မြသွေးရောင်နဲ့ ဝေးရာကို သွားနေကြမယ်လေ"

"ဒေါ်စန္ဒီကို ဘယ်လိုရှင်းပစ်မလဲ လေးလေးမောင်"

ဦးကျော့မောင်ဆီက သတင်းရနိုင်သမျှရဖို့ အစ်အောက်နေမိသည်။

"လောလောဆယ်တော့ ပြောဖို့စောသေးတယ်၊ လေးလေးမောင်ကို ယုံပါ နက်နက်ရယ်၊ မကြာခင် လေးလေးမောင်အစွမ်းအစတွေကို သိရမှာပါ"

နက်နက်ကတော့ မြသွေးရောင်ရဲ့ အရုပ်တွေကို ရှင်းပစ်ချင်နေမိသည်။

ကိုသုတအတွက် စိတ်ပူမိ၏။

အရုပ်ဆိုးက ...

ဦးကျော့မောင်နဲ့ ဒေါ်စန္ဒီ ...

မြကလျာက သုံးဖြုန်းစားသောက် ပျော်နေရရင်ပြီးတဲ့ မိန်းကလေး ...

ကိုသွေးရောင်က တစ်လောကလုံးကို မကျေနပ်ပြီး တောထဲမှာပဲ နေသူ ...

သက်သေအထောက်အထား ခိုင်လုံရေးအတွက် ကြိုးစားရမည် ဖြစ်သည်။

ဦးကျော့မောင်က လူလည်ကြီး ...

အကြံအစည်တွေကို မပြောဘဲ နက်နက်ကို ချစ်ဖို့ပဲ ကြိုးစားချင်နေသည်။



မိန်းမချောလေးတွေရဲ့ ဘဝကို ဖျက်ဆီးပစ်ချင်တဲ့ လူယုတ်မာကြီး တစ်ယောက် ...

နက်နက် သိလိုက်သည်။

"နက်နက် သွားတော့မယ်၊ အိမ်ကလူတွေ တစ်ယောက်ယောက် နိုးလာရင် နက်နက်တို့ အကြံအစည်တွေ ပျက်ကုန်လိမ့်မယ်နော် လေးလေးမောင်"

ပြန်လစ်ဖို့အတွက် နက်နက် စတင်ကြိုးပမ်းလိုက်ခြင်း ဖြစ်သည်။

"နက်နက်"

"ရှင်"

"နေပါဦး"

"ကျွန်မ အိပ်ချင်နေပြီ၊ လောလောဆယ်တော့ နက်နက်တို့ လူသိခံလို့ မဖြစ်သေးဘူးနော် လေးလေးမောင်"

လူယုတ်မာကြီး ...

ရှင်က ကျွန်မကို ဖျက်ဆီးဖို့ အကြံနဲ့ ရောက်လာခဲ့တာပဲ မဟုတ်လား ...

အကြံအစည်တွေကိုတော့ ဘာမှ မယ်မယ်ရရ ထုတ်ဖော်ပြောခြင်း မရှိပေ။

"လေးလေးမောင်"

"ပြောလေ နက်နက်"

"နက်နက်ကတော့ သာတဲ့လူကို လက်ထပ်မှာပဲနော်၊ လေးလေးမောင်ဘက်က ငွေကြေးတောင့်တင်းမှုတွေကို လက်တွေ့ပြရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြမယ် ... မကြာခင် မင်းလေး တွေ့မြင်ရမှာပါ၊ မြသွေးရောင်တစ်ခုလုံး လေးလေးမောင် လက်ထဲ ရောက်အောင် လုပ်ပြမယ်"

ဦးကျော့မောင် ပြောသမျှတွေကို နက်နက် အသံဖမ်းထားလိုက်သည်။

အရေးကြီးတဲ့ အကြံအစည်တွေကိုတော့ ထုတ်ဖော်ပြောခြင်း မရှိသေးပေ။

နက်နက် ဆက်ပြီး ကြိုးစားရဦးမည်သာ ဖြစ်သည်။

"နက်နက် သွားတော့မယ်"

ဦးကျော့မောင် လက်ထဲမှ ရုန်းထွက်ပြေးလာခဲ့သည်။

အခန်းထဲ အမြန်ဆုံး ဝင်လာခဲ့၏။

လော့ခ်ကို အသေအချာ ချပစ်လိုက်မိတော့သည်။



## အခန်း(၂၁)

နက်နက် စိတ်တွေ တည်ငြိမ်အောင် အဟော်လေ ထိန်းချုပ်နေရသည်။

မလွယ်ဘူး ...

မြသွေးရောင်ရဲ့ အရှုပ်အထွေးတွေကို အမြန်ဆုံး ရှင်းပစ်မှ ဖြစ်မည်။

ဦးကျော့မောင်က စားဖားကြီး ...

ဒေါ်စန္ဒီကလည်း မိသားစုအပေါ် မညှာမတာ ရက်စက်ချင်သည်။

ကိုသွေးရောင် ...

ရှင် ကျွန်မကို မုန်းသွားမှာပါ ...

မြသွေးရောင် မိသားစုတွေကို ဖြိုခွဲဖို့ ကျွန်မ ရောက်လာတာပါ ...

အိပ်ရာပေါ် ပစ်လှဲချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော့မောင်ကြီးရဲ့ ခါးသီးရွံရှာဖွယ်ကောင်းတဲ့ မျက်နှာကြီးကို မြင်ယောင်လာမိ၏။

မတတ်နိုင်ဘူး ...

နက်နက် ပတ်သက်ရမှာပဲ ...

ဦးကျော့မောင်ဆီကနေ သဲလွန်စတွေ ရလာပြီ။

မကြာခင် ...

ပြဿနာတွေ ဖြေရှင်းနိုင်တော့မယ် ...

ကိုသွေးရောင်ရဲ့ ဒုက္ခရာအတွက်လည်း သူမ စိတ်ပူနေမိသည်။

ကင်းအောင်နေတာပဲ ကောင်းပါတယ်လေ ...

စိတ်ဝေဒနာရှင် ကိုသုတကလည်း လက်ထပ်ခွင့် တောင်းနေသည်။

ဒီအိမ်ကြီးထဲက ထွက်သွားတာပဲ အကောင်းဆုံး ပါပဲ ...

အမြန်ဆုံး ...

စာရင်းရှင်းချင်နေပြီ ...

မမဆီ သတင်းပို့မိသည်။

"မမ"

"နက်နက် အိုကေလား"

"ကိုနန္ဒကိုသတ်မှု ဖြစ်နိုင်တယ်"

"ဟင်"

"သဲလွန်စတော့ ရနေပြီ မမ"



"အခက်အခဲရှိလား"

"ဟင့်အင်း ... အခက်အခဲတော့ မရှိပါဘူး ပြဿနာက စ,နေပြီ မမ"

"နက်နက်"

"ရှင်"

"အောင်မြင်အောင် ဆက်ပြီးကြိုးစားပါ၊ မမ လိုက်ခဲ့မယ်"

"ဟုတ်ကဲ့"

"မမချစ်သူကို သတ်တဲ့လူတွေကိုတော့ မမ လက်စားချေရမှာပဲ"

"နက်နက်အတွက်တော့ စိတ်ချပါ မမ"

"အိုကေ"

နက်နက် အိပ်တော့မယ် ...

ခေါင်းထဲမှာ ဘာမှမထားတာ အကောင်းဆုံးပဲ ...

အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

"နက်နက်"

"နက်နက်"

"ဟင်"

သူမ ...

ထလိုက်သည်။

အပြင်မှ ခေါ်သံတွေကို ကြားလိုက်ရတော့၏

"ဟင်"

သူမ တံခါးဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်တော်စိုးကြီး"

"မင်း သွားလိုက်ပါ၊ သွေးရောင် အနာရှိန်နဲ့ အဖျားတက်နေတယ်"

"ဟင်"

သူမ ...

စိတ်ပူသွားမိသည်။

ဆေးအိတ်ကိုယူပြီး ကပျာကရာ ထွက်လိုက်လာမိသည်။

ကိုသွေးရောင် အခန်းရောက်တော့ အဖျားတွေ တက်နေ၏။

"ဟီး ... ဟီး"

"ဟင်း ဟင်း ဟင်း"

ကိုသွေးရောင် တစ်ကိုယ်လုံး တုန်ပြီးအဖျားတက်နေတာ တွေ့လိုက်ရသည်။

"ကိုသွေးရောင်"

"မောင်သွေးရောင်"

အခန်းထဲမှာ အိမ်တော်စိုးကြီးနှင့် သူမပဲ ရှိနေသည်။

"ကျုပ် အနာအတွက် စိတ်ပူပြီး ဝင်လာတော့ မောင်သွေးရောင် အဖျားတက်နေတာ တွေ့လိုက်ရတာပဲ"

"ဟင်"

ကိုယ်ဒီအပူရှိန်က အတော်လေး မြင့်တက်နေတာ တွေ့လိုက်ရသည်။



နက်နက် ရေပတ်တိုက်ပေးမိ၏။

"ကိုသွေးရောင်"

"ကိုသွေးရောင်"

"နက်နက်"

"ဟင်"

"ကျုပ်ကို ပစ်မသွားပါနဲ့နော်၊ ကျုပ်အနားမှာ မင်း နေပေးစမ်းပါ"

ကိုသွေးရောင် အဖျားကြောင့် ကယောင်ကတန်း ပြောနေခြင်း ဖြစ်သည်။

ဦးဘခေါင် ပြန်ထွက်သွား၏။

အခန်းထဲမှာ ဘယ်သူမှ မရှိတော့ ...

"နက်နက်"

နက်နက် နာမည်လေးကို တမ်းတမ်းတတ ခေါ်နေသည်။

"နက်နက် ... ကိုယ် နက်နက်ကို ချစ်တယ်"

ဘုရားရေ ...

နက်နက် အထိတ်တလန့် ဖြစ်သွားမိသည်။

ကိုသွေးရောင် စကားတွေကြောင့် ရင်တွေ တဒိန်းဒိန်း ခုန်သွား၏။

"နက်နက်"

"နက်နက်"

နက်နက် မလှုပ်ရဲ ...

www.burmeseclassic.com

www.burmeseclassic.com



ရေပတ်တိုက်ရင်း ကိုသွေးရောင်ကို ငေးကြောင်စွာ ကြည့်နေမိသည်။

"နက်နက် ကိုယ့်ကို ထားခဲ့ပြီး ဘယ်မှ မသွားပါနဲ့နော်"

ရေပတ်တိုက်ပေးပြီး ဆေးတိုက်လိုက်သည်။

သူ ...

ငြိမ်သက်သွားသည်။

အိမ်တော်စိုးကြီး အဘခေါင်က ဘာလို့ ထွက်သွားရတာလဲ ...

နက်နက်လည်း ပြန်ထွက်သွားရင် ကောင်းမလားဟု တွေးမိနေသည်။

ထွက်သွားလို့ မဖြစ်ဘူး ...

သူ တစ်ယောက်တည်း အဖျားတက်နေရင် အခက်ပဲ ...

ရှင့်အတွက် စိတ်ပူနေတယ် ...

သိရဲ့လားဟင် ...

အခန်းထဲက ထွက်သွားဖို့ ဝန်လေးနေမိသည်။

ကိုသွေးရောင်ကို စိတ်ပူတယ် ...

သူမ ...

အိပ်ငိုက်လာပြီး ခုတင်ပေါ်မှာ မှောက်အိပ်နေမိသည်။

သွေးရောင် လန့်နိုးလာ၏။

မျက်လုံးတွေ ဖွင့်လိုက်တဲ့ အချိန်တွင် မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရတော့သည်။



"နက်နက်"

သူ ...

အံ့ဩသွားမိသည်။

နက်နက် ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ ...

"နက်နက်"

"ဟင်"

"မင်း ... မင်း ဘယ်လိုလုပ်ပြီး ဒီအထဲ ရောက်နေရတာလဲ"

"ရှင် ... ရှင် အဖျားတွေ တက်နေလို့ အိမ်တော်စိုးကြီးက လာခေါ်လို့"

"အိမ်တော်စိုးကြီးရော"

"ပြန်သွားပြီ"

"မင်း ... မင်းရော ဘာလို့ မပြန်ပဲ ဒီမှာနေရတာလဲ"

"ရှင့်ကို စိတ်မချလို့ပေါ့၊ ကျွန်မ ပြောသားပဲ၊ အနာရှိန်ကြောင့် အဖျားတက်နိုင်တယ်လို့"

နက်နက်ကို ကြည့်မိသည်။

ဦးကျော့မောင်ကြီးနှင့် ပတ်သက်ဆက်ဆံခဲ့သူအဖြစ် သူ အထင်သေးနေမိ၏။

ဒါပေမဲ့ ...

သူမ ...

မျက်နှာလေးက ရီးသားနေသည်။

နက်နက် ...

www.burmeseclassic.com

www.burmeseclassic.com



မင်းကြောင့် ကိုယ် ဒီဒဏ်ရာတွေ ရလာခဲ့တာလေ။

မြသွေးရောင်ကို အမြန်ဆုံး ပြန်ရောက်လာတာလည်း နက်နက်ကြောင့်ပဲ ဖြစ်သည်။

မိန်းမတွေကို စိတ်မဝင်စားခဲ့သော သူသည် နက်နက်ကို တွေ့တော့ ကြမ်းတမ်းခက်ထန်တဲ့စိတ်တွေ ပျောက်သွားခဲ့ရ၏။

"နက်နက်"

"ရှင်"

"ကျေးဇူးပဲ"

"ရှင် သက်သာလား"

"သက်သာတယ်"

သူမ ...

အဖျားတိုင်းကြည့်သည်။

အနာကို ဆေးထည့်ဖို့အတွက် သူမ ပြင်ဆင်ပေးနေမိသည်။

"နက်နက်"

"ရှင်"

"ဦးကျော့မောင်နဲ့ မင်း လုံးဝမပတ်သက်နဲ့နော်၊ ကျုပ်စိတ်မချဘူး"

နက်နက် မျက်ဝန်းလေးတွေကို သူ စူးစိုက်စွာ ကြည့်နေမိသည်။

သူ့ဘဝမှာ ပထမဆုံးအကြိမ် စိတ်ဝင်စားမိသည့် မိန်းကလေး ...



"ရှင့်အနာက အရမ်းရင်းနေတယ်၊ ဒီဒဏ်ရာကို ရှင် ပေါ့ပေါ့မနေပါနဲ့၊ ဆေးမှန်မှန်ထည့်ရမယ်"

"အင်း"

"အနာကျက်ဆေးနဲ့ အဖျားပြတ်ဆေးကို ဂရုတစိုက် သောက်နော်"

"အင်း"

"တောထဲကိုလည်း ထပ်သွားဖို့ မစဉ်းစားနဲ့တော့နော်"

"အင်း"

"ဘာ အင်းလဲ"

"နက်နက် ပြောတာတွေကို ကျုပ် ထောက်ခံတာလေ"

သူ့မျက်ဝန်းတွေက ကြည်လင်တောက်ပနေသည်။

နက်နက်နှင့် အကြည့်ချင်း ဆုံမိသွားတော့၏။

"နက်နက်"

"ရှင်"

"ကိုယ် မင်းကို ပြောစရာရှိတယ်"

"ပြောလေ"

ရည်းစားစကား ပြောမလို့လား ...

မြသွေးရောင်က လူတွေက နက်နက်ကို လက်ထပ်ခွင့် တောင်းနေကြသည်။

ကိုသွေးရောင်ကရော ...

"နက်နက်ကို ကိုယ် လက်ထပ်ချင်တယ်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်းကို ကိုယ်ချစ်တယ်"

"အို"

တခြားသူတွေနဲ့ မတူဘဲ သူမ ရင်တွေတထိတ်ထိတ်ခုန်ရသည်။

ခေါင်းလေးကို ငုံ့ပစ်လိုက်မိ၏။

"ကိုယ့်ဘဝမှာ ကိုယ်စပြီး ချစ်ခဲ့မိတာလည်း နက်နက်ပါပဲ၊ ကိုယ့်ရဲ့ အချစ်ဦးပါ"

ရှင် ...

ဒီစကားတွေတော့ ပြောတတ်တာပဲ ...

ကိုသွေးရောင် ပြောတာမှ ဟုတ်ရဲ့လားလို့ တွေးမိနေသည်။

"မင်း အရင်းအံ့ဩနေလား နက်နက်၊ ကိုယ် တောထဲကနေ အမြန်ဆုံး ပြန်လာတာ မင်းကို သတိရနေလို့ပဲ"

"ရှင် တကယ်ပြောတာလားဟင်၊ ကျွန်မ အိပ်မက် မက်နေတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ် တကယ်ပြောတာပါ နက်နက်၊ ကိုယ့်ဘဝအတွက် မင်း လိုအပ်တယ်၊ ကိုယ့် အထီးကျန်နေတဲ့ ဘဝတွေကို ငြီးငွေ့လာပြီ"

ကိုသွေးရောင် ...

ရှင် ...

ကျွန်မကို မုန်းသွားမှာပါ ...

ရှင့်အမေကို ထောင်ထဲပို့ဖို့ ကျွန်မ ရောက်လာတာပဲလေ ...



"ကျွန်မ သွားတော့မယ်"

"နက်နက်"

"ရှင် ကျွန်မကို တစ်နေ့ မုန်းသွားမှာပါ"

"ကိုယ် နက်နက်ကို ဘာလို့ မုန်းသွားရမှာလဲ၊ ကိုယ့်ကို နက်နက် မယုံတာလား"

"နက်နက် သွားတော့မယ်"

"နက်နက်"

သူမ ...

ထွက်လာခဲ့သည်။

ကိုသုတရော ...

ဦးကျော့မောင်ရော ...

ကိုသွေးရောင်ကရော သူမအား လက်ထပ်ခွင့်တောင်းကြသည်။

မြသွေးရောင်ရဲ့ ရှုပ်ထွေးနေမှုတွေကို ရှင်းပစ်ဖို့ ကျွန်မ ရောက်လာတာပါ ...

ကိုနန္ဒ သေဆုံးမှုအတွက် သက်သေမကင်း ဖြစ်ရတာက ရှင့်အမေနဲ့ ဦးကျော့မောင်တို့ပဲ မဟုတ်လား ...

ကျွန်မ ရောက်လာတာ ကောင်းသောလာခြင်းမှ မဟုတ်တာပဲ ...

"နက်နက်ရီ ... နင် ကိုကို့အခန်းထဲ ဘာဝင်လုပ်တာလဲ"

"ရှင့်အစ်ကို အဖျားတွေ တက်နေလို့ အိမ်ရှေ့ကို ဆိုးကြီး ဆွဲလာခေါ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်စိုးကြီးလည်း မရှိပါလား၊ ရှင် ယောကျ်ားလေး တစ်ယောက် အခန်းထဲ ဘာဝင်လုပ်တာလဲ"

မြကလျာ မနက်အစောကြီး အားကစားလေ့ကျင့်ခန်း လုပ်ရင်း ကိုကိုကို ဝင်ကြည့်ခြင်း ဖြစ်သည်။

"ဒီမှာ"

"ကျွန်မ အလုပ်ရှိသေးတယ် မြကလျာ"

သူမ ...

ထွက်လာခဲ့သည်။

မြသွေးရောင်မှာ ရှိတဲ့လူတွေအားလုံးနှင့် ရင်ဆိုင် နိုင်ဖို့ နက်နက် အင်အားတွေ မွေးထားမိ၏။

အမျှားကြီး ရှင်းရဦးမယ် ...

"မြသွေးရောင်မှာရှိတဲ့ ယောကျ်ားတွေကို လိုက်ပြီး မြှူဆွယ် သွေးဆောင်ပြီး မချူနဲ့နော်"

နက်နက် အတွက်ကတော့ အတွေ့အကြုံ ရင်ကျက် ပြီးဖြစ်၍ မတုန်လှုပ်တော့ ...

တစ်နေ့ ...

နက်နက် ဘာလဲဆိုတာ သိစေရမယ် ...

ကိုသွေးရောင်နှင့် ပတ်သက်ပြီးတော့ စိတ်မကောင်း ဖြစ်ရသည်။

နက်နက်ကို ချစ်တယ် ...

လက်ထပ်ပါရစေတဲ့ ...

ရှင် ...



ကျွန်မကို မုန်းသွားမှာပါ ...

အရမ်းနာကြည်းနေမှာပါ ...

အခန်းထဲ ပြန်ရောက်တဲ့အထိ နက်နက် စိတ်တွေ လှုပ်ရှားနေဆဲဖြစ်သည်။

ကျွန်မ ...

ဦးကျော့မောင်နဲ့ ပေါင်းရမယ် ...

ကျွန်မရဲ့ တာဝန်အရ ကျွန်မ ထမ်းဆောင်ရမှာပဲ လေ ...

"ကိုယ် နက်နက်ကို ချစ်တယ်၊ လက်ထပ်ပါရစေ၊ ကိုယ့် ဘဝမှာ နက်နက်ဟာ ပထမဆုံး ချစ်မိသွားတဲ့သူပါ"

ကိုသွေးရောင် ထံမှ ထိုစကားမျိုးတွေ ကြားရလိမ့် မည်ဟု မထင်မိပေ။

ရင်တွေခုန်နေဆဲပင် ...

"ကျွန်မ ရှင့်ကို ချစ်ပါတယ်"

စိတ်ထဲကနေ တိတ်တိတ်လေး ရေရွတ်နေမိသည်။

ကျွန်မဘဝမှာလည်း ပထမဆုံး ချစ်မိသွားတဲ့ သူက လည်း ရှင်ပါပဲ ...

မြသွေးရောင်မှာ နေရတာ စိတ်တွေ တုန်လှုပ် ချောက်ချားစရာ ဖြစ်နေသည်။

ဦးကျော့မောင်ကို သူမ ဘယ်နည်းနဲ့မှ ရှောင်လို့ မဖြစ်ပေ။

မလွဲမသွေ ပတ်သက်ဆက်ဆံရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတကိုတော့ မိတ်ဆွေအဖြစ်သာ နက်နက်ခံစားရှာရ၏။

စိတ်ဝေဒနာရှင် တစ်ယောက် စိတ်တည်ငြိမ်မှုရှိစေရန် နက်နက် ကြိုးစားရမည်။

သူမအတွက် မြသွေးရောင်က အန္တရာယ်တွေနှင့် ရောပြွမ်းနေတဲ့ နေရာကြီး ဖြစ်နေသည်။



## အခန်း(၂၂)

ကိုသုတ အခန်းထဲ ရောက်တော့ သူမ အံ့လွန်အမင်း အံ့ဩသွားရသည်။

မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေသော ကိုသုတကို တွေ့ရ၏။

"ကိုသုတ"

"မင်း ထွက်သွား၊ မင်းကို ငါ အလိုမရှိတော့ဘူး၊ မင်းဟာ တို့မိသားစုတွေကို ဖြိုခွင်းဖို့လာတဲ့ မိန်းမ"

"ကိုသုတ စိတ်ကိုထိန်းပါ၊ ရှင် အထင်မှားနေပြီ၊ ကျွန်မက ရှင့်အတွက် ရောက်လာတာပါ"

"ဘာ ရှင့်အတွက်၊ မင်း ... မင်း ငွေမက်တဲ့မိန်းမ ကိုကျော့မောင်နဲ့ ဖောက်ပြန်နေတာ"

"မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး၊ ကျွန်မ ဦးကျော့မောင်ကို လူမှုရေးအရ စကားပြောမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော့မောင်နဲ့ မိမိ ပတ်သက်တဲ့ကိစ္စကို ဘယ်သူ သွားထောင်တာလဲ ...

ဂျင်မ လား ...

သူမအား မြသွေးရောင် စံအိမ်ကြီးထဲကနေ လွင့်ထွက်သွားအောင် လုပ်ဆောင်ခြင်း ဖြစ်သည်။

"မင်း ပြန်တော့၊ မင်းကို ငါမလိုလားတော့ဘူး၊ မင်းအခု ဘယ်ကပြန်လာတာလဲ၊ သွေးရောင်ဆီက မဟုတ်လား"

"ကိုသွေးရောင် နေမကောင်းလို့ အိမ်တော်စိုးကြီးက လာခေါ်လို့ပါ၊ ရှင့်အချစ်ဆုံးတူလေ"

"ဘာ"

နက်နက်နီကို သူအရမ်းချစ်မိသည်။

ဒါပေမဲ့ ...

ဒီမိန်းမက ရှုပ်ထွေးချင်သည်။

မမကြီး လာတယ် ...

ကိုကျော့မောင်နဲ့ နက်နက်နီ ဖောက်ပြန်နေ၍ စိတ်သောက ရောက်နေရကြောင်း ငိုပြီးလာပြောသည်။

နက်နက်နီက သွေးရောင်နှင့်လည်း ရှုပ်ထွေးချင်နေ၏။

"မင်းကို အလိုမရှိဘူး၊ မင်း ငါ့အနားမှာ မနေနဲ့တော့"

"ကိုသုတ"

"ထွက်သွားလေ"

ကိုသုတရဲ့ မျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင် တင်းမာခက်ထန်နေသည်။



နက်နက် စိတ်ပူသွားမိ၏။

မဖြစ်ဘူး ...

ရှင့်အနားမှာ ကျွန်မ နေမှဖြစ်မယ် ...

မြသွေးရောင်မှာ ရှင့်ကို လိုလားကြတာ မဟုတ်ပါဘူး။

"ကိုသုတ ... ကျွန်မကို အထင်မလွဲပါနဲ့၊ ရှင်ထင်သလို မဟုတ်ပါဘူး၊ ကျွန်မက ရှင့်ကို စောင့်ရှောက်ဖို့ ရောက်လာတာပါ"

"ငါ မယုံဘူး၊ မင်းကို ငါ လုံးဝမယုံဘူး၊ မင်း ထွက်သွားတော့၊ ကိုကြီးလည်း သေပြီ၊ မင်း မလိုအပ်တော့ဘူး၊ သွား ... ထွက်သွားလေ"

သုတ ...

အော်ဟစ်မောင်းထုတ်ပစ်နေမိသည်။

နက်နက်နီကို မလိုလားတော့ဘူး ...

သစ္စာမရှိတဲ့ မိန်းမ ...

ငွေမက်တဲ့ မိန်းမ ...

ကိုယ်ကျင့်တရား ပျက်ပြားတဲ့ မိန်းမ ...

"ငါ့မမကြီး စိတ်သောကရောက်အောင် မင်း လာလုပ်တာပဲ၊ ငါ့ကိုလည်း မင်း လာလိမ်တာ"

"ကိုသုတ"

"မင်း ထွက်သွားလေ"

ဒေါသတွေ ပေါက်ကွဲချင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကို ယုံမိတာ မှားတယ် ...

"မင်းက ငါ့ယောက်ဖရော ငါ့တူရောကိုပါ အပိုင်ချိုင်ချင်တာပေါ့လေ"

ကိုသုတလို စိတ်ဝေဒနာရှင် တစ်ယောက်ကို စိတ်ရှုပ်ထွေးနောက်ကျိအောင် ဘယ်လိုလူတွေက လုပ်တာလဲ ...

ဂျင်မလား ...

ဒေါ်စန္ဒီလား ...

"ငါ့အစ်မ လာပြီး ငိုတယ်၊ မင်း ဖောက်ပြန်နေလို့တဲ့၊ ဦးကျော့မောင်လို လူတစ်ယောက်ကို မင်း ဘာလို့ ပတ်သက်ရတာလဲ"

"ကျွန်မ ဘာမှ ရှင်းပြမနေနိုင်ဘူး ကိုသုတ၊ ရှင့်အနားကနေ ကျွန်မ ထွက်မသွားနိုင်ဘူး"

"ထွက်သွား ... မြသွေးရောင်ကနေ မင်း ထွက်သွား၊ မင်းကို အလိုမရှိတော့ဘူး၊ မင်း ဘာလို့ ဒီမှာတွယ်ကပ်နေရတာလဲ"

"ဝုန်း"

"ဒိုင်း"

"ဝုန်း"

"ဒိုင်း"

တွေ့တဲ့ပစ္စည်းတွေကို ပစ်ပေါက် ရိုက်ခွဲနေတော့သည်။

"ကိုသုတ"



"မင်း ထွက်သွား၊ မင်းကို ငါ အလိုမရှိတော့ဘူး၊ မြသွေးရောင်က ယောကျ်ားတွေကို ဖြားယောင်းသွေးဆောင်ဖို့ ရောက်လာတဲ့ မိန်းမပဲ"

"ကိုသုတ ... ရှင့်စိတ်တွေကို ထိန်းပါနော်၊ ကျွန်မက ရှင့်အကျိုးအတွက် နေတာပါ"

"မလိုဘူး ... နင် ထွက်သွားတော့၊ ငါ တစ်ယောက်တည်းပဲ နေမယ်"

ဒေါ်စန္ဒီ ...

ရှင်ကြီးစနက်ပဲ ...

ကိုသုတ စိတ်ဝေဒနာတွေ ခံစားနေရမှ ရှင်ကြီးက အမွေတွေ ခွဲမပေးရမှာ ...

"ဝုန်း"

"မင်း ထွက်သွားစမ်း"

ဒေါ်စန္ဒီနှင့် ဂျင်မ ရောက်လာသည်။

"နက်နက်နီ ...ကျုပ် မောင်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာလို့ လုပ်နေရတာလဲ"

"ကျွန်မ ကိုသုတ အနားကနေ ဘယ်မှမသွားနိုင်ဘူး"

"ညည်း ဘာကိစ္စ တွယ်ကပ်နေတာလဲ၊ ကျုပ်မောင်ကမှ မလိုလားတာပဲ"

ဒေါ်စန္ဒီ ...

ရှင်ကြီး တော်တော်အကျင့်ယုတ်မာ ကောက်ကျစ်တာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုသုတက ရှင့်မောင်ပါ ...

နက်နက် ဘယ်လိုလုပ်ရမလဲ ...

ဘာကိုမှ လက်ပူးလက်ကျပ် သက်သေအထောက်အထား မရသေးပေ။

ဒေါ်စန္ဒီကို ဖမ်း၍မရ ...

"ညည်းသွားတော့၊ မောင်လေးသုတ ကိုယ်တိုင်က သူ့အနားမှာ ညည်း ရှိနေတာကို မနှစ်သက်ဘူး"

နက်နက်ကို မြသွေးရောင်မှာ မရှိစေရန် ဒေါ်စန္ဒီ လုံးပမ်း နေမိသည်။

ကိုကျော့မောင်နဲ့လည်း မရှင်းဘူး ...

သုတရော ...

သွေးရောင်ကိုရော ...

ညည်း ဖြားယောင်းသိမ်းသွင်းနေတာ ငါမသိဘူး ထင်လား။

"သုတ"

"ဗျာ ... မမ"

"ဒီကောင်မလေးကို မင်း မလိုလားဘူး မဟုတ်လား"

"ဟုတ်တယ် မမ၊ ကိုယ်ကျိုးအတွက် ဒီမိန်းမက သုတအနား ကပ်နေတာပါ"

"ကြားတယ် မဟုတ်လား နက်နက်နီ၊ ညည်း ဒီမှာ နေစရာ လုံးဝမလိုတော့ဘူး"

"ဟုတ်တယ် ... မမပြောတာ မှန်တယ်၊ ငါ့အနားကို မင်း လုံးဝလာစရာမလိုတော့ဘူး"



ကိုသုတကပါ မောင်းထုတ်နေ၍ နက်နက် ထွက်လာခဲ့ရသည်။

ရှင့်အတွက် ကျွန်မ အရမ်းစိတ်ပူတယ် ...

ဒေါ်စန္ဒီနဲ့ ဂျင်မက ရှင့်ကို ဒုက္ခပေးကြမဲ့ သူတွေပါ ...

"နက်နက်"

"ဟင်"

ဦးကျော့မောင် ...

"ဘာဖြစ်နေတာလဲ"

"ကျွန်မ ဒီကနေ ထွက်သွားတော့မယ် လေးလေးမောင်"

"ဟင် ... ဘာလို့ ထွက်သွားရမှာလဲ၊ မင်းကို ဘယ်သူက ထွက်သွားခိုင်းတာလဲ"

"ဒေါ်စန္ဒီကပါ"

"သုတကရော"

"ကိုသုတလည်း ကျွန်မကို အထင်လွဲပြီး အနားမှာ မနေနဲ့တော့တဲ့၊ ကျွန်မ ဒီအလုပ်ကနေ ထွက်ဖို့ပဲရှိတော့တယ်"

"မင်း မသွားရဘူး"

"ကိုသုတကမှ ကျွန်မကို မလိုလားတော့တာပဲ၊ ကျွန်မ ဘယ်လိုလုပ်ပြီး ဆက်နေမလဲ"

"ကိုယ် နေခိုင်းတယ်၊ စန္ဒီ့ကို ဘာမှဂရုစိုက်စရာ မရှိဘူး"

ကိုသုတ အတွက် နက်နက် စိတ်ပူနေမိတာကတော့ အမှန်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်တော့မယ် ...

ရှင့်အသက်အန္တရာယ်ကို ထိခိုက်သွားမှာ စိတ်ပူလိုက်တာ ...

"နက်နက်"

"ဟင်"

"လာ"

"ဘယ်လဲ"

"မင်းကို လေးလေးမောင် တိုင်ပင်စရာရှိတယ် နက်နက်"

"ရှင်"

ဦးကျော့မောင် ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့မိသည်။

အရေးကြီးတာက ဦးကျော့မောင်နဲ့ ဒေါ်စန္ဒီတို့ရဲ့ အကြံအစည်တွေကိုပဲ ဖြစ်၏။

"နက်နက်"

"ရှင်"

"စန္ဒီက သုတကို ရှင်းပစ်ချင်နေတာ"

"ရှင်"

"ကျုပ်ကတော့ သူ့အရှိန်နဲ့သူ လွှတ်ထားပြီး ထောင်ဖမ်းမယ်"

"ဟင်"

"သုတကို ရှင်းလိုက်ရင် စန္ဒီ ထောင်ကျမယ်လေ၊ လေးလေးမောင်တို့အတွက် ရှင်းသွားပြီပေါ့"



တော်တော်ယုတ်မာတဲ့ လူတွေပါလား ...

"လေးလေးမောင်"

"ဟင်"

"ကိုနက္ခကိုရော ဘယ်သူ ရှင်းပစ်တာလဲ"

မေးနေတုန်း ရှိသေးတယ် ဒေါ်စန္ဒီ ရောက်လာသည်။

"ဟင် ... ကိုကျော့မောင်၊ ရှင်တို့က ဒီမှာလာပြီး ချိန်းတွေ့နေတာပဲကိုး"

"စန္ဒီ ... မင်း ပါးစပ်ကို ပိတ်ထားစမ်း၊ ကျယ်လောင်ကျယ်လောင် လာမလုပ်နဲ့"

ဒေါ်စန္ဒီ့လက်ကို ဆွဲပြီး ဦးကျော့မောင် ခေါ်သွားတော့သည်။

နက်နက် စိတ်ပူစွာဖြင့် ကျန်ခဲ့၏။

ကိုသုတ ...

စိတ်ဝေဒနာရှင် ...

တစ်ခုခု ဖြစ်သွားမှာစိုး၍ ဘယ်လိုကာကွယ်ရမှန်းမသိ ဖြစ်နေသည်။

ကိုသုတ အခန်းကို နက်နက် ပြန်ရောက်သွား၏။

ဂျင်မ ရှိနေသည်။

"ညည်း ဘာလာလုပ်တာလဲ"

"ကျွန်မမှာ တာဝန်ရှိတယ်၊ ကိုသုတကို စောင့်ရှောက်ရမယ်လေ"

ကိုသုတက သူမအား ဒေါသတွေ ပေါက်ကွဲချင်တဲ့ မျက်ဝန်းတွေနှင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသုတ"

"မင်း လာပြန်ပြီလား၊ ငါ့စိတ်တွေ ပေါက်ကွဲအောင် မင်း လာလုပ်နေတာလား"

ကိုသုတကတော့ နက်နက်အား လုံးဝလက်မခံတော့ပေ။

"လေးလေးသုတက စိတ်ဝေဒနာရှင်နော်၊ ရှင် စိတ်အနှောင့်အယှက်ဖြစ်အောင် လာမလုပ်ပါနဲ့"

နက်နက် မသွားလိုပေ။

ကိုသုတကို အသက်အန္တရာယ်ရှိနေတာ သူမ အသိဆုံးပင် ဖြစ်သည်။

စောင့်ရှောက်ရမယ် ...

ဦးကျော့မောင်နဲ့ ဒေါ်စန္ဒီကို ဖမ်းချုပ်လိုက်ရင် ကောင်းမလား ...

ခိုင်မာတဲ့ သက်သေအထောက်အထားကလည်း မရှိသေးပေ ...

မမဂျယ်လီ လာပါစေ ...

ကိုသုတကို ဘယ်လိုကယ်တင်ရမလဲဆိုတာ စဉ်းစားနေမိသည်။

"ညည်းကိုမှ လက်မခံတော့တာပဲ၊ ညည်း ပြန်တော့လေ"

နက်နက် ဘာဆက်လုပ်ရမလဲ ...

ကိုသွေးရောင်ကို သတိရမိလာရသည်။

အဖျားကျသွားပြီလား ...



လေးလေးသုတကို အနီးကပ် စောင့်ရှောက်ပေးဖို့ ပြောချင်မိသည်။

ယုံပါ့မလား ...

နက်နက် သူမ အိပ်ခန်းဆီသို့ ပြန်လာခဲ့သည်။

ရင်ထဲမှာ လေးလံနေ၏။

နက်နက် ဘာဆက်လုပ်ရမလဲ ...

မမဂျယ်လီဆီကို ခိုးပြီးအဆက်အသွယ် လုပ်ရသည်။

"မမ ... သူတို့ အကောက်ကြံနေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သက်သေအထောက်အထားက မရှိသေးဘူး"

"ခဏစောင့်၊ မမ ထွက်လာဖို့ ကြိုးစားနေတယ်"

"ကျွန်မ ကိုသုတ အတွက် စိတ်ပူနေတယ်"

"စောင့်ကြည့်ထားပါ၊ ဦးကျော့မောင်ဆိုက သတင်းနှိုက်၊ ဘာဖြစ်လဲ၊ ဘယ်သူတွေ ဘာပဲထင်ထင် ဂရုမစိုက်နဲ့၊ ညီမလေး လုပ်သင့်တာပဲ ဆက်လုပ်ပါ"

"ဟုတ်ကဲ့"

"မမ လာဖို့ဟာ ဒီမှာ နည်းနည်းကိစ္စရှိနေသေးလို့၊ မကြာခင် ရောက်လာမှာပါ နက်နက်၊ မပူပါနဲ့ အောင်မြင်မှာပါ"

ဂျင်မကတော့ လေးလေး သုတကို လုပ်ကြံမှာ မဟုတ်ပေ။

ကိုသုတ အနားကပ်ပြီး ငွေကြေးအရပဲ ချူပူချင်နေတာပါ ...

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီပဲ ...

လောဘရမက်ကြီးတဲ့ မိန်းမကြီး ...

မောင်အရင်းခေါက်ခေါက်ကိုတောင် ရက်စက်ခဲ့သည်။

ကိုနန္ဒ ...

လုပ်ကြံခံရတာပဲ ...

ဦးကျော့မောင် ဆိုတဲ့ လူကြီးလည်း ကြံရာပါ ဖြစ်နိုင်သည်။

ကိုသုတကိုပဲ မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ပဲ ဖြစ်၏။

"နက်နက်ကို လက်ထပ်ပါရစေ၊ ကိုယ့်ဘဝမှာ ပထမဆုံး ကိုယ်ချစ်ရတဲ့ မိန်းကလေးပါ နက်နက်ရယ်"

ကိုသွေးရောင် ပြောတဲ့စကားတွေကို ကြားယောင်လာမိသည်။

ရှင် ...

တစ်နေ့ကျရင် ...

နက်နက်ကို အမုန်းကြီး မုန်းသွားမှာပါ ကိုသွေးရောင်ရယ် ...

အခန်းအပြင် ထွက်လာခဲ့သည်။

ဦးကျော့မောင်နဲ့ ဒေါ်စန္ဒီတို့ကို အမြန်ဆုံး ဖမ်းနိုင်ဖို့ ကြိုးစားရမည်။

နက်နက် ဘယ်သူ့ကိုမှ မငဲ့ညှာ မထောက်ထားနိုင်ပါဘူး ...



ကိုနန္ဒက မြသွေးရောင်ရဲ့ မာယာထောင်ချောက်တွေကို ရှင်းလင်းပေးဖို့ မမထံတွင် အကူအညီ တောင်းခံခဲ့သည်။

နက်နက်ကို တာဝန်ပေးလိုက်၏။

ရှုပ်ထွေးနေတဲ့ အစအနတွေကိုတော့ နက်နက် ရှာဖွေတွေ့ရှိနေပြီ ဖြစ်သည်။

မကြာခင် ...

ရှင်းတော့မှာပါ ...

နက်နက် ...

ကိုသွေးရောင်ကို ချစ်မိနေပြီ။

ဒါပေမဲ့ ...

နက်နက် တာဝန်တစ်ခုကိုတော့ ကျေပွန်အောင် ထမ်းဆောင်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"ရှင် ကျွန်မအပေါ် သစ္စာမဲ့မယ်လို့တော့ မကြံနဲ့နော်"

"မင်းလည်း ငါ့ကိစ္စတွေမှာ ဝင်မရှုပ်နဲ့"

"ရှင် ဒီမိန်းကလေးကိစ္စကို ရှင်းအောင် ခုထိမနေနိုင်သေးဘူးလား"

"ငါ့ဝါသနာပဲ၊ မင်း ဝင်မရှုပ်စမ်းပါနဲ့၊ မင်းအကြံအစည်အတိုင်းသာ ဆက်ကြိုးစားစမ်းပါ"

"ကျွန်မကို ရှင် ဒုက္ခပေးရင် ရှင်လည်း ကြံရာပါနော်"

"ငါ မင်းနဲ့ အမြဲတမ်း ပူးပေါင်းမှာပါ စန္ဒီရယ်၊ ဟိုကောင်မလေးနဲ့ ပတ်သက်တာ ငါ့ဝါသနာအရပဲ"

ဦးကျော့မောင်ကတော့ စန္ဒီ့ကို အချိုသတ်ထားလိုက်သည်။

ဒီမိန်းကလေးကို ထောင်ချောက်ဆင်ရမယ် ...

နက်နက်နီကိုတော့ ဦးကျော့မောင် စွဲလမ်းနှစ်သက်နေပြီဖြစ်သည်။



ရအောင် ယူရမယ် ...

စန္ဒီ ...

မင်းက အဘွားကြီးပဲ ...

ထောင်နန်းစံတော့ ...

"ကျွန်မက ကျွန်မတို့ မိသားစုတွေ ကောင်းစားရေးအတွက် လုပ်တာပဲ"

"ငါ သိပါတယ် စန္ဒီရာ၊ တို့ကို ဒုက္ခပေးနေတာက သုတပဲ"

"ကျုပ် ရှင်းဖို့ ကြိုးစားနေပါတယ်၊ ဟိုဟာမလေးကို ပ,ထုတ်ဖို့ အဓိကပဲ"

ဦးကျော့မောင်ကလည်း နက်နက်ကို တစ်နေရာရာမှာ သွားထားဖို့ စဉ်းစားနေမိသည်။

မြသွေးရောင်မှာ မထားလိုတော့ ...

နက်နက်နီကို ပြောရမယ် ...

"ကျွန်မကို အကောက်ကြံဖို့တော့ မကြိုးစားနဲ့နော်"

"စန္ဒီရာ ... မင်းနဲ့ကိုယ်က ပြောရမဲ့လူတွေလား၊ ဒီလောက်ပေါင်းလာတာ နှစ်တွေတောင် အတော်ကြာနေပြီပဲ"

ဒေါ်စန္ဒီကလည်း လျှင်လိုက်တာမှ ပါးလျှပ်နေသည်။ ဦးကျော့မောင်ကို မယုံတော့ပေ။

ဟိုဟာမလေးက မြသွေးရောင်က ယောက်ျားတွေကို ဖြားယောင်းသွေးဆောင်ပြီး ဒုက္ခပေးဖို့ ရောက်လာတာပဲ။

သွေးရောင်တောင် ဒီကောင်မလေးကို သဘောကျနေပုံပင်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ...

သားနဲ့လည်း ငြိသွားမှာ စိုးရိမ်နေရတယ် ...

နက်နက်နီကို ဒီကနေ ထွက်သွားအောင် ကြိုးစားရမယ် ...

"စန္ဒီ"

"ဟင်"

"မင်း မောင်သုတကို ရှင်းဖို့ မင်း လုပ်သင့်နေပြီနော်"

"ကျွန်မတာဝန်ယူပါတယ် ကိုကျော့မောင်၊ ရှင်သာ ဒီကောင်မလေးနဲ့ အဆက်အသွယ် ဖြတ်ပါ"

"မင်း သဘောပါပဲ စန္ဒီ၊ နက်နက်ကို ဒီကနေ ထွက်သွားခိုင်းလိုက်မယ်"

ကိုကျော့မောင်ကိုလည်း ဒေါ်စန္ဒီ သိပ်ပြီး မယုံကြည်တော့ပဲ ဖြစ်နေသည်။

သင်းက မိန်းမတွေနဲ့ ရှုပ်ချင်တယ် ...

မယုံရဘူး ...

"သုတအတွက် စိတ်ချပါ၊ စိတ်ဝေဒနာရှင်ဖြစ်နေရင်လည်း စန္ဒီပဲ အမွေထိန်းရမှာ"

ကိုကျော့မောင်ကိုလည်း စန္ဒီ မဆန့်ကျင်ရဲပေ။

မြသွေးရောင်မှာ မကောင်းမှု ဒုစရိုက်တွေကို ပူးပေါင်းကြံစည်ခဲ့ကြသည်။

စန္ဒီ့ လုပ်ရပ်တွေကို အသိဆုံး ဖြစ်တာက ကိုကျော့မောင်ပဲ ...



နက်နက်နီ ...

ညည်းရော ဘာလာရှုပ်တာလဲ ...

ကျုပ်ကိစ္စမှာ ဝင်ရှုပ်ရင်တော့ ညည်း မလွယ်ဘူး ...

အခိက ...

နက်နက်နီကို မောင်းထုတ်ပစ်ရမှာပဲ ဖြစ်သည်။

သွေးရောင်ကလည်း နက်နက်နီကို မုန်းသွားအောင် လုပ်ပစ်ရမယ် ...

"ကိုယ်အပြင်သွားလိုက်ဦးမယ် စန္ဒီ"

"အင်း"

ဦးကျော့မောင် အပြင်ထွက်မည့် အရောင်ပြပြီး နက်နက်နီဆီ ရောက်သွားသည်။

မြသွေးရောင်က လူတွေ ကိုယ့်အခန်းထဲ ကိုယ်နေသဖြင့် အပြင်မှာ လှုပ်ရှားသမျှ ဘာမှ မသိကြပေ။

"နက်နက်"

"ဟင်"

ဦးကျော့မောင် ပြန်ရောက်လာ၍ နက်နက် အံ့ဩသွားရသည်။

"ဘာကိစ္စရှိလို့လဲ လေးလေးမောင်"

"နက်နက်နဲ့ တိုင်ပင်စရာရှိလို့ပါ"

"ပြောလေ"

နက်နက် အသံဖမ်းစက်ကို အသင့်အနေအထား ဖွင့်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ...

ဦးကျော့မောင်ကို အပြီးသတ် တိုက်ပွဲဆင်ရတော့မှာပဲ ဖြစ်သည်။

ကိုသုတအတွက် အမြန်ဆုံး အကာအကွယ် ပေးရမည်ဖြစ်၏။

"နက်နက်"

"ရှင်"

"ကိုယ် ပြောချင်တာက နက်နက် ဒီကနေ ထွက်သွားပြီး တစ်နေရာရာမှာ ရှောင်နေပါလား"

"ရှင်"

"လေးလေးမောင်မှာ တိုက်တွေ အိမ်တွေရှိတယ်၊ နက်နက်နေဖို့ စီစဉ်ပေးမယ်လေ"

"လေးလေးမောင်"

"ပြော"

"နက်နက် ဒေါ်စန္ဒီ့ကို အရမ်းမုန်းတာပဲ"

"လေးလေးမောင်လည်း ဒီအဘွားကြီးနဲ့ ကွာရှင်းချင်နေပြီ"

"ဒေါ်စန္ဒီက မောင်တွေအပေါ်မှာလည်း သိပ်ပြီး သံယောဇဉ် မရှိသလိုပဲနော် လေးလေးမောင်"

"ဟုတ်တယ်၊ လောဘကြီးတယ်၊ နန္ဒကိုလည်း စန္ဒီပဲရှင်းပစ်တယ်"

"ရှင်"

ဦးကျော့မောင်ရဲ့ စကားသွေ့က တဖြည်းဖြည်းကျွံလာပြီဖြစ်သည်။



"လေးလေးမောင်ကို အရက်တိုက်ခိုင်းတယ်"

ကိုနန္ဒရယ် ...

ကျွန်မ ...

အရောက်နောက်ကျသွားတယ် ...

"ပြီးတော့ အရက်ထဲမှာ ဆေးခတ်လိုက်တယ်"

"အဲဒါက လေးလေးမောင် လုပ်တာတွေလား"

"အင်း"

"လေးလေးက အကြံပိုင်လိုက်တာနော်"

အစတွေ့ပြီ ...

ရှင် ဘာတတ်နိုင်သေးလဲ ...

ကျွန်မ ...

အသံသွင်းထားပြီးပြီ ...

"စန္ဒီက အပြင်ကနေ နန္ဒကို အရေးတကြီး ဖုန်းဆက်ခေါ်လိုက်တယ်၊ နန္ဒ နောက်ဆုံးသောက်တဲ့ ခွက်ထဲမှာ ဆေးပါတယ်"

"မကြာခင် ကားအက်ဆီးဒင့် ဖြစ်သွားတာပဲ မဟုတ်လား"

"ဟုတ်တယ် ... စန္ဒီ့အကြံက အမွေတွေ အားလုံး သူ့လိုချင်လို့ပဲလေ၊ ဒီကိစ္စရှိတော့ စန္ဒီက လေးလေးမောင်ကို ကြောက်ရတယ်"

"ဒီကိစ္စပေါ်သွားရင် လေးလေးမောင်လည်း ကြံရာပါအဖြစ် အရေးယူခံရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မ ဒီကောင်မအကြောင်း စုံစမ်းခိုင်းထားတာ အခုပဲ ရန်ကုန်က ဖုန်းဆက်တယ်"

"ဟင်"

နက်နက် ဘယ်လို လစ်ထွက်ရမလဲ ဆိုတာပဲ စဉ်းစားလိုက်သည်။

အထောက်အထားတွေ ရပြီ။

အသံဖမ်းထားတဲ့ တိတ်ခွေကိုပဲ အိမ်အရ ယူသွားရမည်။

"နက်နက် ... မင်း ... မင်း"

ဦးကျော့မောင် သဘောပေါက်သွားရတော့သည်။

နက်နက်က မိမိကို စုံစမ်းစစ်ဆေးမှုတွေ လုပ်နေ၏။

ဟုတ်ပြီ ...

မရိုးသားဘူး ...

ဦးကျော့မောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေသည်။

"နက်နက်နီ ... မင်း ပိုင်လှချည်လား၊ ငါတို့ကို ဒုက္ခပေးဖို့ မင်းက ရောက်လာတာပေါ့လေ"

"မဟုတ်ပါဘူး လေးလေးမောင်၊ ကျွန်မကို ဒေါ်စန္ဒီက ချောက်တွန်းတာပါ"

"ကောင်မ ... နင် မလိမ်နဲ့၊ နင့်ကို ဒီကနေ လွတ်ထွက်သွားခွင့် မပေးနိုင်တော့ဘူး"



"လေးလေး ငြင်းမှာပေါ့၊ အရက်သောက်တာ မှန်တယ်၊ ဘာသက်သေအထောက်ထားမှ မရှိတာပဲ၊ နန္ဒကိုလည်း မီးသဂြိုဟ်လိုက်ပြီလေ"

မီးသဂြိုဟ်ပြီး အရိုးအိုးအား ဂူသွင်းလိုက်ခြင်းဖြစ်သည်။

"ဘာအထောက်အထားမှ မရှိဘဲ ဘယ်လိုလုပ်ပြီး အရေးယူမလဲ"

နက်နက် အသံသွင်းထားပြီး ဖြစ်သည်။

ဦးကျော့မောင်နဲ့ ဒေါ်စန္ဒီကို ဖမ်းဖို့ပဲ ရှိတော့သည်။

"နက်နက်နီ"

"ဟင်"

ဒေါ်စန္ဒီ ...

"နင် ဘာကောင်မလဲဆိုတာ ငါ သိပြီ"

"ရှင် ..."

"ဘာရှင်လဲ၊ ကိုကျော့မောင် ရှင် သူ့ကို ဘာတွေ သွားပြောလဲ"

"စန္ဒီ ... မင်း ဘာဖြစ်ကာလဲ၊ ငါကိစ္စကို ဝင်မရှုပ်ပါနဲ့လို့ ပြောထားတယ် မဟုတ်လား"

"ရှင် ဘာသိလို့လဲ ကိုကျော့မောင်၊ ဒီမိန်းမက ဂျယ်လီ ပုဂ္ဂလိက စုံစမ်းထောက်လှမ်းရေးကလေ"

"ဘာ"

www.burmeseclassic.com



နက်နက်နီကို ဦးကျော့မောင် လုံးဝမယုံကြည်တော့ပေ။

နန္ဒ သွားခေါ်လာတာပဲ ဖြစ်မှာ။

"ဂျယ်လီ ဆိုတဲ့ မိန်းမက နင့်အစ်မ ဆိုတာလည်း မဟုတ်ဘူး၊ နင်တို့အေးဂျင့်ရဲ့ အကြီးအကဲပဲ၊ နန္ဒချစ်သူဟောင်း"

ဒေါ်စန္ဒီက မသက်သာဖြင့် နက်နက်နီရဲ့ ဓာတ်ပုံနှင့် အကြောင်းအရာတွေကို စုံစမ်းခိုင်းခဲ့မိသည်။

စောစောကမှ ...

ဖုန်းသတင်း ရခဲ့သည်။

နက်နက်နီက နာမည်ကြီးတဲ့ ...

မကောင်းမှု ဒုစရိုက်သမားတွေကို ဖယ်ရှားရှင်းလင်းတဲ့နေရာမှာ ကျော်ကြားသူတဲ့ ...

"ညည်းကို ဒီကနေ ထွက်သွားခွင့် မပြုနိုင်တော့ဘူး၊ ရှင်းပစ်ရမယ် နက်နက်နီ"

ဦးကျော့မောင်က ရုတ်တရက် နက်နက်နီရဲ့နောက်ကို ဖမ်းချုပ်လိုက်သည်။

"ရှင် ... ရှင်"

"မင်းကို ဒီအတိုင်း ထားလို့မဖြစ်တော့ဘူး နက်နက်၊ တို့ကို ဒုက္ခကောင်းကောင်းပေးမဲ့ ကောင်မ"

ဦးကျော့မောင် ဒီတစ်ခါတော့ အကြီးအကျယ် နပ်ပစ်ခံလိုက်ရသည်။

မိန်းမချောလေး တစ်ယောက်ရဲ့ လှည့်ကွက်ထဲကို တိုးဝင်သွားရ၏။



"ရှင့်ကို ကျွန်မ ပြောသားပဲ၊ မိန်းမတွေမြင်ရင် ငမ်းချင်တဲ့ ဝါသနာကို ပြင်ပါလို့"

"ဘာပဲဖြစ်ဖြစ် ဒီမိန်းမ တို့ကို ဘာလုပ်နိုင်မှာလဲ၊ သက်သေအထောက်အထားမှ မရှိတာပဲ"

နက်နက် မထင်မှတ်ပဲ အလစ်အငိုက် ခံလိုက်ရပြီဖြစ်သည်။

အခြေအနေကို စောင့်ကြည့်ရမည်။

ကိုသွေးရောင်ရော ...

အခန်းထဲကနေ အပြင်ထွက်တက်တဲ့ အလေ့အကျင့်မရှိပေ။

ဘယ်လိုလုပ်ရမလဲ ...

အသံဖမ်းစက်ကို မိသွားမှာပဲ စိုးမိသည်။

"ဒီကောင်မကို စတိုခန်းထဲမှာ ထားလိုက်၊ နောက်မှကြည့်ရှင်းမယ်"

မမဂျယ်လီ ရောက်လာတော့မယ် ဆိုတာ သူမ သိနေသည်။

အမြန်ရောက်ပါစေ ...

ကိုသုတ အတွက်ပဲ နက်နက် စိတ်အပူကြီး ပူနေမိသည်။

"လာစမ်း"

ဦးကျော့မောင် ဒေါသတကြီးနှင့် ဆွဲခေါ်လာခဲ့မိသည်။

စတိုခန်းထဲ ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ နင်က မာယာနဲ့ ငါ့ကိုစည်းရုံးသိမ်းသွင်းခဲ့တာပဲ၊ ကြည့်စမ်း ... ငါက အဟုတ်မှတ်ပြီး အတွင်းရေးတွေ ပြောမိတယ်"

ဦးကျော်မောင် တွေးမိတိုင်း ဒေါသတွေ အကြီးအကျယ် ထွက်နေမိသည်။

နက်နက်နီ ...

မိန်းမလည်မ ...

မြွေသွေးရောင်က ယောက်ျားတွေကို အလှမာယာနှင့် ဖြားယောင်း သွေးဆောင်ခဲ့သည်။

"ရှင် ... ရှင် ဒီဟာမကို ဘာတွေ ပြောလိုက်ပြီလဲ"

"သက်သေမှ မရှိတာပဲ"

"ဒီဟာမက အလည်မ၊ အသံတွေ ဖမ်းထားချင် ဖမ်းထားမှာ"

ထိုအသံ ကြားသည်နှင့် အသံဖမ်းစက်ကို အမှိုက်ပုံးထဲ ပစ်လိုက်မိသည်။

ဦးကျော်မောင်နဲ့ ဒေါ်စန္ဒီ အခန်းဝရောက်မှ ပြန်ငင်လာခဲ့ကြ၏။

"နင့်ကို ရှာရမယ်၊ ငါ့ကို အစ်အောက်မေးပြီး အသံဖမ်းချင် ဖမ်းထားမှာ"

နက်နက် တစ်ကိုယ်လုံးကို အသေအချာ ရှာတော့သည်။

"ငါရှာမယ်"

"ရှင် မထိနဲ့"



"ဘာလို့လဲ"

"ရှင် အသားယူမလို့"

"မိန်းမရယ် ... ဒီလိုကောင်မလေးမျိုးကို ယောက်ျားလက်ထဲ အပ်လိုက်စမ်းပါ၊ ကိုယ့်ယောက်ျား ဝါသနာကိုလည်း အသိသားနဲ့ကွာ"

"မဖြစ်ဘူး၊ တော်ကြာ ရှင်ပါ အဲဒီကောင်မဘက် ထပ်ပါသွားဦးမယ်"

ဒေါ်စန္ဒီကိုယ်တိုင် သူမ တစ်ကိုယ်လုံး ရှာတော့သည်။

မတွေ့ပေ ...

"ညည်းကို ရှင်းပစ်ရမယ်၊ ညည်းလည်တာလောက်ကတော့ စန္ဒီ အိပ်နေသလောက်ပဲ ရှိတယ်၊ ညည်းကို အမှုန့်ကြိတ်ပစ်ရမယ် နက်နက်နီ"

ပြောပြီး စတိုခန်းကို အပြင်မှ သော့ခတ်ပစ်လိုက်သည်။

ထွက်သွားကြ၏။

တော်ပါသေးရဲ့ ...

အသံဖမ်းထားတဲ့ တိတ်ခွေကို မမိသွား၍ပဲဖြစ်သည်။

မမျှော်လင့်ဘဲ လာပါတော့ ...

ကိုသုတ အတွက် စိတ်ပူတယ် ...

အမှောင်ခန်းထဲမှာ အနံ့အသက် ဆိုးပါးစွာဖြင့် ရင်ဆိုင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

ဗိုက်ဆာလိုက်တာ ...

သူမ ...

အခန်းထဲမှာ ပိတ်လှောင်ခံနေရတာ နှစ်ရက်ရှိသွား ပြီ ...

မမ ဘာတွေဖြစ်နေလဲ ...

ကိုသုတရော ...

သင်းတို့ ရှင်းပစ်လိုက်ပြီလား ...

ကိုသွေးရောင်ရော ...

ဒဏ်ရာနှင့် ဖြစ်သည်။

သူမကိုပဲ မုန်းတီးနာကြည်းသွားပြီလား ...

ကိုသွေးရောင်ရဲ့ မိဘတွေကို ထောင်ထဲပို့ရတော့မဲ့ မဖြစ်ပဲ။

မတတ်နိုင်ဘူး ...



တာဝန်အရပဲ ...

နက်နက် ဒီထဲရောက်နေတာ မမဂျယ်လီ သိနေ သည်။

လာကယ်မှာပါ ...

"ကျွီ"

အလင်းရောင်တန်းတစ်ခု ဝင်လာပြီး တံခါးပြန်ပိတ် သွားသည်။

ဝင်လာသူက ဦးကျော့မောင်။

"ဟင်း ဟင်း ဟင်း ... မင်းက တော်တော်ဉာဏ်ပြေးတာ ပဲ နက်နက်ရဲ"

ဦးကျော့မောင် အနားကပ်လာသည်။

"ရှင် ဘာယုတ်မာမလို့လဲ၊ ကျွန်မ အနားကို မကပ်နဲ့နော်"

အမှောင်ထဲမှာ ဘာမှမမြင်ရ ...

နက်နက် အနားသို့ ဦးကျော့မောင် ရယ်မောရင်း တိုးကပ်လာသည်။

"မင်းဟာ ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ၊ မင်းကို ငါ တကယ်လက်ထပ်ယူဖို့ ကြိုးစားတာပါ"

နက်နက် အသင့်အနေအထားနှင့် ရန်သူကို ရင်ဆိုင် ဖို့ ပြင်ဆင်လိုက်သည်။

ဦးကျော့မောင် လောက်တော့ အပျော့ပဲ။

အနားကပ်လာခဲ့စမ်း ,...

တဖြည်းဖြည်း ...

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကျင့်သားရလာ၍ ဦးကျော့မောင် အနားကပ်လာတော့သည်။

"နက်နက် ... မင်းကို ချစ်တယ်၊ မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးပဲ ... ဟဲ ဟဲ ဟဲ"

ဦးကျော့မောင်ရဲ့ လက်တွေက သူမ ခန္ဓာကိုယ်ပေါ် ရောက်လာသည်။

"ဖိုး"

"ဒုတ်"

"အား"

ဦးကျော့မောင် ကိုယ်ကြီး ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားသည်။

နက်နက် မျက်လုံးတွေက အကျင့်ရပြီး ဖြစ်နေ၏။

တံခါးဝသို့ ရောက်သွားပြီး ချက်ကိုဖွင့်ပြီး ထွက်ပြေးလာခဲ့သည်။

အပြင်ရောက်လာ၏။

"ကောင်မ ... နင်အပြင်ကို ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ"

ဒေါ်စန္ဒီ ထိတ်ထိတ်ပျာပျာနှင့် သူမနောက် လိုက်သည်။

ဂျင်မလည်း လိုက်လာ၏။

နက်နက်ကတော့ လွတ်အောင်ပဲ ပြေးထွက်လာခဲ့မိသည်။



"ကောင်မကို မိအောင်ဖမ်းစမ်း၊ လွတ်သွားရင် တို့တွေ ထောင်ထဲကို ရောက်ကုန်မှာ"

သူမ ထွက်ပြေးလာမိသည်။

လမ်းမှာ ...

ကိုသွေးရောင်နှင့် တွေ့သည်။

"မေမေနဲ့ ကျွန်မ ဘယ်လိုဖြစ်လာတာလဲ"

"သား ... နက်နက်နီဆိုတဲ့ ကောင်မနဲ့ ကိုကျော့မောင်ကို အခန်းထဲမှာ မိလို့ မေမေတို့ လိုက်ဖမ်းနေတာ"

ကိုသွေးရောင်နှင့် ဆုံမိလိုက်စဉ် သူမ ခြေလှမ်းတွေ တွန့်သွားသည်။

ရှင်းပြဖို့ အချိန်မရတော့ ...

လစ်မှ ...

"နက်နက်"

"ဟင်"

သူမ လက်တွေကို ဆတ်ခနဲ ဆုပ်ကိုင်ထားလိုက်မိသည်။

"မင်း ဘာလုပ်တာလဲ"

နက်နက် ရှန်းထွက်ပြီး ပြေးရန်ပဲ ကြိုးစားမိသည်။

ဒေါ်စန္ဒီတို့ ရောက်လာပြီး သူမအား ဖမ်းချုပ်လိုက်ကြ၏။

"ကောင်မ လာစမ်း"

ကိုသွေးရောင်က သူမကို ထားခဲ့ပြီး ပြန်လှည့်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ ... ညည်း တော်တော် လျင်တာပဲ၊ ညည်းကို ကျုပ်တို့ လက်လွှတ်ခံလို့ မဖြစ်ဘူး"

ဒေါ်စန္ဒီနှင့် ဂျင်မကို ဖယ်ထုတ်ပြီး ထွက်ပြေးဖို့ ကြိုးစားစဉ် မမဂျယ်လီနှင့် ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာသည်။

"နက်နက်ရီ"

"ဟင် ... မမဂျယ်လီ"

ဒေါ်စန္ဒီက လွှတ်ပေးလိုက်သည်။

"ညည်းတို့ ရဲတွေကို ဘာလို့ ခေါ်လာရတာလဲ၊ ကျုပ်တို့မှာ ဘာအပြစ်မှ မရှိဘူး"

ဒေါ်စန္ဒီ မလုံမလဲနှင့် ပြောလိုက်သည်။

"နက်နက်မှာ သက်သေအထောက်အထား ရှိတယ်"

"ဟင်"

"အသံဖမ်းထားတဲ့အခွေ ရှိတယ်"

ဒေါ်စန္ဒီ့ မျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။

နက်နက်က စတိုခန်းထဲဝင်ပြီး အခွေကို ရှာနေမိ၏။

အခွေတွေ့ပြီ ...

ဦးကျော့မောင်ကတော့ အခန်းထဲမှာ မှောက်နေဆဲပင်။

သက်ဆိုင်ရာတွေက အခွေကို ဖွင့်ကြည့်ပြီး ဦးကျော့မောင်နှင့် ဒေါ်စန္ဒီတို့အား ဖမ်းလိုက်ကြတော့သည်။

ကိုသွေးရောင် ရောက်လာ၏။

အဖြစ်အပျက်တွေ အားလုံးကို သိလိုက်ရတော့ အံ့သြတုန်လှုပ်သွားရသည်။



ကိုသုတ အခန်းရောက်သွားတော့ စိတ်ဝေဒနာ ပြန်ဖောက်နေ၏။

"နက်နက်"

"ရှင်"

"ကျေးဇူးတင်ပါတယ်"

အိမ်တော်စိုးကြီးက နက်နက်အား ကျေးဇူးတင်စကား ပြောသည်။

"မောင်သုတကို ရန်ကုန်ခေါ်သွားပြီး ဆေးကုရမယ်၊ နက်နက်ပဲ စီစဉ်ပေးပါဦးနော်"

"စိတ်ချပါ အိမ်တော်စိုးကြီး၊ ကျွန်မ စီစဉ်ပေးပါ့မယ်နော်"

မြကလျာကတော့ ရှက်လွန်း၍ ငိုကြွေးနေတော့သည်။

ကိစ္စတွေအားလုံး ပြီးဆုံးသွားသည်။

မမဂျယ်လီက အလုပ်ကိစ္စတွေ ရှိသေး၍ ရန်ကုန်ကို အရင်ပြန်နှင့်သွား၏။

နက်နက်က ကိုသုတ ကိစ္စနှင့် မြသွေးရောင်မှာ ခဏနေပေးရသည်။

အိမ်တော်စိုးကြီးရဲ့ တောင်းဆိုချက်ပါ ...

ကိုသွေးရောင်နှင့်လည်း တွေ့ဆုံဖို့ နက်နက် မကြိုးစားမိတော့ပေ။

ရှင် ...

ကျွန်မကို မုန်းနေမှာပါ ...

www.burmeseclassic.com

www.burmeseclassic.com



ရှင့်အမေကို ထောင်ထဲပို့လို့လေ ...

မြကလျာကတော့ ရှက်တာကလွဲပြီး နက်နက်ကို အပြစ်မတင်ပေ ...

လေးလေးသုတကို ရောဂါပျောက်အောင် တာဝန်ယူပြီး ကုပေးပါတဲ့ ...

နက်နက် သတိရတမ်းတနေမိတာကတော့ ကိုသွေးရောင်ပဲ ဖြစ်သည်။

ဒါပေမဲ့ ...

ရှင်နဲ့ကျွန်မက အဝေးကြီး ဝေးသွားမှာပါ။

"နက်နက်"

"ဟင်"

သူမ ...

နောက်ကျောဘက်ဆီမှ အသံကြောင့် သူမ အထိတ်တလန့် လှည့်ကြည့်မိသည်။

ကိုသွေးရောင် ရယ်ပါ။

"ဟင် ... ကိုသွေးရောင်"

"ကိုယ် နက်နက်ကို တောင်းပန်ရင်းနဲ့ ကျေးဇူးတင်စကားတွေ ပြောချင်လို့ပါ"

"ရှင်"

"နက်နက်လို မိန်းကလေးတစ်ယောက်အပေါ် ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ မိန်းကလေးတစ်ယောက်လို့ အထင်လွဲမိတယ်၊ တကယ်တော့ နက်နက်က လေးစားသင့်တဲ့ မိန်းကလေးပါ"



မိဘတွေအတွက် နက်နက်ကို အပြစ်မတင်မိပေ။

ရှက်တောင် ရှက်မိနေသည်။

ကိုယ် ဘယ်လိုပြောရမလဲ ...

မင်းကို လေးစားပါတယ် နက်နက် ...

ပြီးတော့ ...

သူ ...

လက်ထပ်ခွင့် တောင်းခဲ့တာကို သတိရလာမိသည်။

မေမေတို့ လုပ်ရပ်ကြောင့် တောင်းဆိုခွင့် မရှိတော့ဟု ထင်မိလာရ၏။

"ကိုသုတ"

"ပြောပါ နက်နက်"

"လေးလေးသုတ ဆေးကုဖို့ ရန်ကုန်သွားရင် ရှင်လည်း လိုက်ခဲ့ပါလား"

"နက်နက် ကိုယ့်ကို တကယ်ပဲ ခေါ်မှာလား"

"အင်း"

"ကိုယ့်မေမေကြောင့် မင်း ကိုယ့်ကို အထင်သေးနေမှာပဲ ကိုယ်စိုးရိမ်တာပါ"

"ဟင့်အင်း ... ရှင် ကျွန်မကို မုန်းတီးနာကြည်းသွားမှာပဲ ကျွန်မ စိုးရိမ်မိနေတာပါ"

"နက်နက်"

"ရှင်"

"နက်နက်ကို ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့အကြည့်တွေအောက်မှာ နက်နက် ရှက်ရွံ့စွာဖြင့် ခေါင်းလေးကို ငုံ့ထားပစ်လိုက်မိတော့သည်။

အားလုံးကို ချစ်ခင်လေးစားစွာနဲ့

ထာဝရဆယ်ကမ္ဘာ

ကျေးဇူးတင်လျက်ပါပဲလို့

နိုက်ငြိုးဇင်

BURMESE CLASSIC
www.burmeseclassic.com